မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၆၈)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

၂၀၁၆ ခုနှစ်၊ မတ် ၁၇ ရက်၊ တနင်္လာနေ့။

ဒို့တာဝန်အရေး (၃) ပါး

- ❐ ပြည်ထောင်စု မပြိုကွဲရေး။
- ❐ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❐ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်ပြီး စစ်မှန်သောထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရန် သန္နိဋ္ဌာန်ချမှတ်ထား

နေပြည်တော် မတ် ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် အထူးလေယာဉ်ခရီးဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✳

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

☆ မည်သည့်ဘက်မှ ထိခိုက်ဆုံးရှုံးသည်ဖြစ်စေ ထိုဆုံးရှုံးခြင်းသည် တိုင်းပြည်အတွက် ဆုံးရှုံးရခြင်းပင်ဖြစ်။ နိုင်ငံအကြီးအကဲဖြစ်သည့် မိမိအနေဖြင့် အားလုံးအတွက်ဝမ်းနည်းကြေကွဲခဲ့ရ။

☆ ထိုဖြစ်စဉ်များနှင့်ပတ်သက်ပြီး မည်သူမှန်သည်၊ မည်သူမှားသည်ဆိုပြီး ပြစ်တင်ရှုတ်ချမည့်အစား ထိုဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်ရပ်များကို သင်ခန်းစာယူပြီး နှစ်ဦးနှစ်ဖက် မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်မည်ဆိုသည့် နည်းလမ်းကို အဓိကထားရှာဖွေကြဖို့ တိုက်တွန်းလို။

ပင်လယ်တွင်းကမြို့အား မဟာပျူဟာကားလမ်းများနှင့် ဆက်သွယ်ပေးမည့် ဟိုင်းကြီးကျွန်းတံတား

သတင်းဆောင်းပါး-ခရမ်းစိုးမြင့်၊ ဓာတ်ပုံ-ကျော်မိုးလွင်

ဟိုင်းကြီးကျွန်းတံတားတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီးပြီး ဒေသတွင်းမှ လူနှင့်ကားများပါ ကူးသန်းသွားလာမောင်းနှင်ခွင့်ပြုလိုက်ပြီဖြစ်၍ ဝမ်းသာနေကြသည်ဟု သတင်းစကားကြားရသဖြင့် ကျွန်တော်သည် ဓာတ်ပုံသတင်းထောက် ကျော်မိုးလွင်နှင့်အတူ မတ်လဒုတိယပတ်အတွင်းက တံတားစီမံကိန်းတည်ရှိရာ ဟိုင်းကြီးကျွန်းသို့ သွားရောက်ခဲ့သည်။

ကျွန်တော်တို့ခရီးစဉ်တွင် မော်တင်စွန်းဘုရားပွဲတော်နှင့် တိုက်ဆိုင်နေသဖြင့် ပုသိမ်သို့ ကားလေးတစ်စီးဖြင့်လာခဲ့ပြီး ပုသိမ်ဆိပ်ကမ်းမှ မြတ်မော်တင်စွန်းဘုရားပွဲတော်သို့ အထူးအစီအစဉ်ဖြင့်ပြေးဆွဲပေးနေသည့် သုံးထပ်ရှပ်ပြေးယာဉ် ရွှေစင်ကြယ်နှင့် လိုက်ခဲ့သည်။ ရေယာဉ်အလယ်ထပ်တွင် Air Con အိပ်ခန်းနှင့် လိုက်ခဲ့ရ၍ သက်သောင့်သက်သာရှိပြီး ကျန်းမာရေးအတွက်လည်း ပင်လယ်လေကို ရှူခွင့်ရခဲ့သည်။

ဟိုင်းကြီးကျွန်းဆိုသောအမည်သည် ယခင်က ရန်ကုန်တိုင်းသား ကျွန်တော်နှင့် လုံးဝစိမ်းနေခဲ့သော်လည်း ၂၀၀၈ ခုနှစ် နာဂစ်အပြီးတွင် ဒုက္ခပင်လယ်တွင်းက မြို့တစ်မြို့အဖြစ် သိလာခဲ့ရသည်။ နိုင်ငံတော်အစိုးရက ခမောက်မော်ဘက်ကမ်းနှင့်ဆက်၍ တံတားတည်ဆောက်ပေးတော့မည်ဟု သိရကတည်းက ဝမ်းသာပီတိဖြစ်နေမိသည်။

စာမျက်နှာ ၅ ကော်လံ ၁ ✻

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပူဇော်ထိုက်သူကို ပူဇော်ခြင်းမင်္ဂလာ

ကျွန်ုပ်တို့နိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည့်အလျောက် ဗုဒ္ဓသာသနာအရှည်ထွန်းကားပြန့်ပွားစေရန် သာသနာကို ချီးမြှောက်အားပေးလျက်ရှိပါသည်။ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းသည် သာသနာအဓွန့်ရှည်တည်တံ့ပြန့်ပွားအောင် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် "ပူဇာစ ပူဇနေယျာနံ" ပူဇော်ထိုက်သူကို ပူဇော်ခြင်းပင်ဖြစ်ပါသည်။ ဤသို့ပူဇော်ခြင်းမှာလည်း မင်္ဂလာတစ်ပါးပင်ဖြစ်ပါသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းရာတွင် မြန်မာ့သာသနာသမိုင်း၌ ပုဂံခေတ်မှအစပြု၍ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်သို့တိုင်အောင် ခေတ်အဆက်ဆက်သာသနာကို ကြည်ညိုကြသော ရှေးမြန်မာမင်းများက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂပဏ္ဍိတ၊ ဒိသာပါမောက္ခ၊ သိရီမဟာစတုရင်္ဂဗလ၊ သုဓမ္မမဟာသာမိ၊ ရာဇဂုရု၊ မဟာဓမ္မရာဇဂုရု၊ မဟာဓမ္မရာဇာဓိရာဇဂုရု၊ ဓမ္မသေနာပတိအစရှိသည့် ဘွဲ့တံဆိပ်တော်များနှင့် ပထမစာတော်ချ၊ ဒုတိယစာတော်ချ၊ တတိယစာတော်ချစသည့် ဘွဲ့တံဆိပ်တော်များကို သာသနာတော်တွင်ထူးခြားထင်ရှားသော ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

ထို့အတူ လက်ရှိနိုင်ငံတော်အစိုးရ လက်ထက်တွင်လည်း သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ နှစ်စဉ်ဆက်ကပ်လှူဒါန်းလျက်ရှိပါသည်။ ဗုဒ္ဓမြတ်စွာနှင့်ရှေးသာသနာပြုမင်းအစိုးရတို့၏ ထုံးနည်းစနစ်ကို လိုက်နာကျင့်သုံးလျက် ဗုဒ္ဓသာသနာတော်၌ ပရိယတ္တိတာဝန်၊ ပဋိပတ္တိတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်တော်မူကြသည့် ပြည်တွင်းပြည်ပမှ ဆရာတော်သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီးများနှင့်ဗုဒ္ဓသာသနာတော်အား ထူးကဲစွာ ထောက်ပံ့လှူဒါန်းပူဇော်ခဲ့ကြသည့် ဥပါသကာ၊ ဥပါသိကာမတို့အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်လျက်ရှိရာ မတ် ၁၅ ရက်က နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်ရှိသာသနာ့မဟာဗိမာန်တော်ကြီး၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ ကျင်းပခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် တာဝန်ရှိသူများတက်ရောက်ကာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ဤအခမ်းအနားတွင် ပြည်တွင်းဘွဲ့ခံဆရာတော် ၁၀၈ ပါး၊ ပြည်ပဘွဲ့ခံဆရာတော် ၁၅ ပါး စုစုပေါင်း ၁၂၃ ပါး၊ သီလရှင်ဆရာကြီးကိုးပါး၊ လူပုဂ္ဂိုလ်အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ၁၃ ဦးတို့အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ခဲ့ပါသည်။

ဤကဲ့သို့ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ခဲ့ရာတွင် အင်္ဂလိပ်လက်ထက်က အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်တစ်မျိုးတည်းကိုသာ ဆက်ကပ်ခဲ့ပြီး ယင်းဘွဲ့ကို မုံရွာမြို့လယ်တီဆရာတော်ကြီးက ပထမဆုံးရရှိတော်မူခဲ့ပါသည်။ လွတ်လပ်ရေးရပြီးခေတ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်သာမက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုပါ ဆက်ကပ်ခဲ့ကြောင်း သိရပါသည်။ တပ်မတော်အစိုးရလက်ထက်တွင် ယခင်ဆက်ကပ်ခဲ့သည့် ဘွဲ့တံဆိပ်တော်နှစ်မျိုးအပြင် သာသနာပြုရဟန်းတော်ဘွဲ့လေးမျိုး၊ ကမ္မဋ္ဌာန်းဘွဲ့သုံးမျိုး၊ ဓမ္မကထိကဘွဲ့နှစ်မျိုး၊ စာချဘွဲ့သုံးမျိုး၊ လူပုဂ္ဂိုလ်သာသနာပြုဘွဲ့ အမျိုးသားလေးမျိုး၊ အမျိုးသမီးလေးမျိုး စုစုပေါင်းဘွဲ့ ၂၂ မျိုးဆက်ကပ်ခဲ့ပါသည်။ ဤသို့ သာသနာဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်ခြင်းဖြင့် ပဋိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာသုံးရပ် အစဉ်ထွန်းကားလျက် ဗုဒ္ဓသာသနာသည်လည်း ကမ္ဘာတည်သရွေ့ ဆက်လက်ပြန့်ပွားကာ နေလို လလို ထွန်းပနေဦးမည်သာဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

(၆၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ☆ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ☆ နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးအခန်းကဏ္ဍတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှု၌ တစ်တပ်တစ်အား ဝိုင်းဝန်းကူညီဆောင်ရွက်ရေး။
- ☆ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် စုစည်းညီညွတ်သော ပြည်ထောင်စုကိုအခြေခံ၍ တည်ငြိမ်အေးချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာ၌ တက်ကြွစွာပူးပေါင်းဆောင်ရွက်ရေး။

ပြည်ထောင်စုဝန်ကြီးဦးဇေယျာအောင် ရေနံမြေများကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၆

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် မတ် ၁၃ ရက် နံနက်ပိုင်းက အမှတ်(၂) ဓာတ်မြေဩဇာစက်ရုံ (ကျွန်းချောင်း)နှင့် ရေနံဓာတ်ငွေ့ရည်စက်ရုံ (ကျွန်းချောင်း)စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့်တာဝန်ရှိသူများအား စက်ရုံပြန်လည်စတင်လည်ပတ်ရေးအတွက် ဆောင်ရွက်ရာတွင် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ဖြင့် အပိုင်းလိုက်စစ်ဆေးပြီး လည်ပတ်သွားရန်နှင့် စက်ရုံ၏ ကြံ့ခိုင်မှုထိန်းသိမ်းခြင်းကို ပုံမှန်စနစ်တကျဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကျောက်ခွက်လက်ပံတိုရေနံမြေ၌ အရာထမ်းများနှင့်တွေ့ဆုံ၍ ရေနံမြေအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချရေးကိစ္စရပ်များအား အလေးထားဆောင်ရွက်သွားကြရန်၊ ဘဏ္ဍာနှစ်အလိုက် ထုတ်လုပ်မှုလျာထားချက်များကို နည်းပညာပိုင်းဆိုင်ရာ သေချာစွာတွက်ချက်၍ ဆောင်ရွက်သွားရန်၊ လုပ်ငန်းခွင်ဧရိယာများ သတ်မှတ်ရာတွင် နည်းပညာပိုင်း၊ လုံခြုံမှုအပိုင်းများအရ သတ်မှတ်ထားသည့် အနည်းဆုံးလိုအပ်ချက်များကိုသာ ကျစ်လျစ်သိပ်သည်းစွာ ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက နေရှင်နယ် ၅၅ စက်အမှတ် (၃) တွင်းတူးစက်ဖြင့် တူးဖော်လျက်ရှိသော လက်ပံတိုတွင်း အမှတ် (၁၁၅) တူးဖော်နေမှု၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် GIS ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော လက်ပံတိုရေနံတွင်းအမှတ်(၇)တွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံး စတင်ဆောင်ရွက်ခဲ့သော USRHD စနစ်ဖြင့် စမ်းသပ်တူးဖော်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကျောက်ခွက်၊ လက်ပံတို၊ အရာတော်ရေနံမြေအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရေနံစိမ်းထုတ်လုပ်မှုရည်မှန်းချက် အမေရိကန်စည် ၂၇၃၅၉၉ လျာထားခဲ့ရာ ဖေဖော်ဝါရီလကုန်အထိ ရေနံစိမ်းအမေရိကန်စည် ၂၉၇၈၅၄ ထုတ်လုပ်နိုင်ခဲ့ပြီး ရည်မှန်းချက်၏ ၁၀၉ ရာခိုင်နှုန်းထိ ထုတ်လုပ်ထားနိုင်ခဲ့ကြောင်း သိရှိရသည်။

မတ် ၁၄ ရက် နံနက်ပိုင်းတွင် ကျောက်ခွက်ရေနံမြေ၌ တူးဖော်လျက်ရှိသော S. ၂၅ တွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ချောက်ရေနံမြေဆေးရုံသို့ရောက်ရှိကာ ဆေးရုံအနေဖြင့် ချောက်ရေနံမြေရှိ ဝန်ထမ်းများသာမက ဒေသခံပြည်သူများကိုပါ အထောက်အကူဖြစ်စေသည့် ဆေးရုံတစ်ခုဖြစ်စေရန် ကြိုးပမ်းသွားရေး မှာကြားခဲ့သည်။

အကျိုးတူပူးပေါင်း

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်နှင့် ရေနံချောင်းရေနံမြေတို့တွင် အကျိုးတူပူးပေါင်းဆောင်ရွက်နေသော Gold Patrol ရေနံ ကုမ္ပဏီသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း လူမှုစီးပွားအထောက်အကူပြုလုပ်ငန်း အစိတ်အပိုင်းအဖြစ် ချောက်ရေနံမြေဆေးရုံသို့ ခေတ်မီသွားစိုက်ထိုင်ခုံ၊ ရေသန့်စနစ်မွေးခန်း၊ ခွဲစိတ်ခန်းအဆင့်မြှင့်တင်ရေးနှင့် ပစ္စည်းကိရိယာဖြည့်တင်းရေးလုပ်ငန်းများအတွက် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂန္ဓဝင်ရွှေပုံ
Travels & Tours
No.67, Baho Rd,Sanchaung,Ph: 01-500191,519292, 510218,510491,519300,519360,09-73003772
E/1,35Rd,Bet 72 x 73 Street, Mandalay
Ph: 09-73013856,09-31693339
4 Star Hotels နှင့် All Included
သင်္ကြန်ခရီးစဉ်များ

ဗန်ကောက်	USD 650	ဘာလီ	USD1000	ဘူတန် + တိဗက် + နီပေါ	USD3800
ဖူခက်	USD1000	ဘာလီ + စင်ကာပူ	USD1450	ဂျပန်	USD 3200
ဗန်ကောက် + ဖူခက်	USD1100	ဘာလီ + စင်ကာပူ + မလေးရှား	USD1750	ကိုရီးယား	USD 2100
ဗန်ကောက် + ချင်းမိုင်	USD1100	ထိုင်ဝမ်	USD2600	ကိုရီးယား + ဂျပန်	USD 3400
ဗန်ကောက် + ကမ္ဘောဒီးယား	USD1000	ဝီကင်း + ရှန်ဟိုင်း + ကူမင်း	USD1750	ရုရှား	USD 4000
ဗန်ကောက် + စင်ကာပူ + မလေးရှား	USD1550	ကူမင်း + တာလီ + ရှန်ဂရီလာ	USD1700	ဒူဘိုင်း	USD 2400
စင်ကာပူ	USD 950	ဟောင်ကောင် + မကာအို	USD1650	စပိန် + ပေါ်တူဂီ	USD 4700
စင်ကာပူ + မလေးရှား	USD1350	ပီနန် + လန်ကာဝီ	USD1200	အင်္ဂလန် + စကော့တလန်	USD 4800
ဗီယက်နမ်	USD 850	မော်လဒိုက်	USD2250	ဥရောပနိုင်ငံကြီး(၈)နိုင်ငံ	USD 5000
ဗီယက်နမ် + ကမ္ဘောဒီးယား	USD1450	သီရိလင်္ကာ	USD1400	နော်ဝေး + ဆွီဒင် + ဖင်လန် + ဒိန်းမတ်	USD 5300
ကမ္ဘောဒီးယား + လာအို	USD1400	မော်လဒိုက် + သီရိလင်္ကာ	USD3000	ဩစတြေးလျ	USD 4500
Cruise(စင်ကာပူ + ဖူခက် + လန်ကာဝီ)	USD1900	ဗုဒ္ဓဂယာ	USD1350	အမေရိကန်	USD 7700

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်အဖွဲ့ မြန်မာ-ဗြိတိန် စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးမှုခရီးစဉ်မှ ပြန်လည်ရောက်ရှိ

နေပြည်တော် မတ် ၁၆

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗြိတိသျှကောင်စီ၏ ဖိတ်ကြားချက်အရ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လေ့လာရန်အတွက်လည်းကောင်း၊ လူမှုရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လေ့လာရန်အတွက် လည်းကောင်း မတ် ၉ ရက်မှ ၁၃ ရက်အထိ United Kingdom နိုင်ငံသို့ သွားရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မတ် ၁၀ ရက် နံနက်ပိုင်းတွင် United Kingdom ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဌာနသို့ သွားရောက်ခဲ့ရာ အဆိုပါဌာနမှ တာဝန်ရှိသူများက United Kingdom ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ United Kingdom နိုင်ငံ၏ ကုန်သွယ်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးအတွက် ၂၀၂၀ ပြည့်နှစ်အထိ လျာထားဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ အဆိုပါလျာထားချက်များ အောင်မြင်စေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများကို ဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Minister of State for International Development မှ Right Honourabal Alan Duncan နှင့်တွေ့ဆုံခဲ့ရာပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ဖွံ့ဖြိုးမှုနှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ်များတွင် United Kingdom နိုင်ငံနှင့် DFID တို့က အကူအညီအထောက်အပံ့များပေးနေခြင်းကို ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပေါ်ပေါက်စေမည့် လုပ်ငန်းစဉ်များကို ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဆွေးနွေး၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကိုဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့မှတစ်ဆင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် United Kingdom နိုင်ငံ အထက်လွှတ်တော်(The House of Lords) ၌ လွှတ်တော်အမတ် Baroness Glenys Thornton က United Kingdom နိုင်ငံတွင်စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာ၌ လူမှုရေးဆိုင်ရာ အကျိုးအမြတ်ပေါ်ထွန်းရေးကိုပါ ထည့်သွင်းကာ အသွင်သစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့်အနေအထားများကို လည်းကောင်း၊ အဆိုပါအစီအစဉ်တွင် အစိုးရနှင့်ပုဂ္ဂလိကတို့က ပူးပေါင်းပါဝင်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဆွေးနွေးချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် မထိခိုက်ရေး အလေးပေးစီးစားဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် အထက်လွှတ်တော်အမတ် Lord Sassoon က United Kingdom နိုင်ငံ အထက်လွှတ်တော်၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကိစ္စများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး အထက်လွှတ်တော် အဆောက်အအုံအတွင်း လှည့်လည်ပြသခဲ့သည်။ ထို့မှတစ်ဆင့် Minister for Civil Society, Mr. Nick Hurt အား သွားရောက်တွေ့ဆုံခဲ့ရာ ၎င်းက United Kingdom နိုင်ငံ၏လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်မှု ၎င်းအဖွဲ့အစည်းများက လူမှုရေးဆိုင်ရာကိစ္စများတွင်ပါဝင်ဆောင်ရွက်နေမှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်နေပုံအသေးစိတ်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက United Kingdom နိုင်ငံ၏လူမှုရေးဆိုင်ရာ တာဝန်ယူမှုရှိသောစီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍သိရှိလိုသည်များကို မေးမြန်းကာ အမြင်ချင်းဖလှယ်ညှိနှိုင်းဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် Standard Chartered Bank မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ နှစ်နိုင်ငံဘဏ္ဍာရေးဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ဘဏ္ဍာရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြခဲ့ပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ နှစ်ဖက်အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့သည်။

မတ် ၁၁ ရက် နံနက်ပိုင်းတွင် United Kingdom နိုင်ငံတွင် စီးပွားရေးလုပ်ငန်း လုပ်ဆောင်လျက်ရှိကြသည့် ကုမ္ပဏီများမှ CEO၊ အကြီးအကဲများနှင့် တွေ့ဆုံ၍ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခြေအနေများ၊ မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှုဆိုင်ရာအခြေအနေများ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက်မြှင့်တင်ဆောင်ရွက်ရေးနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးကာ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်၍ နိုင်ငံခြားရေးဝန်ကြီး၏ ရာသီဥတုပြောင်းလဲမှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အထူးကိုယ်စားလှယ် Sir David King နှင့်လည်းကောင်း၊ Infrastructure UK, Intenational Unit မှ တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ဘဏ္ဍာရေးဝန်ကြီးဌာန (Treasury) ဌာန၌ United Kingdom နိုင်ငံ၏အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် အခြေအနေများကိုလည်းကောင်း၊ အစိုးရ၏ မူဝါဒများကိုလည်းကောင်း လေ့လာကာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

မတ် ၁၂ ရက်တွင် Foreign and Commonwealth Office Senior Minister of State at the Foreign and Commonwealth Office ဖြစ်သူ Baroness Warsi အပါအဝင် တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသည့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ဖြစ်ပေါ်တိုးတက်မှုများ၊ တိုင်းရင်းသားလူမျိုးများ အရေးနှင့်ပတ်သက်၍ အစိုးရက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ United Kingdom နိုင်ငံက အကူအညီပေးလျက်ရှိသည့် အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ပြီး မြန်မာနိုင်ငံအပေါ် အကူအညီအထောက်အပံ့ပေးမည့် ကိစ္စများ၊ မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး အခြေအနေများနှင့် ပတ်သက်၍ တိုးတက်ဖြစ်ပေါ်မှုများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင်Olympic Aquatics Centre၌အိုလံပစ်ကာလအတွင်း အသုံးပြုခဲ့သည့် အားကစားကွင်း၊ ရုံ၊ ရေကူးကန်နှင့် ဆက်စပ်အားကစားလေ့ကျင့်ရေးရုံများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းမှဝင်ငွေရရှိရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)
စိတ်ပါဝင်စားမှုဖော်ပြချက်စာစောင် (Expression of Interest)
မီဒီယာလုပ်ငန်းဗဟိုဌာန တည်ဆောက်ရေးဆိုင်ရာစီမံကိန်း
(MEDIA HUB PROJECT)

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) ပရိဝုဏ်အတွင်း၌ရှိသော အောက်ဖော်ပြပါ မြေကွက်နှစ်နေရာတွင် မီဒီယာလုပ်ငန်းဗဟိုဌာနဆောက်လုပ်လိုပါသဖြင့် စိတ်ဝင်စားသော ပြည်တွင်းပြည်ပကုမ္ပဏီများ၊ ပြည်တွင်းပြည်ပ အကျိုးတူဖက်စပ်ကုမ္ပဏီများမှ အဆိုပြုလွှာများ တင်ပြနိုင်ရန်လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်-

(က) တည်နေရာ — ပြည်လမ်းနှင့် ဟံသာဝတီလမ်းထောင့်တွင်ရှိသော (MRTV)ဝင်းအတွင်းရှိ တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းတွင် တည်ရှိသော မြေကွက်နှစ်နေရာ၊

(ခ) အကျယ်အဝန်း — မြောက်ဘက်ခြမ်းရှိ မြေကွက်သည် ၂ ဒသမ ၁၁၅ ဧကခန့်ကျယ်ဝန်းပြီး တောင်ဘက်ခြမ်းရှိ မြေကွက်သည် ၂ ဒသမ ၅၂၇ ဧကခန့် ကျယ်ဝန်းပါသည်။

၂။ ဤလုပ်ငန်းစဉ်အတွက် အသင့်လျော်ဆုံးသော ပုဂ္ဂလိကလုပ်ငန်းရှင်အဖွဲ့အစည်းကိုရွေးချယ်ရန်အတွက် အောက်ဖော်ပြပါအတိုင်း အဆင့်(၂)ဆင့်ခွဲ၍ ဆောင်ရွက်ရွေးချယ်သွားမည်ဖြစ်ပါသည်-

(က) အဆင့်(၁) Expression of Interest (EOI)Stage ;စိတ်ပါဝင်စားမှုဖော်ပြချက်စာစောင် (EOI) တင်ပြရန်ဖိတ်ခေါ်ခြင်း။

(ခ) အဆင့်(၂) Request for Proposal (RFP)Stage; ပဏာမအဆင့်တွင် ရွေးချယ်ခံရသော ပုဂ္ဂလိကလုပ်ငန်းရှင်အဖွဲ့အစည်းများထံမှ အဆိုပြုစာတင်ပြရန် Proposal ဖိတ်ခေါ်ခြင်း။

၃။ စိတ်ပါဝင်စားသူများမှလုပ်ငန်းအတိုင်းအတာဆိုင်ရာ အချက်အလက်များ၊ စိတ်ဝင်စားမှုစာစောင်တင်ပြရန် စည်းမျဉ်းစည်းကမ်းများနှင့် အခြားအသေးစိတ်အချက်အလက်များသိရှိလိုပါက mrtv.media,hub. mm@mm.pwc.com သို့ အီးမေးလ်မှတစ်ဆင့် ဖြစ်စေ pwc ၏ Director (Advisory) ဒေါ်သဇင်အောင် ဖုန်း+၉၅၁၃၇၈၆၆၁ သို့ဖြစ်စေ ၂၀၁၄ ခုနှစ် မတ် ၂၁ ရက်နောက်ဆုံးထား၍ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

WINNER ၂၀၁၄ သင်္ကြန်နှစ်သစ်ကူးအကြို အစည်ကားဆုံးနှင့်အခမ်းနားဆုံးကျင်းပမည့်
မကွေးမြို့ ကုန်စည်ပြပွဲနှင့် ကားပြပွဲကြီး
(29-3-2014 မှ 2-4-2014) မကွေးမြို့ (မြို့တော်ခန်းမ) PH : 09 517 3076, 09 50 31660, 09 2500 58306, 09 250660119

နိုင်ငံတကာသတင်း

ဒမတ်စကတ်အနီး တိုက်ပွဲများ၌ ဆီးရီးယားတပ်များအသာစီးရနေ

ဒမတ်စကတ် မတ် ၁၆

ဒမတ်စကတ်ရှိ ယာဘရောက်မြို့၌ ပြည်ပကျောထောက်နောက်ခံပြုထားသည့် စစ်သွေးကြွများအား တိုက်ခိုက်သည့်တိုက်ပွဲအတွင်း ဆီးရီးယားစစ်တပ်က ပိုမိုအနိုင်ရအောင် တိုက်နိုင်ခဲ့ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အဆိုပါမြို့ တောင်ပိုင်းဒေသအများစုကို ဆီးရီးယားတပ်များက ထိန်းချုပ်ထားပြီးဖြစ်ကြောင်း၊ သို့ရာတွင် စစ်တပ်နှင့် စစ်သွေးကြွများ တိုက်ပွဲများဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

ဆီးရီးယားစစ်တပ်က တောင်တန်းထူထပ်သော ကွာလာမွန်ဒေသ၌ ဆက်လက်ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိရာ လွန်ခဲ့သောရက်များအတွင်း စစ်သွေးကြွအများအပြား သေဆုံးခဲ့သည်။ ဆီးရီးယားစစ်တပ်က အယ်လ်အာမဲလ်ဆေးရုံ၊ အော်တိုဒြေ့ချတ်ဘုရားကျောင်းနှင့် စက်မှုဇုန်တစ်ခုကို ထိန်းချုပ်ထားသကဲ့သို့ မဟာဗျူဟာကျသော မာမာရွှန်းတောင်တန်းဒေသကိုလည်း ထိန်းချုပ်ထားသည်။ ဆီးရီးယားစစ်တပ်က စနေနေ့တွင် ယာဘရောက်အရှေ့ပိုင်းခရိုင်များကိုဝင်ရောက်ရန် စီစဉ်လျက်ရှိသည်။

ဟစ်ဇ်ဘိုလာတိုက်ခိုက်ရေးသမားများ ကျောထောက်နောက်ခံပြုလျက် ဆီးရီးယားတပ်များက ယာဘရောက်မြို့မြောက်ပိုင်း အခွန်လယ်ယာမြေများကိုလည်း ထိန်းချုပ်ထားသည်။

သမ္မတဘာရှာအယ်လ်အာဆတ်၏ အစိုးရတပ်များသည် ဟွန်းပြည်နယ်အလယ်ပိုင်း စစ်သွေးကြွများနှင့် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားပြီးနောက် အယ်ဇာရတ်မြို့ကိုလည်း ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ အဆိုပါမြို့တွင် စစ်သွေးကြွများ၏ ထောက်ပံ့ရေးလမ်းကြောင်းကို ဖြတ်တောက်နိုင်ခဲ့သည်။ လက်ဘနွန်ဘက်မှ လက်နက်များထောက်ပံ့နေမှုကိုလည်း ဖြတ်တောက်နိုင်ခဲ့သည်။

မတ် ၁၅ ရက်တွင် ပြည်ပကျောထောက်နောက်ခံပြု ဆီးရီးယားအတိုက်အခံအကြီးအကဲက ထောက်ခံသူ ပြည်ပနိုင်ငံများအား လူအင်အားနှင့် လက်နက်ထောက်ပံ့ပေးရန် တောင်းဆိုလိုက်သည်။

အတိုက်အခံတပ်များအနေဖြင့် ဆီးရီးယားအစိုးရတပ်များနှင့် အယ်လ်ခိုင်ဒါနှင့်ဆက်နွယ်သော အုပ်စုများကိုတိုက်ရန် လက်နက်များ လိုအပ်နေကြောင်း အာမက်ဂျာဘာက ပြောသည်။ **(ပရက်စ်တီဗွီ)**

စစ်ဘေးတိမ်းရှောင်ရသည့် ဆိုမာလီပြည်သူများ သေရေးရှင်ရေးတမျှ အခြေအနေနှင့်ကြုံတွေ့နေရ

ဆိုမာလီ မတ် ၁၆

ပြည်တွင်းသောင်းကျန်းသူများအား နှိမ်နင်းရန် အစိုးရက တပ်မတော် စစ်ဆင်ရေး စတင်ဆောင်ရွက်အပြီး ဆိုမာလီနိုင်ငံတွင်း အိုးပစ်အိမ်ပစ်ပြောင်းရွှေ့ရသူများသည် သေရေးရှင်ရေးတမျှ အခြေအနေနှင့် ရင်ဆိုင်နေရသည်ဟု ပရက်စ်တီဗွီသတင်းများတွင် ဖော်ပြကြသည်။

အာဖရိကသမဂ္ဂတပ်သား ၂၂၀၀၀တို့၏ အကူအညီ ရယူထားသော ဆိုမာလီအစိုးရသည် အယ်လ်ရှာဘတ် ချေမှုန်းရေးအတွက် နိုင်ငံတစ်ဝန်း စိတ်အနှောင့်အယှက်ဖြစ်စေသော စစ်ဆင်ရေး စတင်ပြီးနောက် ပြီးခဲ့သည့်ရက် သတ္တပတ်အနည်းငယ်က နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းရှိ မြို့များသို့ မိသားစုပေါင်း ၆၀၀၀ ခန့် ထွက်ပြေးခဲ့ကြသည်။

ကုလသမဂ္ဂက ယင်းကဲ့သို့ ဆိုမာလီနိုင်ငံတွင်း ထွက်ပြေးနေရာ ပြောင်းရွှေ့ရသူပြည်သူများ၏ အခြေအနေများအပေါ် စိုးရိမ်ပူပန်လျက်ရှိကြသည်။

အန္တရာယ်များသော လုံခြုံရေးအခြေအနေများကြောင့် ဆိုမာလီနိုင်ငံတွင်း လူသားချင်းစာနာမှု အခြေအနေများမှာ အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်နေဆဲဖြစ်သည်။

ကုလသမဂ္ဂ၏ပြောကြားချက်အရ နေရာရွှေ့ပြောင်းနေထိုင်သူများသည် နေစရာနေရာ၊ ရေ၊ အစားအစာနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ အပါအဝင်အရေးပေါ် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ လိုအပ်လျက်ရှိသည်ဟု သိရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီက သမ္မတအိမ်တော်ကို အုပ်စုဖွဲ့ တိုက်ခိုက်ခဲ့ရ အပြီး ဆိုမာလီအစိုးရသည် အယ်လ်ရှာဘတ်ချေမှုန်းရေးကို အရှိန်မြှင့်လိုက်သည်။ ယင်းကဲ့သို့ သဲကြီးမဲကြီးတိုက်ခိုက်မှုအတွင်း လူ ၁၁ ဦးခန့် သေဆုံးခဲ့သည်။

ယခုလအစောပိုင်းက အစိုးရတပ်ဖွဲ့ဝင်များသည် အာဖရိကသမဂ္ဂ တပ်သားများနှင့် ပူးပေါင်းကာ ယခင်က အယ်လ်ရှာဘတ်စိုးမိုးထားခဲ့သည့် မဟာဗျူဟာမြောက် မြို့များကို သိမ်းယူခဲ့သည်။ သို့သော် ၎င်းအယ်လ်ရှာဘတ်အုပ်စုသည် ဆိုမာလီနိုင်ငံတောင်ပိုင်း ကျေးလက်ဒေသတော်တော်များများကို ထိန်းချုပ်ထားနိုင်ဆဲဖြစ်သည်။

စတင်ဖြစ်ပွား

ဆိုမာလီနိုင်ငံတွင် အစိုးရတပ်ဖွဲ့ဝင်များနှင့် အယ်လ်ရှာဘတ်တို့အကြား တိုက်ခိုက်မှုများမှာ ၁၉၉၁ ခုနှစ်ကတည်းက စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(ပရက်စ်တီဗွီ)**

ရုရှားနှင့် ပူးပေါင်းရေးဆန္ဒခံယူပွဲ ခရိုင်းမီးယား၌ ကျင်းပ

ခရိုင်းမီးယား မတ် ၁၆

ယူကရိန်းနိုင်ငံ ခရိုင်းမီးယားဒေသနေ ပြည်သူများအနေဖြင့် ရုရှားနှင့်ပူးပေါင်းရန် သို့မဟုတ် ယူကရိန်းနှင့် ဆက်နေရေးကိစ္စကို မတ် ၁၆ ရက်က လူထုဆန္ဒခံယူပွဲ ပြုလုပ်လျက်ရှိသည်။

ထိန်းချုပ်ထား

သို့သော် ကီယက်ဗ်က ယင်းလူထုဆန္ဒခံယူပွဲသည် တရားမဝင်ဟုဆိုသည်။ ယင်းထောက်ခံပွဲကို အားပေးသည့် ရုရှားက ရုရှားလူမျိုးစု အများဆုံးနေထိုင်သည့် ယင်းဒေသကို ထိန်းချုပ်ထားသည်။

ပယ်ချ

ဆန္ဒမဲ၏ပေးသူများသည် ယူကရိန်းမှ ခွဲထွက်ရေးမဲပေးရန် မျှော်လင့်နေသည်။ ခရိုင်းမီးယားလူထုဆန္ဒခံယူပွဲကိစ္စ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်မူကြမ်းအား ရုရှားက ဗီတိုအာဏာသုံး၍ ပယ်ချခဲ့သည်။ ယင်းကိစ္စကို လုံခြုံရေးကောင်စီအဖွဲ့ဝင်များကသာ လုပ်နိုင်သည်ဟုဆိုသည်။

အမေရိကန်ရေးဆွဲသော အဆိုပါမူကြမ်းကို လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၃ နိုင်ငံက ထောက်ခံထားသည်။ **(ဘီဘီစီ)**

ယူကရိန်းအရေးတင်းမာနေချိန် အမေရိကန်စစ်သင်္ဘော ပင်လယ်နက်၌ ဆက်ထားမည်

ဝါရှင်တန် မတ် ၁၆

ယူကရိန်းတွင် ဖြစ်ပွားနေသည့်အရေးကိစ္စနှင့် ပတ်သက်ပြီး ဝါရှင်တန်နှင့် မော်စကိုတို့အကြား တင်းမာနေချိန်တွင် ပင်လယ်နက်အတွင်း မဟာမိတ်နိုင်ငံများနှင့် စစ်ရေးလေ့ကျင့်ပြင်ဆင်မှု ပိုမိုပြုလုပ်သွားမည်ဖြစ်ကြောင်း အမေရိကန်က ပြောသည်။

ပူးတွဲစစ်ရေးလေ့ကျင့်

လွန်ခဲ့သည့် သီတင်းပတ်က အမေရိကန် ပဲ့ထိန်းဒုံးကျည်တပ် ဖျက်သင်္ဘောတစ်စင်းဖြစ်သည့် USS Truxtun သည် **(အောက်ပုံ)** ပင်လယ်နက်ဒေသ ခရိုင်းမီးယားကျွန်းဆွယ်မှ မိုင်ရာအနည်းငယ်အကွာတွင် ရှိမေနီးယား၊ ဘူလ်ဂေးရီးယားသင်္ဘောများနှင့်အတူ ပူးတွဲစစ်ရေးလေ့ကျင့်လျက်ရှိသည်။

အဆိုပါ စစ်သင်္ဘောသည် ပင်လယ်နက်၌ ဆက်လက်ရှိနေပြီး မဟာမိတ်တို့နှင့်အတူ စစ်ရေးလေ့ကျင့်မှုများ ပိုမိုပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းရေတပ် တပ်မျူးက မတ် ၁၅ ရက်တွင် ပြောကြားလိုက်သည်။

ယင်းစစ်သင်္ဘောသည် တပ်ဖွဲ့ဝင် ၃၀၀ နှင့်အတူ ပင်လယ်နက်ရှိ ဘူလ်ဂေးရီးယားဆိပ်ကမ်းဗားနာ၌ ကျောက်ချထားမည်ဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

အီးယူကုန်သွယ်ရေးကော်မရှင်နာမင်းကြီး မြန်မာအပါအဝင် အာဆီယံနိုင်ငံ သုံးနိုင်ငံသို့ သွားရောက်မည်

ဘရပ်ဆဲလ် မတ် ၁၆

ဥရောပသမဂ္ဂ(အီးယူ) ကုန်သွယ်ရေးကော်မရှင်နာမင်းကြီး ကာရဲလ်ဒဲဂုတ်သည် လာမည့်အပတ်တွင် လေးရက်ကြာ ခရီးစဉ်အဖြစ် ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့သို့ သွားရောက်မည်ဖြစ်သည်ဟု ဥရောပကော်မရှင်က မတ် ၁၄ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ကော်မရှင်နာမင်းကြီးဂုတ်သည် မတ်လ ၁၇ရက်မှ ၂၀ ရက်အထိ သွားရောက်မည့်ခရီးစဉ်အတွင်း အီးယူ၏ အရှေ့တောင်အာရှနိုင်ငံများနှင့် ကုန်သွယ်ဆက်ဆံမှုမြှင့်တင်ရေးလက်ရှိကြိုးပမ်းအားထုတ်မှုများ၏ တစ်စိတ်တစ်ဒေသအဖြစ် သက်ဆိုင်ရာ နိုင်ငံများမှ ကုန်သွယ်ရေးအကြီးအကဲများနှင့် အဆင့်မြင့်ဆွေးနွေးပွဲများ ပြုလုပ်မည်ဖြစ်သည်ဟု ကြေညာချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံဟနွိုင်းမြို့တော်သို့ အီးယူကော်မရှင်နာမင်းကြီးရောက်ရှိလာမှုမှာ အီးယူ-ဗီယက်နမ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်ဆိုင်ရာ(၇)ကြိမ်မြောက် ဆွေးနွေးပွဲစတင်ချိန်နှင့် တိုက်ဆိုင်မည်ဖြစ်ပြီး ၎င်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်တွင် အီးယူ-မြန်မာ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေး သဘောတူညီချက်ဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်လှစ်ပေးမည်ဟု မျှော်လင့်ရသည်။

အီးယူကုန်သွယ်ရေး ကော်မရှင်နာမင်းကြီးသည် ဖနောင်ပင်မြို့တော်တွင် ကမ္ဘောဒီးယား ကုန်သွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံပြီး မကြာသေးမီက ပြုလုပ်ခဲ့သည့် အီးယူ-ကမ္ဘောဒီးယား ပူးတွဲကော်မတီဆိုင်ရာ ဆွေးနွေးပွဲများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာချက်အရ သိရသည်။ မိမိအနေဖြင့် အရှေ့တောင်အာရှဒေသရှိ အီးယူ၏ လုပ်ဖော်ကိုင်ဘက်များနှင့် အပြုသဘောဆောင်သော ဆွေးနွေးပွဲများ ပြုလုပ်မည်ဟု မျှော်လင့်ပါကြောင်း ကော်မရှင်နာမင်းကြီးဂုတ်က ပြောကြားသည်။ **(အမ်အင်န်အေ/ဆင်ဟွာ)**

ဗင်နီဇွဲလားသမ္မတက အမေရိကန်သို့ ငြိမ်းချမ်းရေးကော်မရှင်တည်ထောင်ရန် တိုက်တွန်း

ကာရာကတ်စ် မတ် ၁၆

ဗင်နီဇွဲလားသမ္မတ နီကိုလပ်မာဒူရိုက တောင်အမေရိကနိုင်ငံများ သမဂ္ဂ၏ ကြားဝင်မှုဖြင့် ငြိမ်းချမ်းရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်ရေးဆွေးနွေးရန် ကော်မရှင်တစ်ရပ် ထူထောင်သွားရန် အမေရိကန်ကို တိုက်တွန်းလိုက်သည်။

ဗင်နီဇွဲလား ခေါင်းဆောင်အား သတ်ပစ်ရန် လိုလားနေသော အမေရိကန်၏ ဂိုဏ်းကဲ့မှုများအား သမ္မတအိဘားမားအနေဖြင့်အရေးမစိုက်ရန် မစ္စတာမာဒူရိုက တောင်းဆိုမှုပြုခဲ့သည်။

ပြီးခဲ့သည့်လက အစိုးရဆန့်ကျင် ဆန္ဒပြမှုများဖြစ်ပွားပြီး ၂၈ ဦးသေဆုံးခဲ့မှုအတွက် ဗင်နီဇွဲလားက အမေရိကန်အပေါ် အပြစ်ဖို့လိုက်သည်။ အမေရိကန်ဘက်ကမူ ဗင်နီဇွဲလားသည် ၎င်းတို့၏ပြည်တွင်းပြဿနာများအတွက် တရားခံရှာရန် အဆိုပါအဖြစ်အပျက်ကို အသုံးချလျက်ရှိသည်ဟု ဆိုသည်။

အစောပိုင်းက အစိုးရထောက်ခံသူ ထောင်ပေါင်းများစွာတို့သည် မြို့တော်ကာရာကတ်စ်တစ်လျှောက် မကြာသေးမီကဖြစ်ပွားခဲ့သော အုံကြွမှုများအတွက် ၎င်းတို့၏ ပေါ်လစီများနှင့်ပတ်သက်ကာ နိုင်ငံ၏လုံခြုံရေးတပ်ဖွဲ့များအကျိုးငှာ အုပ်စုဖွဲ့ကာ လှုပ်ရှားမှုများပြုလုပ်ခဲ့ကြသည်။ **(ဘီဘီစီ)**

ပြည်တွင်း ပြည်ပသတင်း

❊ ရှေ့ဖုံးမှ

၂၀၁၄ ခုနှစ် မတ် ၁၂ ရက်တွင် တံတားကြီးတည်ဆောက်ပြီးပြီဖြစ်၍ သတင်းဆောင်းပါးရေးရန်အတွက် ရှပ်ပြေးယာဉ်ဖြင့် လိုက်ပါလာခဲ့သည်။ ဝဝန် သို့မဟုတ် ပုသိမ်မြစ်ဝ ရောက်လုနီးနီးတွင် မှုန်ပြပြလှမ်းတွေ့ရသည်မှာ ဟိုင်းကြီးကျွန်းဖြစ်သည်ဟု သင်္ဘောပေါ်မှာ မိတ်ဆွေဖြစ်ခဲ့သည့် ခမောက်မော်သား ဦးလင်းအောင်က ပြောပြသည်။ ထိုဟိုင်းကြီးကျွန်းသို့ သင်္ဘောဖြတ်သန်းမောင်းနှင်စဉ် သင်္ဘောမှာ မြစ်၏အနောက်ဘက်ခြမ်းမှကပ်၍ ခုတ်မောင်းနေသည်။ ကျွန်တော်သည် ဟိုင်းကြီးကျွန်းမှ တစ်မိုင်ခွဲသာသာခန့်အလိုတွင် မြစ်၏အနောက်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်ရာ ရွာငယ်ရွာဟုခေါ်သော နှင်းမလင်းရွာကို တွေ့ရသည်။ ထိုရွာအမည်၏နောက်တွင် စိတ်ဝင်စားစရာ အတိတ်ဇာတ်လမ်းတစ်ခုက ရှိနေခဲ့သည်ဆို၏။

ထိုအတိတ်ဇာတ်လမ်းကား မြန်မာနိုင်ငံသို့နယ်ချဲ့အင်္ဂလိပ်များ မရောက်ခင်က ထိုရွာကလေးကို နှင်းမလင်းရွာဟု ခေါ်ကြသည်ဆို၏။ မြစ်ကမ်းနံဘေးတွင် မြူများဖြင့် အမြဲဝေမှိုင်းနေသောကြောင့် နှင်းမလင်းဟု ခေါ်ကြောင်း သိရသည်။ သက္ကရာဇ် ၉၅၅ ခုနှစ်ခန့်တွင် မွန်လူမျိုး သာဂရမင်းသားနှင့် နောက်လိုက်နောက်ပါများက နာဂရသာဂီမြို့တစ်မြို့ကို တည်ဆောက်ရန် ကြိုးစားခဲ့ဖူးသည်ဟု ပါးစပ်ရာဇဝင်အရ သိခဲ့ရသည်။ ၁၈၅၅ ခုနှစ်တွင် ကိုလံဘိုရှိ ဘုရင်ခံချုပ် လော့ဒါလ်ဟိုဇီ ပုသိမ်မြို့သို့ရေလမ်းဖြင့် လာရောက်ခဲ့ရာ မြစ်တွင်းခရီးရှည်လွန်းသဖြင့် မြစ်ဝနှင့်နီးသည့် ဟိုင်းကြီးကျွန်းဒေသပတ်ဝန်းကျင်တွင် သင်္ဘောဆိပ်တည်ဆောက်ပါက ပုသိမ်မြို့ထက် ပိုမိုသင့်လျော်မည်ဟု အကြံဖြစ်ခဲ့ပြီး ထိုအကြံကို ဝိုင်းဝန်းထောက်ခံကြသဖြင့် ထိုနှစ်ဇူလိုင်လတွင် အာသာဖယ်ယာက ကွင်းဆင်းလေ့လာမှုများပြုလုပ်၍ ဟိုင်းကြီးကျွန်းနှင့်အနီး အဆိုပါ မြို့သစ်ရွာ (ခ)နှင်းမလင်းရွာတွင် မြို့သစ်တည်ရန် ရွေးချယ်လိုက်တော့သည်ဆို၏။

၁၈၅၅ ခုနှစ် မေလ ၁ ရက်နေ့တွင် ကိုလံဘိုရှိ ဘုရင်ခံချုပ်လော့ဒါလ်ဟိုဇီထံ တင်ပြသည့် ပုသိမ်ဘော်မရှင်နာရေးသောကအစီရင်ခံစာအရ လမုနှင့်ကနစိုတောများ အုပ်ဆိုင်းနေသောအနောက်ဘက်ကမ်းနေရာကို ကူလီကုလား ၃၅၀ ဖြင့် အင်ဂျင်နီယာအက်ကွန်ဘေးက မြို့သစ်အတွက် ရှင်းလင်းလုပ်ကိုင်နေပြီဖြစ်ကြောင်း ရေးသားတင်ပြပြီး ခရိုင်ရုံးစိုက်ရွာ ပုသိမ်မြို့ကို နှင်းမလင်းရွာနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ရန် စီစဉ်၍ မြို့လမ်းများဖောက်လုပ်ခြင်း၊ ကမ်းနားလမ်း၊ အစိုးရရုံးဌာနများ၊ သင်္ဘောဆိပ်ခံတံတားများ၊ တရားရုံးနှင့်အကျဉ်းထောင်များကို တည်ဆောက်ဆဲ၊ ရွှေ့ပြောင်းဆဲကာလ ၁၈၅၇ ခုနှစ် မိုးနှောင်းပိုင်းတွင် ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းကြီးတစ်ခုကျရောက်ပြီး ပင်လယ်တွင်းမှ ကြီးမားသောလှိုင်းလုံးကြီးများနှင့် အတူပါလာသော ညွှန်ထုကြီးက ဆောက်လက်စ အဆောက်အအုံများနှင့်မြို့သစ်ကို ဖုံးလွှမ်းသွားသဖြင့် သက်ရှိလူသားအားလုံးနှင့်အတူ ဒါလ်ဟိုဇီမြို့သစ်ကြီးသည် ညွှန်လတာပြင်ကြီးအောက်၌ ပျောက်ဆုံးသွားခဲ့ရသည်ဟုသိရသည်။ ထိုအဖြစ်အပျက်များသည် ၁၉ ရာစုနှစ်ကဖြစ်ပြီး ဟိုင်းကြီးကျွန်းသည် ၂၀၀၈ ခုနှစ်က နာဂစ်မုန်တိုင်းဒဏ်ကိုလည်း ဒုတိယအကြိမ်ခံရသေးသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ဟိုင်းကြီးကျွန်းဒေသကို နိုင်ငံတွင်းရှိ မဟာဗျူဟာ ကားလမ်းများနှင့် ဆက်သွယ်၍ရအောင် တံတားကြီးတစ်စင်း တည်ဆောက်ပေးရန်ဆုံးဖြတ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၅)အား တာဝန်ပေးခဲ့သည်။ မူလက အဆိုပါဟိုင်းကြီးကျွန်းတံတားကို ကြိုးတံတားကြီးအဖြစ် တည်ဆောက်ရန်စိတ်ကူးခဲ့သော်လည်း ပင်လယ်ဝဒေသဆားငန်ရည်ထဲတွင် တည်ဆောက်ရမှာဖြစ်သောကြောင့် တံတားဆိုင်းစတီးလ်ကြိုးကြီးများ ရေငန်နှင့်ထိပြီး ခဏလေးနှင့်ပျက်စီးသွားနိုင်သဖြင့် ကြိုးတံတားအစား ဘေလီတံတားတည်ဆောက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက သုံးသပ်ဆုံးဖြတ်၍ အထူးစီမံကိန်းကြီး အဖွဲ့(၅)သို့ တာဝန်ပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အထူးစီမံကိန်းကြီးအဖွဲ့(၅)သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ ၂၀၁၀ ပြည့်နှစ်တွင် တံတားအုကြောင်းရွေးချယ်၍ ၂၀၁၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါတံတားကြီးကို အထူးစီမံကိန်းကြီး အဖွဲ့(၅)က ကြမ်းခင်းသစ်များခင်းရာတွင် အခြားဘေလီတံတားများကဲ့သို့ ကားဘီးအတွက် တစ်ဖက် သုံးပေမခင်းဘဲ တံတားအတွင်းခွင် ၁၂ ပေအပြည့် သစ်များခင်းပေးထားသဖြင့် ကားလေးများ တံတားပေါ်တွင် နှစ်စင်းရှောင်၍ရသည်ကို သိရသည်။ ***စာမျက်နှာ ၁၁ ကော်လံ ၁ သို့***

❊ ကျောဖုံးမှ

အပိုင်စီး ပြန်ပေးဆွဲသွားခဲ့ဖွယ်ရှိကြောင်း လေယာဉ်မှာ အနောက်မြောက်ဘက်သို့ ဦးမလှည့်မီ အနောက်ဘက်သို့လှည့်ပြီးနောက် မလေးရှားကျွန်းဆွယ်ပေါ် ပျံသန်းသွားခဲ့သည်မှာ သေချာသလောက်ရှိကြောင်း သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားလိုက်သည်နှင့် သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များမှာ လေယာဉ်မှူးနှင့် လေယာဉ်ဝန်ထမ်းများ၏ နောက်ကြောင်းရာဇဝင်ကို အသေးစိတ်လိုက်လံစုံစမ်းစစ်ဆေးလျက်ရှိသည်။

စုံစမ်းရှာဖွေနေသူများက လေယာဉ်၏ဆက်သွယ်ရေးနှင့် ခြေရာခံစနစ်များကို တစ်စုံတစ်ဦးက ပိတ်ကာ လေယာဉ်အား လမ်းကြောင်းလွှဲလိုက်ခြင်းဖြစ်ကြောင်း ထင်မြင်ယူဆထားသည်။ ထို့ကြောင့်လည်း မလေးရှားအာဏာပိုင်များသည် ကက်စ်ပီယန်ပင်လယ်ပြင်တစ်လျှောက်မှ အိန္ဒိယပင်လယ်တောင်ဘက်စွန်းအထိ ရှည်လျားသော ကော်ရစ်ဒါနှစ်ခုကိုဖြတ်ကာ ပျောက်ဆုံးလေယာဉ်ကို ဝိုင်းဝန်းရှာဖွေကြရန် နိုင်ငံတကာ၏ အကူအညီကို မေတ္တာရပ်ခံထားသည်။ မလေးရှားပို့ဆောင်ရေးဝန်ကြီးက ရှာဖွေသူများအနေဖြင့် နိုင်ငံ ၁၁ နိုင်ငံအတွင်းရှိ မြေပြင်များမှသည် ရေနက်ပြီး ဝေးလံသော သမုဒ္ဒရာများအထိ တိုးချဲ့ရှာဖွေမှုများပြုလုပ်လျက်ရှိကြောင်း၊ စုံစမ်းရှာဖွေသူများမှာ လေယာဉ်ပျောက်ဆုံးမှုနှင့် ပတ်သက်ပြီး စဉ်းစား၍မရနိုင်အောင်ဖြစ်နေကြကြောင်း၊ ထို့အတူ စုံစမ်းရှာဖွေရေး အဖွဲ့တွင် ပါဝင်သော လေကြောင်းပျံသန်းရေးဆိုင်ရာ ကျွမ်းကျင်သူများနှင့် အင်တာနက်စုံထောက်များလည်း ခေါင်းခြောက်နေကြကြောင်း သတင်းထောက်များကို ပြောကြားသည်။

သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များသည် ကွာလာလမ်ပူမြို့ဆင်ခြေဖုံးရှိ လေယာဉ်မှူးကပ္ပတိန်ဇာဟာရီအာမက်ရှား (၅၃ နှစ်)နှင့် တွဲဖက်လေယာဉ်မှူး ဖာရစ်အဗ္ဗဒူဟာမစ်တို့၏ အိမ်များကို ဝင်ရောက်ရှာဖွေခဲ့သည့်နည်းတူ လေယာဉ်မှူး၊ တွဲဖက်လေယာဉ်မှူးနှင့် လေယာဉ်ဝန်ထမ်းများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ နောက်ကြောင်းများကို အသေးစိတ် စုံစမ်းစစ်ဆေးနေကြပြီဖြစ်သည်။ ထို့အပြင် ပျောက်ဆုံးလေယာဉ်ပေါ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ မြေပြင်ထောက်ပံ့ရေးဝန်ထမ်းများကိုပါ ခေါ်ယူမေးမြန်းစစ်ဆေးလျက်ရှိသည်။

သက်ဆိုင်ရာ မလေးရှားရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးချက်အရ ကပ္ပတိန်ဇာဟာရီအာမက်ရှားသည် လွတ်လပ်ရေးရပြီးနောက် မလေးရှားနိုင်ငံကို ၅၇ နှစ်ကြာ အုပ်ချုပ်ခဲ့သော ယာယီညွန့်ပေါင်းအဖွဲ့အား နိုင်ငံရေးအရ တောက်လျှောက် ဆန့်ကျင်လာခဲ့သူဖြစ်ကြောင်း၊ လေယာဉ်ပျောက်ဆုံးမှု မဖြစ်ပွားမီ တစ်ရက်အလိုက အတိုက်အခံခေါင်းဆောင် အန်ဝါအီဘရာဟင်သည် မေ့မတာနှင့် ဆန့်ကျင်၍ ကာမဆက်ဆံမှုဖြင့် ထောင်ဒဏ်ငါးနှစ်ချမှတ်ခံခဲ့ရသည်။ အီဘရာဟင်ကို ထောက်ခံသူများနှင့် နိုင်ငံတကာ လူ့အခွင့်အရေးအုပ်စုများက အီဘရာဟင်ပြဿနာသည် နိုင်ငံရေးအရလွှမ်းမိုးခံရခြင်းသာဖြစ်ကြောင်း ဆိုသည်။

ကပ္ပတိန်ဇာဟာရီအာမက်ရှားသည် အတိုက်အခံအဖွဲ့ကို ထောက်ခံသူတစ်ဦးဖြစ်၍ ၎င်း၏အိမ်ကို မွှေနှောက်ရှာဖွေခြင်းဟုတ်မဟုတ် သတင်းထောက်များမေးမြန်းချက်ကို ရဲအရာရှိတစ်ဦးက မိမိတို့ ရဲတပ်ဖွဲ့အနေဖြင့် လုပ်သင့်လုပ်ထိုက်သည့်အရာအားလုံးကို လုပ်ဆောင်ရန်လိုကြောင်း ပြန်လည်ပြောကြားသည်။ မလေးရှားလေကြောင်းလိုင်းကမူ ဇာဟာရီအာမက်ရှားသည် အကျိုးမဲ့အဖျက်လုပ်ငန်းကို ဘယ်တော့မှလုပ်မည်မဟုတ်ဟု ယုံကြည်ထားသည်။ ထို့ကြောင့် လေကြောင်းလိုင်းမှ လေယာဉ်မှူးတစ်ဦးက ပြည်ပမီဒီယာအချို့က ထုတ်ပြန်ရေးသားသကဲ့သို့ ဇာဟာရီအာမက်ရှားသည် နိုင်ငံရေး၌ ထဲထဲဝင်ဝင် မရှိသလို ကိုယ့်ကိုယ်ကိုယ်သတ်သေမည့်သူလည်းမဟုတ်ပါကြောင်း၊ တစ်စုံတစ်ဦးက နိုင်ငံရေးနှင့် ပတ်သက်ပြီး ထင်မြင်ချက်ပေးသည်မှာ မကောင်းကြောင်း ပြောကြားသည်။

မလေးရှားရဲတပ်ဖွဲ့အကြီးအကဲဖြစ်သူ ခါလစ်က တစ်စုံတစ်ဦးက လေယာဉ်ကို မူလပျံသန်းရာ လမ်းကြောင်းမှ သွေဖည်အောင် လုပ်ဆောင်ခဲ့သည်ဟူသော ထင်မြင်ယူဆချက်မှာ အထောက်အထားခိုင်လုံမှုမရှိသေးသဖြင့် လေယာဉ်ပေါ်ပါရှိသူများထဲမှ ပုဂ္ဂိုလ်ရေး(သို့) စိတ်ဖောက်ပြန်မှုပြဿနာများ ရှိမရှိနှင့် လေယာဉ်မှာ အပိုင်စီးခံရခြင်း(သို့) ဖောက်ခွဲခံရခြင်း ရှိမရှိ ဖြစ်နိုင်ခြေရှိသော အရာအားလုံးကို စုံစမ်းစစ်ဆေးနေရကြောင်း သတင်းထောက်များကို ပြောကြားသည်။

(ရိုက်တာ၊ ဆင်ဟွာ)

ပျောက်ဆုံးလေယာဉ်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်အား မလေးရှားဝန်ကြီးချုပ်၏ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထား

MH 370 လေယာဉ် ပျောက်ဆုံးမှုနှင့် ပတ်သက်ပြီး မလေးရှား ရဲတပ်ဖွဲ့ဝင်များက ဆီလန်ဂေါ်ပြည်နယ် ရှာအလမ်းမြို့နယ် Section 7 တွင် နေထိုင်သော တွဲဖက် လေယာဉ်မှူး အိမ်ကို ည ၇ နာရီ၌ တစ်နာရီကြာ ဝင်ရောက်ရှာဖွေမှု ပြုလုပ်ရန် Section ဂိတ်တံခါးပေါက်မှ ဝင်ရောက်လာကြစဉ်။

ကွာလာလမ်ပူ မတ် ၁၆

မလေးရှား လေကြောင်းလိုင်း MH 370 ပျောက်ဆုံးခြင်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာနမှ နောက်ဆုံးသတင်းထုတ်ပြန်ချက်အား မလေးရှားနိုင်ငံ ဝန်ကြီးချုပ် Najib Tun Razak ၏ လူမှုကွန်ရက်စာမျက်နှာတွင် ယနေ့ မတ် ၁၆ ရက်က နောက်ဆုံးသတင်းထုတ်ပြန်ဖော်ပြထားကြောင်းဖြင့် မလေးရှားရောက် သတင်းအရင်းအမြစ်မှ တစ်ဆင့် သိရသည်။

ပို့ဆောင်ရေး ဝန်ကြီးဌာနမှ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးဌာန၏ နောက်ဆုံးသတင်းထုတ်ပြန်ချက်များအရ မလေးရှားနိုင်ငံက ဦးဆောင်သော ရှာဖွေရေးနှင့် ကယ်ဆယ်ရေးဌာနသည် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ MH 370 နှင့်ပတ်သက်၍ မြောက်ဘက်မှ တောင်ဘက်စင်္ကြံနိုင်ငံများအထိတိုင်အောင် တရားဝင် ဆက်သွယ်အကူအညီ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါနိုင်ငံများမှာ ကာဇက်စတန်၊ ဥဇဘက်ကစ္စတန်၊ ကာဂျစ်စတန်၊ တာ့ခ်မင်နစ္စတန်၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်၊ မြန်မာ၊ လာအို၊ ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ သြစတြေးလျ၊ ပြင်သစ်တို့ဖြစ်ပြီး ဤနိုင်ငံများမှ တရားဝင်အကူအညီကို ရယူလျက်ရှိသည်။ လက်ရှိအခြေအနေတွင် မလေးရှားနိုင်ငံသည် အပေါင်းဖော်နိုင်ငံများနှင့် အကောင်းဆုံးနည်းလမ်းနှင့် စင်္ကြံနှစ်ဖက်၌ မည်သို့ ဖြန့်ကြက်မည်တို့ကို ဆွေးနွေးတိုင်ပင်လျက်ရှိသည်။ မိတ်ဆွေနိုင်ငံများသို့ လေယာဉ်၊ ဂြိုဟ်တုနှင့် လှုပ်ရှားဆောင်ရွက်မှုများ၊ မြေပြင်ရှာဖွေရေးကိရိယာတန်ဆာပလာများ၊ ရေဒါအချက်အလက်များ၊ ရေတပ်နည်းပညာနှင့် လေကြောင်းဆိုင်ရာနည်းပညာများဖြင့် ပူးပေါင်းပါဝင်ကြရန် တရားဝင်တောင်းခံထားသည်။ မြောက်ဘက်နှင့် တောင်ဘက်စင်္ကြံနှစ်ဖက်စလုံးမှာအရေးပါလျက်ရှိသည်။

MH 370 ဝန်ထမ်းနှင့် ခရီးသည်များအား ရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးမှုများအရ MH 370 သို့ တက်ရောက်စဉ် ခရီးသည်များ၊ ဝန်ထမ်းများမှာ ပုံမှန်အခြေအနေတွင် ရှိနေကြောင်း၊ လေယာဉ်မှာ မထွက်ခွာမီ အင်ဂျင်နီယာများနှင့်လည်း ထိတွေ့မှုရှိနိုင်ကြောင်းကို မလေးရှား တော်ဝင်ရဲတပ်ဖွဲ့က စုံစမ်းရရှိခဲ့သည်။ စနေနေ့တွင် လေယာဉ်မှူး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေကာ မိသားစုဝင်များအား မေးမြန်းစုံစမ်းခဲ့ရာတွင် လေယာဉ်မှူးမှာလည်း ပုံမှန်အခြေအနေတွင် ရှိသည်ဟု သိရသည်။ ယမန်နေ့က တွဲဖက် လေယာဉ်မှူး၏ နေအိမ်သို့လည်း ရဲတပ်ဖွဲ့က ဆက်လက်ဝင်ရောက်ရှာဖွေခဲ့ သည်။ ရဲတပ်ဖွဲ့က စုံစမ်းနေဆဲကာလအတွင်း အဆုံးစွန်အထိ မတွက်ဆကြရန် ပြည်သူများသို့ ပန်ကြားတိုက်တွန်းလိုကြောင်း မလေးရှားဝန်ကြီးချုပ် နာဂျစ်တွန်ရာဇတ်က ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင် သတင်းထုတ်ပြန်ထားသည်။

စိုးဝင်း(SP)

202046
392048
ဆရာအာသာ SUCCESS Language Academy
အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း (မြို့လယ်ကျောင်း)
တက္ကသိုလ်ဝင်တန်းဖြေထားသူများ ကျောင်းပိတ်ရက်မှာ အကျိုးရှိစေဖို့ ဖွင့်လှစ်ပေးမည့် အင်္ဂလိပ်စာ သင်တန်းများ

BASIC ENGLISH SPEAKING		
9 - 12:00	(Sat + Sun)	22 Mar
1 - 2:30	(Mon - Thurs)	24 Mar
3:30 - 5	(Mon - Thurs)	31 Mar
2 - 5:00	(Sat + Sun)	19 Apr
FOUR SKILLS ENGLISH		
1 - 2:30	(Mon - Thurs)	17,31 Mar
7:30-10:30	(Sat + Sun)	22 Mar
3:30 - 5	(Mon - Thurs)	7 Apr
2 - 5:00	(Sat + Sun)	19 Apr
PRE-INTERMEDIATE (4-Skill English)		
7:30-10:30	(Sat + Sun)	22 Mar
2 - 5:00	(Sat + Sun)	29 Mar
6 - 7:30	(Mon-Thurs)	1 Apr
INTERMEDIATE (ACADEMIC ENGLISH)		
3:30 - 5	(Mon - Thurs)	7 Apr
9:30-12:30	(Sat + Sun)	19 Apr

VOCAB ENRICHMENT		
7:30 - 9	(Mon - Thurs)	18 Mar
BASIC WRITING		
1:30 - 3:30	(Sat + Sun)	26 Apr
BASIC GRAMMAR		
7:30 - 9	(Mon - Thurs)	18 Mar
IELTS (Four Skills)		
7:30-9:30	(Mon - Thurs)	17 Mar
IELTS (Exam Practice)		
3:30 - 5	(Mon - Thurs)	3 Mar
IELTS (Speaking)		
1 - 2:30	(Mon - Thurs)	24 Mar
IELTS (Reading)		
7:30-9:30	(Mon - Thurs)	24 Mar
IELTS (Writing)		
11 - 1:00	(Sat + Sun)	19 Apr

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ် (ကိုးမိုင်-၂ဝတိုးအပေါ်ထပ်) Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ

English Speaking	2 - 5:00	p.m.	Sat + Sun	16 Mar
	7:30-9:00	a.m.	Mon to Thurs	17 Mar
	3:30-5:00	p.m.	Mon to Thurs	31 Mar
Four Skills English	9 - 12:00	a.m.	Sat + Sun	22 Mar
	1 - 2:30	p.m.	Mon to Thurs	24 Mar
	7:30-9:00	a.m.	Mon to Thurs	31 Mar

SUCCESS MARITIME ACADEMY
Facebook: Success Maritime Academy
No.(131), Bogalayzay Street, Ph: 256954,202046,0973142658
16 June စမည့် DMA Approved
2nd Mate (O.O.W Class III) နှင့် Chief Mate သင်တန်း
MMMC
Capt. San Moe Aung (Master Mariner, Fleetwood,U.K.)
H.N.D in Nautical Science (Fleetwood, U.K.), M.N.I (U.K.) နှင့်
Ph.D Instructor
ECDIS (Mar-24) နှင့် RADAR/ARPA (Mar-26)
General Ship Knowledge + Marine English သင်တန်း
5:30 to 7:30 (Mon to Fri) Mar-17 60000/-

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နှင့်နောက်လိုက်ကောင်းများ

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

အချိန်ကတော့ နည်းနည်းကြာခဲ့ပါပြီ။ လွန်ခဲ့တဲ့ လေးနှစ်လောက်က ငါးလုပ်ငန်းအဖွဲ့ချုပ်မှာ ကျွန်တော်ဟောပြောပွဲတစ်ခုလုပ်ဖို့ စီစဉ်ခဲ့ပါတယ်။ ငါးလုပ်ငန်းအဖွဲ့ချုပ်က တာဝန်ရှိတဲ့သူနဲ့ ညှိနှိုင်းတဲ့အခါ ဟောပြောမယ့် ခေါင်းစဉ်ကို ရွေးချယ်ခဲ့ပါတယ်။ ကျွန်တော်ဟောချင်တဲ့ ခေါင်းစဉ်က နောက်လိုက်မှု Followership အကြောင်းဖြစ်ပါတယ်။ အခုလိုခေါင်းစဉ်ကို ပြောတော့ တာဝန်ရှိသူက "ဆရာရယ် ဒီခေါင်းစဉ်ကတော့ ကောင်းပါတယ်။ ဒါပေမယ့် ဒီခေါင်းစဉ်နဲ့သာဟောရင် ဟောပြောပွဲကို တက်မယ့်သူတွေရှိမှာ မဟုတ်ဘူး။ နောက်လိုက်ခြင်းကို နှစ်သက်တဲ့သူတွေမရှိဘူး။ လူတိုင်းဟာ နောက်ကလိုက်ရတာကို မကျေနပ်ကြဘူး။ ဒါကြောင့် တခြားခေါင်းစဉ် ရွေးပေးပါ"လို့ တောင်းခံလာပါတယ်။

ကျွန်တော်ကလည်း ဒီခေါင်းစဉ်ကို အများသိစေချင်တဲ့ဆန္ဒက ပြင်းပြနေတာမို့ လက်မလျှော့ဘဲ နောက်လိုက်ခြင်းအစား နောက်လိုက်ကောင်းများ ခေါင်းစဉ်နဲ့ ဟောပါရစေဆိုပြီး တင်ပြခဲ့ပါတယ်။

စီစဉ်သူက "နောက်လိုက်ကောင်း"ဆိုတာကို ကြားလိုက်တာနဲ့ "ဟန်ကျလိုက်တာဆရာရယ်။ ဒီခေါင်းစဉ်က အဆင်ပြေတယ်။ ဒါကိုပဲ ဟောပါ" လို့ အလွယ်တကူပဲ သဘောတူလက်ခံလိုက်ပါတယ်။ သုံးသပ်မိတာက ကျွန်တော်တို့လူမျိုးရဲ့ သဘောထားကို တစ်ထိုင်တည်းသိရှိရပါတယ်။ နောက်လိုက်တာတောင် နောက်လိုက်ကောင်းဖြစ်ချင်တဲ့ စိတ်ထားဆန္ဒ၊ စိတ်ဝင်စားစရာပါပဲ။ ကောင်းတာကိုမှ နှစ်သက်ကြတာဟာ လူ့ဘဝပဲဖြစ်တယ်ထင်ပါရဲ့။

ကျွန်တော်လေ့လာတဲ့ စီမံခန့်ခွဲမှုဘာသာမှာ အထူးဦးစားပေးပြီး ဆွေးနွေးကြတာက ခေါင်းဆောင်မှု Leadership ဘာသာရပ်ပဲဖြစ်ပါတယ်။ စီးပွားရေးနယ်ပယ်မှာသာမက အုပ်ချုပ်ရေးအပိုင်းမှာလည်း ခေါင်းဆောင်မှုကိုပဲ အာရုံပြုကြပါတယ်။ စစ်ဘက်ဆိုင်ရာ၊ ကျောင်းတွေ၊ တက္ကသိုလ်တွေမှာလည်း ခေါင်းဆောင်မှုဘာသာကိုပဲ သင်ကြားနေတာတွေ့ရပါတယ်။ တစ်ခုသတိပြုမိတာက ခေါင်းဆောင်မှုကို စဉ်းစားရာမှာ သမားရိုးကျချဉ်းကပ်နည်းအရ ထူးချွန်ပြောင်မြောက်ပြီး အများကကြည်ညိုလေးစားခြင်းခံရတဲ့ ခေါင်းဆောင်မှုမျိုးကို အလေးထားတာတွေ့ရပါတယ်။ လွန်ခဲ့တဲ့

> **ခေါင်းဆောင်လုပ်တဲ့သူဟာ မိမိကိုယ်မိမိ အစေခံ သဘော၊ ကျွန်နဲ့တူသောသူအဖြစ် လက်ခံလိုက်ရင် အခြေအနေတွေအားလုံးဟာ လုံးဝပြောင်းလဲသွားမှာသာ ဖြစ်ပါတယ်။ ခေါင်းဆောင်လုပ်တဲ့သူဟာကျွန်ဖြစ်တာမို့ နောက်လိုက်တဲ့သူတွေဟာ သခင်ဖြစ်သွားပါတယ်။ ဘုရင် / မင်းလုပ်တဲ့သူက မိမိကိုယ်မိမိကျွန်လို့၊ အစေခံလို့လက်ခံလိုက်ရင်ပြည်သူတွေနိုင်ငံသားတွေဟာသခင်တွေဖြစ်သွားပါတယ်။ အလွန်မှ လေးနက်သိမ်မွေ့တဲ့ အတွေးအခေါ်တစ်ရပ်သာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ဒီအတွေးအခေါ်ကိုသာ လက်ခံနိုင်ရင် အလွန် ကောင်းမွန်လိမ့်မယ်လို့ထင်မြင်ယူဆမိပါတယ်။**

နှစ်ပေါင်း ၂၀ လောက်က ခေါင်းဆောင်မှုနဲ့ပတ်သက်ပြီး ထူးခြားသစ်လွင်တဲ့ ချဉ်းကပ်မှုတစ်ရပ် ပေါ်ပေါက်ခဲ့ပါတယ်။

အဲဒါကတော့ Servant-Leadership လို့ခေါ်တဲ့ "အစေခံသော ခေါင်းဆောင်မှု"ဖြစ်ပါတယ်။ ဒီအတွေးအခေါ်ကို ကျွန်တော်အလွန်နှစ်သက်ပါတယ်။ အလွန်မှန်တဲ့ကိစ္စသာ ဖြစ်တယ်။ ခေါင်းဆောင်သူဟာ အစေခံတဲ့သူဖြစ်ပါတယ်။ ရင့်ရင့်သီးသီးပြောရရင် "ကျွန်" ဖြစ်ပါတယ်။ ခေါင်းဆောင်တိုင်းမှာ ဒီအတွေးအခေါ်သာရှိရင် လုပ်ငန်းတွေမှာ၊ ကုမ္ပဏီတွေမှာ၊ လူ့အဖွဲ့အစည်းတွေမှာ အခြေအနေတွေ လုံးဝပြောင်းလဲမှာ ဖြစ်တယ်။ ခေါင်းဆောင်လုပ်တဲ့သူဟာ မိမိကိုယ်မိမိ အစေခံသဘော၊ ကျွန်နဲ့တူသောသူအဖြစ် လက်ခံလိုက်ရင် အခြေအနေတွေအားလုံးဟာ လုံးဝပြောင်းလဲသွားမှာသာ ဖြစ်ပါတယ်။ ခေါင်းဆောင်လုပ်တဲ့သူဟာ ကျွန်ဖြစ်တာမို့ နောက်လိုက်တဲ့သူတွေဟာ သခင်ဖြစ်သွားပါတယ်။ ဘုရင်/မင်း လုပ်တဲ့သူက မိမိကိုယ်မိမိ ကျွန်လို့၊ အစေခံလို့ လက်ခံလိုက်ရင် ပြည်သူတွေ၊ နိုင်ငံသားတွေဟာ သခင်တွေဖြစ်သွားပါတယ်။ အလွန်မှ လေးနက်သိမ်မွေ့တဲ့ အတွေးအခေါ်တစ်ရပ်သာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီအတွေးအခေါ်ကိုသာ လက်ခံနိုင်ရင် အလွန်ကောင်းမွန်လိမ့်မယ်လို့ ထင်မြင်ယူဆမိပါတယ်။

နောက်လိုက်မှုကို သုံးသပ်တဲ့နေရာမှာ လုပ်ငန်းအဖွဲ့အစည်းများကို မူတည်ပြီး တင်ပြချင်ပါတယ်။ လုပ်ငန်းအဖွဲ့အစည်းမှာ တာဝန်ယူဆောင်ရွက်နေတဲ့နောက်လိုက်များရဲ့ အလုပ်များကို သုံးသပ်ရာမှာ အခြေခံအားဖြင့် နှစ်ရပ်သာရှိပါတယ်။ နောက်လိုက်တစ်ဦးဟာ ပထမအနေနဲ့ စဉ်းစား(Think)ဖို့ လိုအပ်သလို၊ ဒုတိယအနေနဲ့ လှုပ်ရှားဆောင်ရွက်(Act) ဖို့လည်း လိုအပ်ပါတယ်။

ဒီလုပ်ရပ်နှစ်ရပ်ကို အခြေခံပြီး အောက်ပါဇယားအတိုင်း ဖော်ထုတ်နိုင်မှာဖြစ်ပါတယ်။

		စဉ်းစားမှု(Think) (+)	(-)
လှုပ်ရှားဆောင်ရွက်မှု(Act)	+	(က)	(ခ)
	-	(ဂ)	(ဃ)

(+) (-)သင်္ကေတအနေနဲ့က စဉ်းစားတဲ့သူ၊ မစဉ်းစားတဲ့သူ၊ လှုပ်ရှားတဲ့သူ၊ မလှုပ်ရှားတဲ့သူအဖြစ် နောက်လိုက်အမျိုးအစားလေးရပ်ရှိကြောင်း တွေ့ရှိနိုင်မှာဖြစ်ပါတယ်။ ဒီအမျိုးအစားလေးရပ်ကို အောက်ပါအတိုင်း ဖော်ထုတ်နိုင်မှာဖြစ်ပါတယ်-

(က) နောက်လိုက်အမျိုးအစားအနေနဲ့ တစ်ဖက်ကအလုပ်လုပ်တဲ့နေရာမှာ စဉ်းစားတွေးခေါ်တတ်ပြီး တစ်ဖက်မှာလည်း တက်တက်ကြွကြွလှုပ်ရှားဆောင်ရွက်သူလည်းဖြစ်ပါတယ်။ ကောင်းမွန်သောအရည်အချင်းနှစ်ရပ် ပြည့်စုံသူမို့ ဒီနောက်လိုက် အမျိုးအစားကို ထိရောက်မှုရှိတဲ့နောက်လိုက် Effective Follower အဖြစ်သတ်မှတ်နိုင်ပါတယ်။

(ခ) ဒီနောက်လိုက်မှုကတော့ စဉ်းစားတွေးခေါ်မှုအားနည်းပြီး ပေးအပ်တဲ့တာဝန်ကို မျက်စိမှိတ် အကောင်အထည်ဖော်တဲ့သူသာဖြစ်ပါတယ်။ စေခိုင်းသမျှကို ကြိုးစားပမ်းစား၊ မမှိတ်မသုန်လုပ်ကိုင်သူဖြစ်ပါတယ်။ ဒီနောက်လိုက်မှုမျိုးကို Yes, Sir အားလုံးကို ကျိုးကျိုးနွံနွံ လုပ်ဆောင်သူဖြစ်ပါတယ်။

(ဂ) ဒီအမျိုးအစားက စဉ်းစားတွေးခေါ်မှုအားကောင်းပေမယ့် လက်တွေ့ အကောင်အထည်ဖော်လှုပ်ရှားမှုမှာ အာရုံမရှိတဲ့သူဖြစ်ပါတယ်။ စဉ်းစားတတ်တယ်။ တွေးတတ်တယ်။ ဒါပေမဲ့ အလုပ်လုပ်ဖို့တော့ စိတ်ဝင်စားမှုမရှိဘဲ ဘာသိဘာသာနေထိုင်လှုပ်ရှားသူဖြစ်ပါတယ်။ ဒီနောက်လိုက်မှု Aliens အမျိုးအစားကိုတော့ တခြားကမ္ဘာဂြိုဟ်ကရောက်သူနဲ့တူပါတယ်။ လုပ်ငန်းအပေါ် အာရုံမရှိဘဲ မိမိနှင့်မဆိုင်သလိုနေကြတဲ့ သူမျိုးဖြစ်ပါတယ်။

(ဃ) ဒီနောက်လိုက်အမျိုးအစားကတော့ စဉ်းစားမှုလည်းအားနည်းသလို၊ တစ်ဖက်မှာလည်း လှုပ်ရှားမှုမှာလည်း ပါဝင်ပတ်သက်မှုမရှိတဲ့သူဖြစ်ပါတယ်။ ဒီအမျိုးအစားကိုတော့ Sheep သိုးသတ္တဝါနဲ့တူတဲ့နောက်လိုက် ဖြစ်ပါတယ်။ သိုးသတ္တဝါဟာ မွေးကတည်းက အာရုံတစ်ခုပဲရှိပါတယ်။ ဒါကမြက်စားဖို့ဖြစ်ပါတယ်။ စဉ်းစားစရာလည်းမလိုအပ်သလို၊ လှုပ်ရှားမှုလည်းမရှိဘဲ မြက်စားချင်တဲ့စိတ်ပဲရှိပါတယ်။

ဒီနောက်လိုက်အမျိုးအစားလေးမျိုးဟာ လုပ်ငန်းအဖွဲ့အစည်းတိုင်းမှာ တွေ့ရပါတယ်။ စီးပွားရေးလုပ်ငန်းတွေမှာရော၊ အစိုးရဌာနတွေမှာရော အရပ်ဘက်လူ့အဖွဲ့အစည်းတွေမှာရော တွေ့ရှိရပါတယ်။ **ကျွန်တော်တင်ပြခဲ့တဲ့ဇယားကိုဖော်ပြပြီး မိမိလုပ်ငန်းမှာ နောက်လိုက်အများစုဟာ အမျိုးအစားလေးရပ်အနက် ဘယ်အမျိုးအစားမှာ များနေသလဲလို့မေးတဲ့အခါ အမြဲတမ်းရတဲ့အဖြေက Yes, Sir ပဲဖြစ်ပါတယ်။**

ကျွန်တော်တို့နိုင်ငံမှာ ဝန်ထမ်းတွေဟာ၊ နောက်လိုက်တွေဟာ ခိုင်းသမျှလုပ်တတ်ကြပြီး မိမိသဘော၊ မိမိဆန္ဒနဲ့ လွတ်လပ်စွာစဉ်းစားတတ်တဲ့ အကျင့် ပပျောက်နေတာတွေ့ရပါတယ်။ ဒီလိုဖြစ်ခဲ့တာဟာလည်း လွတ်လွတ်လပ်လပ်စဉ်းစားတတ်တဲ့သူတွေအနေနဲ့ အန္တရာယ်တွေ ရင်ဆိုင်တွေ့ကြုံခဲ့ရတဲ့ ခေတ်တစ်ခေတ်ကို ကျော်ဖြတ်ခဲ့လို့ ဖြစ်မယ်လို့ ထင်မြင်ယူဆမိပါတယ်။ အခုလိုပြောင်းလဲလာတဲ့ခေတ်မှာ အခြေအနေတွေပြောင်းလဲလာမယ်လို့ ယုံကြည်မိပါတယ်။

တစ်ခုသတိပြုစေချင်တဲ့ကိစ္စကတော့ နောက်လိုက်မှုအမျိုးစားတွေဟာ အမြဲတည်တံ့နေတာမဟုတ်ပါဘူး။ ခေါင်းဆောင်လုပ်သူများဟာ မိမိရဲ့ နောက်လိုက်တွေကိုထိရောက်တဲ့ နောက်လိုက်အမျိုးအစားဖြစ်အောင် ဆောင်ရွက်နိုင်စွမ်းရှိပါတယ်။

သိုးနဲ့တူတဲ့နောက်လိုက်များကို စဉ်းစားတတ်အောင်၊ လှုပ်ရှားတတ်အောင် အားပေးဖို့လိုအပ်မှာဖြစ်ပါတယ်။ Yes, Sir နဲ့တူတဲ့ နောက်လိုက်တွေကိုတော့ စဉ်းစားတွေးခေါ်တတ်အောင် အခွင့်အရေးတွေ ပေးဖို့လိုအပ်မှာ ဖြစ်ပါတယ်။ စေခိုင်းတာကို မျက်စိမှိတ်လက်ခံတတ်တဲ့ အလေ့အကျင့်ကို ဖျောက်တတ်တဲ့သူတွေကို အားပေးဖို့လိုအပ်ပါတယ်။ Alien နဲ့တူတဲ့သူတွေကိုတော့ လုပ်ငန်းအပေါ် စိတ်ပါလာအောင် အခွင့်အရေးပေးရမှာသာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ထိရောက်တဲ့နောက်လိုက်ကောင်းများ မွေးထုတ်နိုင်ပါစေလို့ဆန္ဒပြုမိပါတယ်။ နောက်လိုက်ကောင်းလို့ပြောရာမှာ ထိရောက်တဲ့နောက်လိုက်များကိုဆိုလိုပါတယ်။ ။

တောင်ကြီးမြို့၌ တပေါင်းလပြည့်နေ့တွင် ကုသိုလ်ကောင်းမှုပြုသူများနှင့်စည်ကားလျက်ရှိ

တောင်ကြီး မတ် ၁၆

မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် တပေါင်းလပြည့်အခါတော်နေ့တွင် တောင်ကြီးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများဖြစ်သည့် စူဠာမုနိစေတီ၊ ရွှေဘုန်းပွင့်စေတီ၊ ရွှေမုဋ္ဌောစေတီ၊ မြစိမ်းတောင်ဘုရား၊ မြို့လယ်ဓမ္မာရုံ အတုလ မာရဇိန်ကြေးသွန်းဘုရား၊ အောင်ချမ်းသာရပ်တော်မူဘုရားနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ကုသိုလ်ကောင်းမှုပြုသူများ၊ အလှူပြုသူများနှင့် အထူးပင်စည်ကားလျက်ရှိသည်။

ထို့ပြင် မြို့ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို မတ် ၁၃ ရက်မှ ၁၈ ရက်အထိ ကျင်းပလျက်ရှိပြီး ပဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် တပေါင်းလပြည့်နေ့ညတွင် ဆီမီး ၁၀၀၀၀၊ ပန်း ၁၀၀၀၀ ဖြင့် လှူဒါန်းပူဇော်သည်။

အလားတူ ပြည်နယ်အတွင်းရှိ မွေတော်ကက္ကူစေတီ၊ ပင်းတယမြို့ ရွှေဥမင်လိုဏ်ဂူဘုရားတို့တွင်လည်း ဗုဒ္ဓပူဇနိယပွဲတော်များ ကျင်းပနေပြီး သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ကြည့်ချင်ပွဲများဖြင့် စည်ကားစွာ ကျင်းပလျက်ရှိပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးပင်စည်ကားလျက်ရှိသည်။

တပေါင်းလပြည့်နေ့သည် ပအိုဝ်းအမျိုးသားနေ့လည်းဖြစ်သည့်အတွက် တောင်ကြီး၊ ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်း၊ နောင်တရား၊ တီကျစ်၊ အောင်ပန်းဒေသမှ ပအိုဝ်းအမျိုးသား၊ အမျိုးသမီးများသည် စုရုံးလာရောက်ပြီး တောင်ကြီးမြို့တွင်း ပဒေသာပင်များနှင့်လှည့်လည်ခြင်း၊ တောင်ကျောင်းကြီးတွင် ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုများလှူဒါန်းမှုပြုကာ နေ့ဆွမ်းဆက်ကပ်၍ ဒယ်သီးလာဇွေအားကစားကွင်း၌လည်း ပျော်ပွဲရွှင်ပွဲများ ကျင်းပလျက်ရှိကြောင်း သိရသည်။ **နိုင်ထွန်း(TGI)**

တောင်သူလယ်သမားများအား ဓာတ်မြေဩဇာ အခမဲ့ ထောက်ပံ့ကူညီ

ဝိုင်းမော် မတ် ၁၆

အမျိုးသားလွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုကော်မတီဥက္ကဋ္ဌ ကချင်ပြည်နယ်မဲဆန္ဒနယ်မြေ(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်က ဦးဆောင်၍ Farmer Power Co., Ltd ၏ ကူညီပံ့ပိုးမှုဖြင့် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းရှိ တောင်သူလယ်သမား ၁၅၀ ကို လဝမ်ကထောင်ကျေးရွာ၌ မတ် ၁၂ ရက်က စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုနိုင်ရန်အတွက် ယူရီးယားဓာတ်မြေဩဇာအိတ် ၁၅၀ ကို အခမဲ့ ကူညီထောက်ပံ့ပေးခဲ့သည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးပူးပေါင်း ပန်းအလှပြင်သင်တန်းဆင်း

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံပန်းအလှပြင်သင်တန်း (၁/၂၀၁၄) ဆင်းပွဲအခမ်းအနားကို ဒဂုံမြို့နယ် လွှတ်တော်ရုံးဝင်းအတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့ရုံး၌ မတ် ၁၄ ရက် ညနေ ၄ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းဆရာမအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်အေးနွယ်က ထူးချွန်သင်တန်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ထို့နောက် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းသူများ၏ ဖန်တီးအလှဆင်ထားသော ပန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ **(အပေါ်ပုံ)** **တင်ဝင်းလေး (ကြည့်မြင်တိုင်)**

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✳ **ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်သမ္မတသည် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကချင်ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းရင်းသားမျိုးနွယ်စု ခေါင်းဆောင်များ၊ မြို့မိမြို့ဖများ၊ ကချင်နှင့်ရှမ်း ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ အသင်းတော်များမှ သိက္ခာတော်ရဆရာများ၊ နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက ကချင်ပြည်နယ်အတွင်း ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးနှင့် ရေတိုးတက်ရရှိမှုဆိုင်ရာ အခြေအနေများ၊ မြစ်ကြီးနားမြို့ ဖွံ့ဖြိုးမှုအခြေအနေနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ပညာရေးကဏ္ဍ အဆင့်အတန်းမြင့်မားရေးအတွက် ပြုပြင်ပြောင်းလဲနေမှုများ၊ တိုင်းရင်းသား စာပေနှင့် ပုဂ္ဂလိကပညာရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများ၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာကိုကိုဦးက ကချင်ပြည်နယ်အတွင်း သိပ္ပံနှင့်နည်းပညာဆိုင်ရာတက္ကသိုလ်၊ ကောလိပ်နှင့်ကျောင်းများ ဖွင့်လှစ်သင်ကြားပေးနေမှု၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ကျန်းမာရေးဆိုင်ရာ ရန်ပုံငွေတိုးမြှင့်သုံးစွဲနေမှု၊ ပြည်နယ်အတွင်းဆေးရုံများဖွင့်လှစ်ထားမှုနှင့် ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ခန့်ထားပေးမှု၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က နိုင်ငံတစ်ဝန်းလမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်နေမှုနှင့် ပြည်နယ်အတွင်း လမ်း၊ တံတားများ ဆောက်လုပ်ပေးနေမှု၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ပြည်နယ်အတွင်း ကူညီစောင့်ရှောက်ရေးနှင့် ကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား ကချင်ပြည်နယ်ဝန်ကြီးချုပ်က ကချင်ရိုးရာဝတ်စုံကို ဝတ်ဆင်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် ယခင်က ကချင်ပြည်နယ်သို့ မကြာခဏ ရောက်ရှိခဲ့သော်လည်း အစိုးရသစ် တာဝန်ယူခဲ့ပြီးနောက် အကြောင်းကြောင်းကြောင့် လာရောက်နိုင်ခြင်းမရှိခဲ့ကြောင်း၊ မိမိကိုယ်တိုင် လာရောက်နိုင်ခြင်းမရှိသော်လည်း ကချင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ လူမှုရေး၊ စီးပွားရေး၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယခုခရီးစဉ်တွင် မိမိတို့ တာဝန်ယူခဲ့သည့် သုံးနှစ်တာအတွင်း ကြိုးပမ်း လုပ်ဆောင်မှုများကို ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်သည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများကို ရှင်းလင်းပြောကြားလိုကြောင်း။

မိမိတို့နိုင်ငံတွင် မှီတင်းနေထိုင်သည့် သန်း ၆၀ သော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ တူညီသော အဓိကဆန္ဒနှစ်ခုမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ကြောင်း။

ပြည်သူများ၏တူညီသည့် ဆန္ဒနှစ်ခုသည် မိမိတို့အစိုးရ၏ ရည်ရွယ်ချက်ပင်ဖြစ်ပြီး ထိုရည်ရွယ်ချက်နှစ်ခုအောင်မြင်အောင် အကောင်အထည်ဖော်ရေးသည် မိမိတို့၏ ရည်မှန်းချက်ပင်ဖြစ်ကြောင်း။

ပြောင်းလဲကျင့်သုံးနေသည့် ဒီမိုကရေစီစနစ်နှင့်အညီ လိုက်လျောညီထွေ ဖြစ်ပြီး အထက်ပါရည်မှန်းချက်နှစ်ခုကို အောင်မြင်စေရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် နိုင်ငံရေးတည်ငြိမ်စေရန်၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပြည်သူများအားလုံး ပါဝင်နိုင်စေရန်နှင့် နှစ်ပေါင်း ၆၀ ကျော် ဖြစ်ပွားခဲ့သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းပြီး တရားဥပဒေစိုးမိုးစေရန် ဆောင်ရွက်ခဲ့ကြောင်း။

စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွင် ဆင်းရဲနွမ်းပါးမှု လျှော့ချရန်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ထွန်းကားစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း။

တစ်ချိန်တည်းမှာပင် နှစ်ပေါင်း ၂၀ ကျော်ကြာ ပိတ်ဆို့ထားသည့် စီးပွားရေးပိတ်ဆို့မှုများ ပြန်လည်ရုပ်သိမ်းစေရန်၊ မြန်မာနိုင်ငံမှ ပို့ကုန်များအနေဖြင့် GSP အခွင့်အရေးများပြန်လည်ခံစားနိုင်ရန်နှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေပြဋ္ဌာန်းနိုင်ရန်တို့ကို ဆောင်ရွက်ခဲ့ကြောင်း။

ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင်လည်း အခြေခံမှစပြီး ပြုပြင်ပြောင်းလဲနိုင်အောင် ဆောင်ရွက်နေသကဲ့သို့ ပြည်သူကိုဗဟိုပြုသည့် အုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲ ကျင့်သုံးနေပြီဖြစ်ကြောင်း။

ပြည်သူတွေ လိုလားနေသည့် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရတာဝန်ယူပြီး လပိုင်းအတွင်းမှာပင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့ဆိုလျှင် အဖွဲ့ ၁၆ဖွဲ့အနက် ၁၄ ဖွဲ့နှင့် သဘောတူညီချက်အချို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ တစ်ပြည်လုံးအတိုင်းအတာနှင့် အပစ်အခတ်ရပ်စဲပြီး နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် တစ်ပြည်လုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ရန် လိုင်ဇာ ကွန်ဖရင့်၊ လော်ခီးလာ ကွန်ဖရင့်များကျင်းပပြီး တိုင်းရင်းသားများအားလုံးက ကြိုးပမ်းဆောင်ရွက်နေမှုသည် ငြိမ်းချမ်းရေးအတွက် အားတက်စရာပင် ဖြစ်ကြောင်း၊ ကချင်ပြည်နယ်နှင့် ပတ်သက်ပြီး ပြီးခဲ့သည့်နှစ်များအတွင်းက တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည့်အတွက် တပ်မတော်၊ ကေအိုင်အို/ကေအိုင်အေနှင့် ပြည်သူများအားလုံး ထိခိုက်ဆုံးရှုံးခဲ့ရကြောင်း၊ **မည်သည့်ဘက်မှ ထိခိုက်ဆုံးရှုံးသည်ဖြစ်စေ ထိုဆုံးရှုံးခြင်းသည် တိုင်းပြည်အတွက် ဆုံးရှုံးရခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံအကြီးအကဲဖြစ်သည့် မိမိအနေဖြင့် အားလုံးအတွက် ဝမ်းနည်းကြေကွဲခဲ့ရပါကြောင်း၊ ထိုဖြစ်စဉ်များနှင့် ပတ်သက်ပြီး မည်သူမှန်သည်၊မည်သူမှားသည်ဆိုပြီး ပြစ်တင်ရှုတ်ချမည့်အစား ထိုဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်ရပ်များကို သင်ခန်းစာယူပြီး နှစ်ဦးနှစ်ဖက် မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်မည်ဆိုသည့် နည်းလမ်းကို အဓိကထားရှာဖွေကြဖို့ တိုက်တွန်းလိုကြောင်း၊ တစ်ဖက်နှင့် တစ်ဖက် အမှား၊ အမှန် အငြင်းပွားခြင်း၊ ပြစ်တင်ရှုတ်ချခြင်းများသည် လက်ရှိရင်ဆိုင်နေရသည့် ပြဿနာကို ဖြေရှင်းရာမရောက်ဘဲ ဆိုးကျိုးများကိုသာ ပေါ်ပေါက်စေမှာဖြစ်ကြောင်း။**

ယခုကဲ့သို့ ရပ်တည်ပြောကြားခြင်းသည် ဖုံးကွယ်ခြင်း၊ ဘက်လိုက်ခြင်း မဟုတ်ကြောင်း၊ အပြစ်တင်ခြင်းရှုထောင့်ကမြင်ခြင်းထက် သမိုင်းသင်ခန်းစာရယူပြီး ဝမ်းနည်းကြေကွဲဖွယ်ရာအဖြစ်များ ထပ်မံမဖြစ်ပွားစေလိုသည့် စစ်မှန်သောစေတနာဖြင့် ပြောကြားခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ ထပ်မံမဖြစ်ပွားအောင် ဆောင်ရွက်ရန်အတွက်လည်း သန္နိဋ္ဌာန်ချမှတ်ထားပါကြောင်း၊ မိမိတို့အစိုးရနှင့် ကေအိုင်အို/ကေအိုင်အေအကြား နှစ်ဖက်ယုံကြည်မှုတည်ဆောက်ရေးကို အဓိကထားပါကြောင်း၊ နှစ်ဦးနှစ်ဖက် ယုံကြည်မှုရှိမှသာ အပစ်အခတ်ရပ်စဲရေး၊ စောင့်ကြည့်လေ့လာရေး၊ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ရေးစသည့် ငြိမ်းချမ်းရေး၏ ပုံမှန်လုပ်ငန်းစဉ်များကို အာရုံစိုက်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲရုံနှင့်မပြီးဘဲ နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာရန်၊ နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်ပြီး ကချင်ပြည်နယ်လူထုနှင့် မိမိတို့အားလုံး လိုလားလျက်ရှိသည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း၊ ထို့ကြောင့် နိုင်ငံရေးဆွေးနွေးပွဲများကို တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးပြီးသည်နှင့် တစ်ပြိုင်နက် စတင်ဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေကြောင်း။

တပ်မတော် အနေဖြင့်လည်း အဆိုပါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နိုင်ငံတော်အစိုးရနှင့် တစ်သားတည်းရှိပြီး ဟန်ချက်ညီညီ အကောင်အထည်ဖော်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် စတင်အကောင်အထည်ဖော်နေသည့် ငြိမ်းချမ်းရေး ဆောင်ရွက်ချက်များသည် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အထောက်အကူပြုစေမှာ ဖြစ်ကြောင်း။

ဤကဲ့သို့ **အထွေထွေပြုပြင်ပြောင်းလဲမှုများသည် တိုင်းရင်းသားညီအစ်ကိုအားလုံး တန်းတူရည်တူအခွင့်အရေးဖြင့် ပါဝင်ခွင့်ရမည့် လွတ်လပ်ပွင့်လင်းသည့် လူ့အဖွဲ့အစည်းကို တည်ဆောက်နေခြင်းဖြစ်**သောကြောင့် တိုင်းရင်းသားအားလုံး၊ နိုင်ငံသားအားလုံးက ကိုယ်စီပူးပေါင်း ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက ကချင်ရိုးရာဝတ်စုံ ဝတ်ဆင်ပေးစဉ်။ (သတင်းစဉ်)

တစ်ဖက်နှင့်တစ်ဖက် အမှား၊ အမှန် အငြင်းပွားခြင်း၊ ပြစ်တင်ရှုတ်ချခြင်းများသည် လက်ရှိရင်ဆိုင်နေရသည့် ပြဿနာကို ဖြေရှင်းရာမရောက်ဘဲ ဆိုးကျိုးများကိုသာ ပေါ်ပေါက်စေမှာဖြစ်။

တပ်မတော်အနေဖြင့်လည်း အဆိုပါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နိုင်ငံတော်အစိုးရနှင့် တစ်သားတည်းရှိပြီး ဟန်ချက်ညီညီ အကောင်အထည်ဖော်ရန် ကြိုးပမ်းဆောင်ရွက်နေ။

အထွေထွေ ပြုပြင်ပြောင်းလဲမှုများသည် တိုင်းရင်းသား ညီအစ်ကိုအားလုံး တန်းတူရည်တူအခွင့်အရေးဖြင့် ပါဝင်ခွင့်ရမည့် လွတ်လပ်ပွင့်လင်းသည့် လူ့အဖွဲ့အစည်းကို တည်ဆောက်နေခြင်းဖြစ်။

ပြည်တွင်းသတင်း

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားတိုင်း၏ တန်းတူညီမျှမှု၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှု၊ လွတ်လပ်

နေပြည်တော် မတ် ၁၆

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ညနေပိုင်းတွင် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်သို့သွားရောက်၍ နိုင်ငံတော်သြဝါဒါစရိယ ဝန်းသိုဆရာတော်ကြီး အမှူးပြုသော မြစ်ကြီးနားမြို့မှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုသည်။

ထိုသို့ဖူးမြော်ရာတွင် နိုင်ငံတော်သြဝါဒါစရိယ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသီလဝံသထံမှ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ရုံးတွင် ခရစ်ယာန်အသင်းတော်ပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ထို့နောက် ဝန်းသိုဆရာတော်ကြီးက မိုးကောင်းမြို့နယ် မြတောင်ကျေးရွာ မြတောင်ကျောင်းဝင်းအတွင်း တည်ထားကိုးကွယ်သော သဗ္ဗသုခဓာတုစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်အား နိုင်ငံတော်သမ္မတထံပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်သမ္မတက အများပြည်သူတင်လှူပူဇော်နိုင်ရန်အတွက် စိန်ဖူးတော်အား ဂေါပကအဖွဲ့ထံ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများက ဆရာတော်များထံ သင်္ကန်းပရိက္ခရာနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အခမ်းအနားတွင် မြစ်ကြီးနားမြို့ရှိ ဘုန်းတော်ကြီးကျောင်း ၁၅ ကျောင်းသို့ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များ၊ တပ်မတော်(ကြည်း၊ရေ၊ လေ) မိသားစုများက ဆွမ်းဆန်တော်နှင့် စားသုံးဆီများ လှူဒါန်းခဲ့ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ရုံးသို့ရောက်ရှိပြီး ခရစ်ယာန်အသင်းတော်ပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အသင်းတော်အားလုံး၏ကိုယ်စား ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရ ဒေါက်တာ ခလမ်ဆမ်ဆွန်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အသင်းတော်များသို့ ဆန်အိတ်များနှင့် စားသုံးဆီများ ပေးအပ်လှူဒါန်းသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ဆန်အိတ်များ၊ စားသုံးဆီများနှင့် ငွေကျပ်သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆန်အိတ်များ၊ စားသုံးဆီများနှင့် ငွေကျပ်သိန်း ၂၀ တို့ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် ခရစ်ယာန်အသင်းတော်များက နိုင်ငံတော်သမ္မတအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး နိုင်ငံတော်သမ္မတက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယနေ့အခမ်းအနားသို့ ကြွရောက်လာကြသော သိက္ခာတော်ရ ဆရာတော်များ၊ ခရစ်ယာန်ဘုန်းတော်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

ကချင်ပြည်နယ်တွင် ငြိမ်းချမ်းရေးရောင်နီများ ထွက်ပေါ်လာနေသည့် အချိန်တွင် ယခုလို တွေ့ဆုံခွင့်ရရှိသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း။

မိမိအနေဖြင့် နိုင်ငံတော်သမ္မတတာဝန်ကို စတင်ထမ်းဆောင်ချိန်မှစပြီး

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်KIO-KIA သာမဟုတ်ဘဲ ဘယ်သူမျှ ကျန်ရစ်ခဲ့၍မရပါကြောင်း၊ အားလုံးပါဝင်ရန်၊ အားလုံးပါဝင်ခွင့်ရရှိရန် သိပ်ကိုအရေးကြီးပါကြောင်း၊ ထို့ကြောင့်လည်း မိမိတို့အနေဖြင့် အားလုံးပါဝင်သော ဆွေးနွေးပွဲများကို အရှိန်အဟုန်မြှင့်တင်ပြီး ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ပြည်ထောင်စုကြီး၏ တစ်မိုးအောက်တွင် တစ်မြေတည်းနေ၊ တစ်ရေတည်း သောက်ကြရသည့် သန်း ၆၀ သော ပြည်သူအားလုံးအတွက် ငြိမ်းချမ်းရေးသည် ပထမ၊ ငြိမ်းချမ်းရေးသည် ဒုတိယ၊ ငြိမ်းချမ်းရေးသည် တတိယဖြစ်။

သန်း ၆၀ သော ပြည်သူလူထု၏ တူညီသောဆန္ဒကြီး နှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းနိုင်ရန် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုလို သုံးနှစ်ပြည့်မြောက်သည့်အချိန်တွင်သိသာထင်ရှားသည့် အောင်မြင်မှုများရရှိခဲ့သကဲ့သို့ မျှော်လင့်မထားသော စိန်ခေါ်မှုများလည်း တွေ့ကြုံရင်ဆိုင်ခဲ့ရပါကြောင်း၊ ထိုသို့စိန်ခေါ်မှုများကိုလည်း ဤနိုင်ငံထဲတွင်ရှိသည့် မိမိတို့ နိုင်ငံသားအားလုံး၏ ညီညွတ်မှု၊ ဘာသာရေးခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမားမှု၊ မိဘပြည်သူအားလုံး၏ ထောက်ခံမှုများနှင့် ကျော်ဖြတ်လာခဲ့ရခြင်းဖြစ်ပါကြောင်း။

မကြာသေးခင်က ရန်ကုန်မြို့တွင် တိုင်းရင်းသားခေါင်းဆောင်များနှင့် မိမိတို့ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ တွေ့ဆုံဆွေးနွေးခဲ့ကြပါကြောင်း၊ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများ တည်ဆောက်နိုင်ခဲ့သည့်အတွက် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးမည့်နေ့ရက်များ တဖြည်းဖြည်းချင်း နီးကပ်လာနေပြီဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်သည်လည်း မိမိတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တစ်သားတည်း ပါဝင်လာမည်ဟုလည်း မျှော်လင့်ထားပါကြောင်း၊ ကချင်ပြည်နယ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တတ်နိုင်သော အခန်းကဏ္ဍမှ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသော ငြိမ်းအေးသာယာခြင်းတရားတော်ကို ချီးမြှင့်ပေးခဲ့ကြသည့်အတွက် ဆရာတော်များ၊ ဘုန်းတော်ကြီးများကို ပြည်သူလူထုကိုယ်စား ကျေးဇူးအထူးပင်တင်ရှိပါကြောင်း။

မိမိတို့သည် ရှေးပဝေသဏီကတည်းက မတူကွဲပြားသော ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ ညီညီညွတ်ညွတ် ငြိမ်းငြိမ်းချမ်းချမ်းနှင့် အတူတကွ ယှဉ်ပြိုင်နေထိုင်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ မိမိတို့ လက်ရှိကျင့်သုံးနေသည့် **ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း နိုင်ငံသားတိုင်း၏ တန်းတူညီမျှမှု၊ လွတ်လပ်စွာ**



ကိုးကွယ်ယုံကြည်မှု၊ လွတ်လပ်စွာထုတ်ဖော်ပြောကြားမှုတို့ကို အာမခံချက်ပေးထားပြီးဖြစ်ပါကြောင်း၊ လူမျိုးဘာသာ ဘယ်လိုပဲကွဲပြားစေကာမူ တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ ညီညွတ်ခြင်း၊ ချမ်းသာခြင်းတို့သည် မိမိတို့အားလုံး၏ တူညီသောပန်းတိုင်ဖြစ်ပါကြောင်း၊ မတူကွဲပြားမှုများကို စုပေါင်းစွမ်းအားအဖြစ် ပြောင်းလဲနိုင်ရန်၊ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံနှင့် ညီညွတ်မှု Unity in Diversity ကို တည်ဆောက်သွားနိုင်ရန် အထူးပင်အရေးကြီးနေပြီဖြစ်ပါကြောင်း။

မိမိတို့၏ ဗုဒ္ဓရှင်တော်မြတ်ဘုရားက "ဆူပူခြင်း၊ ကြမ်းတမ်းခြင်း၊ရက်စက်ခြင်း၊ ဖျက်ဆီးခြင်းတို့ကို မေတ္တာ-ခန္တီ-အဟိံသ-သစ္စာတရားတို့ဖြင့် ငြိမ်းချမ်းစေရာ၏" ဆိုပြီး ဟောကြားတော်မူခဲ့ပါကြောင်း၊ အလားတူ **ရှင်ယောဟန်**

နိုင်ငံတေ
အသင်းတော်
များနှင့် စား
လှူဒါန်းစဉ်။

ပြည်တွင်းသတင်း

ည်မှု၊ လွတ်လပ်စွာ ထုတ်ဖော်ပြောကြားမှုတို့ကို အာမခံချက်ပေးထားပြီးဖြစ်

သည့် တည်ငြိမ်
ရန် နိုင်ငံရေး၊
ဝိုင်ရာ ပြုပြင်
ဲ့မြောက်သည့်
သို့ မျှော်လင့်
ကြောင်း၊ ထိုသို့
သားအားလုံး၏
ကြီးမားမှု၊ မိဘ
်ပါကြောင်း။
ဆောင်များနှင့်
အရာရှိကြီးများ
ယုံကြည်မှုများ
စ်ရေး သဘော
းကပ်လာနေပြီ
မ်းရေးလုပ်ငန်း
ျှော်လင့်ထားပါ
တတ်နိုင်သော
းသာယာခြင်း
း၊ ဘုန်းတော်
ကြောင်း။
ဘာသာပေါင်းစုံ၊
ာကွ ယှဉ်ပြိုင်
ည့် **ဖွဲ့စည်းပုံ**
လွတ်လပ်စွာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံ မိုးကောင်းမြို့နယ် မြတောင်ကျေးရွာ မြတောင်ကျောင်းဝင်းအတွင်း တည်ထားကိုးကွယ်သော သဗ္ဗသုခ ဓာတုစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်အား ဝန်းသိုဆရာတော်ကြီးက ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပေးအပ် လှူဒါန်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အသင်းတော်များသို့ ဆန်အိတ်များနှင့် စားသုံးဆီများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ခရစ်ဝင်၊ အခန်းကြီး (၁၄)၊ အပိုဒ်ငယ်(၂၇) မှာ "ငြိမ်းချမ်းသာယာခြင်းကို သင်တို့၌ ငါထားခဲ့၏။ ငါ၏ငြိမ်းချမ်းသာယာခြင်းကို သင်တို့အား ငါပေး၏။ သင်တို့ စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်းမရှိစေနှင့်" ဆိုပြီး ဖော်ပြထားပါကြောင်း၊ တရားဓမ္မသည် ဘာသာတရားအားလုံးတွင် တည်နေပါကြောင်း၊ ဘုရားရှင်တိုင်းသည် မဟာကရုဏာရှင်များဖြစ်ကြသကဲ့သို့ ဘာသာတရားတိုင်းသည်လည်း ငြိမ်းချမ်းရေးကို မြှင့်တင်ဖော်ဆောင်နေကြခြင်းဖြစ်ပါကြောင်း။

လောဘ၊ ဒေါသ၊ မောဟ၊ မာနနှင့် ဣဿာမစ္ဆရိယအစရှိသော လူကိုဖျက်ဆီးစေတတ်သည့် စိတ်ကိုညစ်နွမ်းစေတတ်သော တရားများကြောင့် မိမိတို့နိုင်ငံ ယနေ့အထိ မငြိမ်းချမ်းသေးပါကြောင်း၊ ယနေ့အချိန် မိမိတို့နိုင်ငံတွင် အမျိုးသားညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အရေးတကြီးလိုအပ်နေပြီဖြစ်ပါကြောင်း၊ မပြီးဆုံးနိုင်သေးသည့် တိုက်ပွဲများကြောင့် မိမိတို့ မျိုးဆက်သစ်များ၏ ပညာရေး၊ ကျန်းမာရေးအပါအဝင် အစစအရာရာ နောက်ကျကျန်နေခဲ့ရပါကြောင်း၊ မငြိမ်းချမ်းနိုင်သေးသော ဒေသများတွင် တည်ငြိမ်အေးချမ်းမှုကင်းဝေးနေပြီး လုံခြုံမှုများပျောက်ကွယ်နေခဲ့ရပါကြောင်း၊ တောထဲတောင်ထဲတွင် ရွှေ့ပြောင်းတိမ်းရှောင်နေရသော သားသည် မိခင်များ၊ အရွယ်မရောက်သေးသော ကလေးသူငယ်များ၊ စာအံသံတိတ်ဆိတ်နေသော စာသင်ကျောင်းများ၊ မသေချာမရေရာနိုင်သေးသော အနာဂတ်များကို မိမိတို့အားလုံး လျစ်လျူရှု၍မရပါကြောင်း၊ သန်း ၆၀ သော မိဘပြည်သူအားလုံး ဆန္ဒရှိသော ပြည်တွင်းစစ်မီးလျှံများ ငြိမ်းသတ်နိုင်ရေးဆိုသော တူညီသည့် မျှော်လင့်ချက်ကို မိမိတို့အလေးထားဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ဥပေက္ခာပြုလို့မရသည့်ကိစ္စဖြစ်ပါကြောင်း။

ဖွံ့ဖြိုးရေးကိုတစ်ခဏချင်း လှမ်းတက်သွားနိုင်မည့် အခြေအနေကောင်းများ၊ အခြေခံအုတ်မြစ်များရှိပြီးသားဖြစ်သည့် ကချင်ပြည်နယ်ကြီးငြိမ်းချမ်းသွားပြီဆိုလျှင် စက်မှုဇုန်များ၊ ကုန်သွယ်ရေးဇုန်များ၊ ခေတ်မီစိုက်ပျိုးရေးဇုန်များ၊ ကျောက်မျက်နှင့်သစ်တောထွက် အချောထည်စက်မှုဇုန်ကြီးများ၊ ရေခဲတောင်များနှင့် သဘာဝကိုအခြေခံသည့် ခရီးသွားလုပ်ငန်းများအားလုံးသည် အချိန်တိုတိုအတွင်း အရှိန်အဟုန်နှင့်ဖွံ့ဖြိုးလာမည်မှာ သေချာပါကြောင်း၊ ထိုသို့ အားလုံးမျှော်လင့်နေသည့် လှပသောအနာဂတ်ကို နှောင့်နှေးကြန့်ကြာမှုမရှိရလေအောင် မိမိတို့ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အရှိန်အဟုန်မြှင့်ပြီး ကြိုးပမ်းနေခြင်းဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲပြီးလျှင် တိုင်းရင်းသားအားလုံး နှစ်ပေါင်းများစွာ တောင့်တနေသော နိုင်ငံရေးစားပွဲဝိုင်းကို ဆက်တိုက်သွားတော့မည်ဖြစ်ပါကြောင်း၊ ယနေ့တစ်နိုင်ငံလုံးက စိတ်ဝင်စားနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်တွင် မိမိတို့၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၊ နိုင်ငံရေးပြဿနာများကို အဖြေရှာသော စားပွဲဝိုင်းများက ထွက်ပေါ်လာမည့် တိုင်းရင်းသားများ၏ လိုလားချက်၊ တောင်းဆိုချက်များကို ချန်လှပ်မထားရန် မိမိကိုယ်တိုင်လည်း မိန့်ခွန်းများတွင် ထည့်သွင်းပြောကြားခဲ့ပြီး ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် KIO-KIA သာမဟုတ်ဘဲ ဘယ်သူမျှ ကျန်ရစ်ခဲ့၍မရပါကြောင်း၊ အားလုံးပါဝင်ရန်၊ အားလုံးပါဝင်ခွင့်ရရှိရန် သိပ်ကို အရေးကြီးပါကြောင်း၊ ထို့ကြောင့်လည်း မိမိတို့အနေဖြင့် အားလုံးပါဝင်သော ဆွေးနွေးပွဲများကို အရှိန်အဟုန်မြှင့်တင်ပြီး ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ပြည်ထောင်စုကြီး၏တစ်မိုးအောက်တွင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြရသည့် သန်း ၆၀ သော ပြည်သူအားလုံးအတွက် ငြိမ်းချမ်းရေးသည် ပထမ၊ ငြိမ်းချမ်းရေးသည် ဒုတိယ၊ ငြိမ်းချမ်းရေးသည် တတိယ ဖြစ်ကြောင်း၊ မိမိတို့ခေတ် မိမိတို့လက်ထက်တွင် ကချင်ပြည်နယ်ကြီး အပါအဝင် တစ်နိုင်ငံလုံး ငြိမ်းချမ်းသွားသည်ကို မြင်ချင်ပါကြောင်း၊ အနာဂတ်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းသာယာသော ကချင်ပြည်နယ်ကြီးကို လက်ဆောင်အဖြစ် ပေးခဲ့ချင်ပါကြောင်း။

ယင်းမှာ မိမိတို့အားလုံး၏ တူညီသော မျှော်လင့်ချက်၊ မိမိတို့အားလုံးအတွက် တူညီသောရပ်တည်ချက်ဖြစ်မည်ဖြစ်ပါကြောင်း၊ ဆရာတော်များ၊ ဘုန်းတော်ကြီးများအနေဖြင့်လည်း သန်း ၆၀ သော ပြည်သူအားလုံး မျှော်လင့်နေသော ကချင်ပြည်နယ် ငြိမ်းချမ်းရေး၊ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးအတွက် မှန်ကန်သောဉာဏ်ပညာများရရှိစေရန်၊ အမြော်အမြင်ရှိသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ကောင်းချီးပေးပါ။ လောဘ၊ ဒေါသ၊ မောဟ အမှောင်တိုက်တွေကို အလင်းရောင်နဲ့ ဖြိုခွင်းပေးပါ။ မိမိတို့အားလုံး၏ နှလုံးသားများကို ပြုပြင်ပေးပါ။ တတ်နိုင်သမျှ ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးကြပါဟု အလေးအနက် မေတ္တာရပ်ခံပန်ကြားလိုပါကြောင်း၊ ဘုရားသခင်၏ နာမတော်၌ ကောင်းချီးမင်္ဂလာရောက်ပါစေကြောင်းဖြင့် ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ဆွမ်ပရာဘွမ်မြို့နယ် နေရပ်ပြန်မိသားစုခြောက်စုအတွက် ငွေကျပ်သိန်း ၆၀နှင့် ကချင်ပြည်နယ်ရှိ ကယ်ဆယ်ရေးစခန်းများအတွက် အိမ်ထောင်စု ၁၀၀ စာ ကယ်ဆယ်ရေးပစ္စည်း ခုနစ်မျိုးပါ အစုံ ၁၀၀ တို့ကို ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

ရှင်ယောဟန် ခရစ်ဝင်၊ အခန်းကြီး (၁၄)၊ အပိုဒ်ငယ်(၂၇) မှာ "ငြိမ်းချမ်းသာယာခြင်းကို သင်တို့၌ ငါထားခဲ့၏။ ငါ၏ ငြိမ်းချမ်းသာယာခြင်းကို သင်တို့အား ငါပေး၏။ သင်တို့ စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်းမရှိစေနှင့်" ဆိုပြီး ဖော်ပြထား၊ တရားဓမ္မသည် ဘာသာတရားအားလုံးတွင် တည်နေ၊ ဘုရားရှင်တိုင်းသည် မဟာကရုဏာရှင်များ ဖြစ်ကြသကဲ့သို့ ဘာသာတရားတိုင်းသည်လည်း ငြိမ်းချမ်းရေးကို မြှင့်တင်ဖော်ဆောင်နေကြခြင်းဖြစ်။

ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်လည်း နိုင်ငံသားတိုင်း၏ တန်းတူညီမျှမှု၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှု၊ လွတ်လပ်စွာထုတ်ဖော်ပြောကြားမှုတို့ကို အာမခံချက်ပေးထားပြီးဖြစ်၊ လူမျိုးဘာသာ ဘယ်လိုပဲ ကွဲပြားစေကာမူတည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ ညီညွတ်ခြင်း၊ ချမ်းသာခြင်းတို့သည် မိမိတို့အားလုံး၏ တူညီသော ပန်းတိုင်ဖြစ်၊ မတူကွဲပြားမှုများကို စုပေါင်းစွမ်းအားအဖြစ် ပြောင်းလဲနိုင်ရန်၊ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံနှင့် ညီညွတ်မှု Unity in Diversity ကို တည်ဆောက်သွားနိုင်ရန် အထူးပင်အရေးကြီးနေပြီဖြစ်။

် အာမခံချက်
ဘာမှု တည်ငြိမ်
မိတို့အားလုံး၏
ပေါင်းစွမ်းအား
ှင့် ညီညွတ်မှု
အရေးကြီးနေပြီ

းခြင်း၊ရက်စက်
၌ဖြင့် ငြိမ်းချမ်း
ရှင်ယောဟန်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် ဆွမ်ပရာဘွမ်မြို့နယ် နေရပ်ပြန်မိသားစုခြောက်စုအတွက် ငွေကျပ် သိန်း ၆၀နှင့် ကချင်ပြည်နယ်ရှိ ကယ်ဆယ်ရေးစခန်းများအတွက် အိမ်ထောင်စု ၁၀၀ စာ ကယ်ဆယ်ရေးပစ္စည်း ခုနစ်မျိုးပါ အစုံ ၁၀၀ တို့ကို ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာထံ ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

အများပြည်သူဝန်ဆောင်မှု ဒစ်ဂျစ်တယ်စာကြည့်တိုက်စနစ် (Public Digital Library Service) ၏ e-book များ၌ ထည့်သွင်းဖော်ပြခွင့်ပြုရေး စာပေထုတ်ဝေသူများထံသို့ပန်ကြားချက်

မြန်မာနိုင်ငံ ဒေသအနှံ့အပြားရှိ ပြည်သူများ စာအုပ်စာပေများကို အလွယ်တကူ လေ့လာဖတ်ရှုနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနသည် Public Digital Library Service စနစ်ကို ပထမအဆင့်အနေဖြင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်များနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရိုင်စာကြည့်တိုက်များနှင့် သင့်တော်သည့် လူစည်ကားရာနေရာများ၌ တပ်ဆင်ပြီး ဝန်ဆောင်မှုပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ Public Digital Library Service ၌ ထည့်သွင်းမည့် စာအုပ်များတွင် ဖတ်ရှု၍ရရုံစနစ် Read Only နှင့် Soft Copy ကို ရယူနိုင်သည့်စနစ် Download တို့ ပါရှိပါသည်။ သို့ဖြစ်ပါ၍ စာအုပ်၊ စာစောင်နှင့် မဂ္ဂဇင်းစသည်တို့ကို ထပ်မံလှူဒါန်းလိုသော စာပေထုတ်ဝေသူများအနေဖြင့် ခွင့်ပြုလှူဒါန်းပေးနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။ လောလောဆယ် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း ထုတ်ဝေသော စာအုပ်များကို ထည့်သွင်းဖော်ပြဦးမည်မဟုတ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

စာပေထုတ်ဝေသူများအနေဖြင့် လှူဒါန်းလိုသည့် စာအုပ်စာစောင်များကို Soft Copy ရှိပါက Soft Copy ဖြင့် လှူဒါန်းပေးပါရန်နှင့် Soft Copy ပေးရန်မရှိပါက လှူဒါန်းလိုသည့် စာအုပ်အမည်စာရင်းကို စာရေးသူအမည်ဖော်ပြလျက် အောက်ပါလိပ်စာအတိုင်း ၂၅-၃-၂၀၁၆ ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

ဦးအေးကြွယ်
ညွှန်ကြားရေးမှူး(ထုတ်လုပ်)
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၉-၈၆၃၄၅၁၇

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ပြည်တွင်းသတင်း

ပအိုဝ်းအမျိုးသားနေ့ ဘားအံမြို့၌ကျင်းပ

ဘားအံ မတ် ၁၆

ပအိုဝ်းအမျိုးသား စာပေနှင့် ယဉ်ကျေးမှု မပျောက်ပျက်အောင် ထိန်းသိမ်းရေးအတွက် ပအိုဝ်းအမျိုးသားတို့၏ အမွန်မြတ်ဆုံးသော အမျိုးသားနေ့ကို နှစ်စဉ်ကျင်းပရာ ပအိုဝ်းအမျိုးသားနေ့ကို ကရင်ပြည်နယ် ဘားအံခရိုင် မိသရောင် ကျေးရွာအုပ်စု ရွှေကဲ ကျေးရွာတွင် ယနေ့ နံနက် ၇ နာရီက ကျင်းပသည်။

အခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် သိရိပျံ့ချီဦးဇော်မင်းနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပအိုဝ်းတိုင်းရင်းသားများ တက်ရောက်ကြပြီး အလှည့်ကျသဘာပတိ ကရင်ပြည်နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှု အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးခွန်သိန်းတင်က အမှာစကားပြောကြားပြီးနောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ဆုချီးမြှင့်

ဆက်လက်၍ ပအိုဝ်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံစာတမ်းကို ပအိုဝ်းဘာသာဖြင့် ဒေါ်နန်းနုနုက ဖတ်ကြားပြီး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီနာယက ဦးအောင်ခမ်းထီထံမှ ပေးပို့သော သဝဏ်လွှာကို ကရင်ပြည်နယ် ပအိုဝ်းစာပေယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးခွန်မြအောင်က ဖတ်ကြားသည်။ ပအိုဝ်းတိုင်းရင်းသား သက်ကြီးအထင်ကရပုဂ္ဂိုလ် ဦးခွန်စိုးတင့်နှင့် ဦးခွန်ကြိုးရှိန်တို့၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားပြီး သက်ကြီးပအိုဝ်းတိုင်းရင်းသားနှစ်ဦးအား ဂုဏ်ပြုလက်ဆောင်များကို ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးခွန်သန်းမြင့်က ပေးအပ်ရာ ဦးခွန်မင်းအောင်က လက်ခံသည်။ ဆက်လက်၍ ပအိုဝ်းတိုင်းရင်းသား ဝန်ကြီးက ၂၀၁၂- ၂၀၁၃ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့သော သုံးဘာသာဂုဏ်ထူးရှင် ကျောင်းသူနှစ်ဦးအား ဆုချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် ပအိုဝ်းစာပေယဉ်ကျေးမှု ဥက္ကဋ္ဌ ဦးခွန်မြအောင်က ပအိုဝ်းစာပေ တိုးတက်ပြန့်ပွားရေး စွမ်းဆောင်ရည်ဆုကို ချီးမြှင့်ရာ ဆုရရှိသော ဥပုဒ်တောင်ကျောင်းမှ ကိုယ်စားလှယ် ဦးခွန်စိန်သန်းက လက်ခံသည်။

(ပြည်နယ် ပြန်/ဆက်)

မန္တလေးမြို့တွင် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကျင်းပ

မန္တလေး မတ် ၁၆

မန္တလေးမြို့ ချမ်းအေးသာစံ မြို့နယ် လမ်း ၃၀၊ ၈၂×၈၃လမ်းကြားရှိ ဗုဒ္ဓဘာသာ ဖူကျင်ကွမ်ရင်ဘုရားကျောင်း မင်္ဂလာခန်းမ၌ ပအိုဝ်းအမျိုးသားနေ့ ပွဲတော်နှင့် စာအောင် ဆုနှင်းသဘင်အခမ်းအနားကို မတ် ၁၅ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ ပအိုဝ်းသံဃာတော် အရှင်မြတ်များနှင့် ပအိုဝ်းအမျိုးသား အမျိုးသမီးများ တက်ရောက်ကြသည်။

ချီးမြှင့်

ရှေးဦးစွာ ပအိုဝ်းအမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် ပင့်သံဃာတော် ၁၅ ပါးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ပအိုဝ်းစာအောင်သံဃာတော် ခုနစ်ပါးတို့အား ဂုဏ်ပြုလက်မှတ်များ ဆက်ကပ်လှူဒါန်းခြင်း၊ တက္ကသိုလ်တက်ရောက်ပညာသင်ကြားလျက်ရှိသော ပအိုဝ်းလူမျိုး ၁၉ ဦးအား ထောက်ပံ့ငွေချီးမြှင့်ခြင်း၊ နည်းပညာတက္ကသိုလ်တွင် ဘာသာစုံဂုဏ်ထူးရရှိသော ပအိုဝ်းအမျိုးသမီး နှစ်ဦးအား ဂုဏ်ပြုလက်မှတ်နှင့် ထောက်ပံ့ငွေများချီးမြှင့်ခြင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ပအိုဝ်းလူမျိုး နှစ်ဦးအား ဂုဏ်ပြုလက်မှတ်များနှင့် ထောက်ပံ့ငွေများ ချီးမြှင့်သည်။

ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားတွင် ရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေစဉ်။

ထို့နောက် ပအိုဝ်းတိုင်းရင်းသားရိုးရာအကပဒေသာများနှင့် ပအိုဝ်းခေတ်ပေါ်တေးဂီတများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ကျော်ထူး(မန္တလေး)

■ *ကျောဖုံးမှ*

မနောမြေအသင်းတွင် အမာခံတိုက်စစ်မှူး အက်စလေပါဝင်လာ၍ တိုက်စစ်ကစားပုံပိုကောင်းခဲ့ပြီး ပွဲအစ ငါးမိနစ်မှာပင် နောက်ခံလူ အီဗရာဟင်မ်က အဖွင့်ဂိုးစတင်သွင်းယူပေးခဲ့သည်။ GFA အသင်းကလည်း ချေပဂိုးရရှိရေး အားထည့်ကစားခဲ့၍ မနောမြေအသင်း မိနစ် ၇၀ ကျော်မှ ဂိုးထပ်မံရရှိခဲ့သည်။ ၇၃ မိနစ်တွင် အက်စလေ၊ ၈၃ မိနစ်တွင် ငြိမ်းချမ်းအောင်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

(အောင်ဆန်းကွင်း)

ချင်းယူနိုက်တက် - **နှစ်ဂိုး**
(မာတူနာ)

ရောဝတီ - **နှစ်ဂိုး**
(ဆာဆာနှင့်နန္ဒလင်းကျော်ချစ်)

ပွဲစဉ်(၇)အပြီးတွင် ရတနာပုံအသင်းက ၁၉ မှတ်ဖြင့် ပထမ၊ နေပြည်တော်အသင်းက ၁၈ မှတ်ဖြင့် ဒုတိယ၊ ဧယျာဝတီရွှေမြေအသင်းက ၁၃ မှတ်ဖြင့် တတိယ၊ မကွေးအသင်းက ၁၂ မှတ်ဖြင့် စတုတ္ထ၊လက်ရှိချန်ပီယံ ရန်ကုန်အသင်းက ၁၁ မှတ်ဖြင့် ပဉ္စမနေရာတို့တွင် ရပ်တည်နေသည်။

အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာနိုင်ငံသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ မီဒီယာပြုပြင်ပြောင်းလဲမှုကိုပါ တစ်ချိန်တည်းလုပ်နိုင်သည့် နိုင်ငံဖြစ်

မြတ်သန္တာမောင်

နေပြည်တော် မတ် ၁၆

မတ် ၁၀ ရက်မှ ၁၂ ရက်အထိ အမေရိကန်အခြေစိုက် East-West Center (EWC) ကစီစဉ်သော စာနယ်ဇင်း လွတ်လပ်ခွင့်အတွက် စိန်ခေါ်မှုများ "Challenges of a Free Press" ခေါင်းစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာ သတင်းမီဒီယာညီလာခံ (International Media Conference) ကို ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMF-CCI) ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ထိုင်းနိုင်ငံမှ Mr. Kavi Chongkittavorn (Chairman, South-east Asian Press Alliance (SEAPA) , Bangkok, Thailand) ၏ ဆွေးနွေးတင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

မြန်မာနိုင်ငံရဲ့ မီဒီယာပြုပြင်ပြောင်းလဲမှုအကြောင်းကို ပြောရမယ်ဆိုရင် ဒီအပြောင်းအလဲဟာ တကယ့်ကို သိသာထင်ရှားလှပါတယ်။ ဘာလို့လဲဆိုတော့ အရှေ့တောင်အာရှနိုင်ငံတွေအားလုံးထဲမှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနဲ့အတူ မီဒီယာပြုပြင်ပြောင်းလဲမှုကိုပါ တစ်ချိန်တည်းလုပ်နိုင်တဲ့ နိုင်ငံဖြစ်တဲ့အတွက်ကြောင့်ပါ။

မြန်မာအစိုးရအပေါ် အသိအမှတ်ပြုစရာအကောင်းဆုံး အကြောင်းအရာကတော့ ရက်ပေါင်း တစ်ထောင်လောက်အတွင်းမှာ နိုင်ငံရေးအနေအထားနဲ့ နိုင်ငံတကာရဲ့ အမြင်တွေကိုပြောင်းလဲလိုက်နိုင်တာပါပဲ။

ဒါဟာ အရေးကြီးပါတယ်။ မြန်မာနိုင်ငံက ပြုပြင်ပြောင်းလဲမှုတွေကို အချိန်တိုအတွင်း သိသိသာသာ ပြုလုပ်နိုင်ခြင်းဟာ ပြည်တွင်းက ပြည်သူတွေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ဆန္ဒကို ပြည့်ဝအောင် ဖြည့်ဆည်းပေးလိုက်တာပါပဲ။

ပြည်တွင်းပြုပြင်ပြောင်းလဲမှုဟာ အရေးပါပါတယ်။ ဘာလို့လဲဆိုတော့ မြန်မာနိုင်ငံက မီဒီယာပြုပြင်ပြောင်းလဲမှုပြုလုပ်မှာဖြစ်လို့ပါ။

နံပါတ်တစ် အနေနဲ့ကတော့ ဒီနိုင်ငံရဲ့ အပြောင်းအလဲအတွက် အစိုးရနဲ့ ပြည်သူအကြား အပြန်အလှန် ထိတွေ့ပြောဆိုမှုတွေကို တိုးမြှင့်ဖို့လိုအပ်ပါတယ်။ ဒီလိုထိတွေ့မှုတွေဟာ အစိုးရနဲ့ ပြည်သူကြားမှာ ဆက်ဆံရေးကောင်းမွန်အောင် ကူညီနိုင်ဖို့အတွက် အလွန်အရေးပါတယ်လို့ ကျွန်တော် ထင်မြင်မိပါတယ်။

ဒုတိယအချက်ကလည်း အလွန်အရေးပါပါတယ်။ အဲဒါကတော့ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ နှစ်ဖက်ညှိနှိုင်းဆွေးနွေးကြဖို့ပါ။ အခုအချိန်မှာ တိုးတက်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ဒါဟာအလွန်အရေးကြီးပါတယ်။ မနေ့က ဆွေးနွေးမှုဟာ ကောင်းပါတယ်။ ဒီကောင်းမွန်တဲ့နိုင်ငံရေး အခြေအနေဟာ မီဒီယာပြုပြင်ပြောင်းလဲမှုကို အကူအညီပေးနိုင်ပါလိမ့်မယ်။

မီဒီယာ ပြုပြင်ပြောင်းလဲမှုကို ပြန်ကြည့်မယ်ဆိုရင် အကြောင်းရင်းနှစ်ခု ရှိပါတယ်။ Outside Media Resources (နိုင်ငံတကာမီဒီယာကဏ္ဍတွေနဲ့ မီဒီယာအဖွဲ့အစည်းတွေ)ကို မြန်မာနိုင်ငံဟာ မီဒီယာပြုပြင်မှုမှာ ကောင်းကောင်းအသုံးပြုခဲ့ပြီးပါပြီ။

ထိုင်းနိုင်ငံမှ Mr. Kavi Chongkittavorn ဆွေးနွေးစဉ်။

Outside Media Resources ဆိုတာဘာတွေလဲ။

ပထမအချက်ကို ဖော်ပြဖို့လိုပါတယ်။ Outside Resources ဆိုတာ နိုင်ငံတကာကဏ္ဍတွေနဲ့အဖွဲ့အစည်းတွေပါပဲ။ အကယ်၍ အခုအချိန်မှာ နိုင်ငံတကာ မီဒီယာကဏ္ဍတွေနဲ့ မီဒီယာအဖွဲ့အစည်းတွေ မြန်မာနိုင်ငံထဲမှာ ရှိမနေဘူးဆိုရင် ဒါဟာကျရှုံးမှုဖြစ်လာနိုင်ပါတယ်။

မြန်မာနိုင်ငံဟာ အာဆီယံနိုင်ငံတွေထဲမှာ နိုင်ငံတကာအဖွဲ့အစည်းတွေကို မီဒီယာပြုပြင်မှုနဲ့ ထိရောက်စွာအသုံးချတဲ့ တစ်ခုတည်းသော နိုင်ငံဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ပြည်တွင်းမီဒီယာကဏ္ဍကို ပြည်ပမီဒီယာကဏ္ဍထက်ဖွံ့ဖြိုးအောင်လုပ်ဖို့ လိုအပ်ပါတယ်။ပြည်တွင်းမီဒီယာတွေကို ယခင်အချိန်နဲ့ ယှဉ်ကြည့်ရင် ခေတ်မီလာပါပြီ။ မြန်မာနိုင်ငံ ပြည်တွင်းမီဒီယာလောကထဲကို အရင်ပြင်ပမီဒီယာဖြစ်တဲ့ မဇ္ဈိမနဲ့ DVB တို့ ပြန်လည်ဝင်ရောက်လာခဲ့ပါပြီ။ အခုအချိန်မှာ မဇ္ဈိမဟာပြည်တွင်းမှာပဲ ရင်းနှီးမြှုပ်နှံတဲ့ မီဒီယာကုမ္ပဏီတစ်ခုဖြစ်လာပြီး မြန်မာနိုင်ငံမှာ အခြေစိုက်ရုံးဖွင့်ခဲ့ပြီးပြီ။

လာအိုနဲ့ဗီယက်နမ်လို နိုင်ငံမျိုးတွေက မီဒီယာအခြေစိုက်ရုံးတွေဟာ ပါရီနဲ့ကယ်လီဖိုးနီးယားလို နိုင်ငံပြင်ပမှာ ဖြစ်တဲ့အတွက်ကြောင့် မီဒီယာလုပ်ငန်းတွေကို (ရုန်းကန်လှုပ်ရှား) အထူးအားစိုက်လုပ်ကိုင်နေရပါတယ်။ ဒီလို အခြေအနေမျိုး ဒီမှာမရှိပါဘူး။

မြန်မာ့မီဒီယာပြုပြင်မှုမှာ ဒီလိုပြည်ပနိုင်ငံမှာ မီဒီယာအခြေစိုက်ရုံးဖွင့်ပြီး လုပ်ကိုင်တာမျိုးတော့ ရှောင်သင့်ပါတယ်။ လာအိုနဲ့ ဗီယက်နမ်လို အထူးအားစိုက်လုပ်ကိုင်နေရခြင်းဟာ Outside Resources တွေကို ထိခိုက်စေပါတယ်။

ကျွန်တော်နောက်ဆုံးပြောချင်တဲ့အချက်ကတော့ မီဒီယာပြုပြင်ပြောင်းလဲမှုဟာ စီးပွားရေးအတွက်ကောင်းတယ်ဆိုတာပါပဲ။ ကျွန်တော်ပြောရင် ယုံပါ့မလားပဲ။ မနှစ်က ကျွန်တော်လာအိုမှာရှိနေတော့ မြန်မာနိုင်ငံက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ကိုယ်စားလှယ်တချို့ လာအိုကို အလည်အပတ်လာတာတွေ့ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို ဘယ်လိုမြှင့်တင်ခဲ့တာလဲလို့ ကျွန်တော် သူတို့ကို မေးကြည့်ပါတယ်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကြောင့်လို့ မြန်မာအဖွဲ့ခေါင်းဆောင်ထဲက တစ်ယောက်က ပြန်ဖြေပါတယ်။ ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ခဲ့တဲ့ အဖြေက နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ဖြစ်နေပါတယ်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဟာ ခရီးသွားလုပ်ငန်းကို မြှင့်တင်ဖို့ အကောင်းဆုံးပါပဲ။ ဒေသတွင်း နိုင်ငံတွေအတွင်းမှာ မြန်မာနိုင်ငံဟာ မီဒီယာပြုပြင်မှုလုပ်ခဲ့တာကြောင့် ဒီလိုဖြစ်လာတာဖြစ်ပါတယ်။ ဒါဟာ အလွန်စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဒါဟာ ဆက်စပ်မှုတစ်ခုပါပဲ။ နောက်ဆုံးအနေနဲ့ မီဒီယာလွတ်လပ်မှုအညွှန်းကိန်းအကြောင်းပြောပြီး ကျွန်တော် အဆုံးသတ်ပါတော့မယ်။

ကျွန်တော် မီဒီယာလွတ်လပ်မှုအညွှန်းကိန်းကို ကမ္ဘာ့မီဒီယာလွတ်လပ်ခွင့်နေ့မှာ ထုတ်ဝေခဲ့ပါတယ်။ အခုလောလောဆယ် ကမ္ဘာပေါ်မှာ မီဒီယာလွတ်လပ်မှု အညွှန်းကိန်းစာအုပ် ၂၆ အုပ်ရှိပါတယ်။ အဲဒီ ၂၆ အုပ်လုံးမှာ မီဒီယာလွတ်လပ်ခွင့်နဲ့ ပတ်သက်ပြီး အရှေ့တောင်အာရှက တစ်စိတ်တစ်ပိုင်းပဲရတယ်လို့ ဖော်ပြထားပါတယ်။ ကျွန်တော်တို့နိုင်ငံတွေဟာ မီဒီယာလွတ်လပ်ခွင့်နဲ့ ပတ်သက်ရင် ဖိနှိပ်မှုခံနေကြရပါတယ်။ ခင်ဗျားတို့ မလွတ်လပ်ဘူးလို့ ကျွန်တော်တို့ မပြောချင်ပါဘူး။ ကျွန်တော်တို့မှာ လွတ်လပ်မှုတော့ ရှိပါတယ်။ ဘယ်လောက်လွတ်လပ်မှုရတယ်ဆိုတဲ့ အတိုင်းအတာကပဲ ပြောစရာကိစ္စဖြစ်နေတာပါ။

ခင်ဗျားတို့ သိကြတဲ့အတိုင်း လွန်ခဲ့တဲ့ ရက်တစ်ထောင်အတွင်းမှာ မြန်မာနိုင်ငံရဲ့ မီဒီယာပြောင်းလဲမှုဟာ တကယ့်ကို အံ့သြစရာကောင်းခဲ့ပါတယ်။ ပြောရရင် မှတ်မှတ်ထင်ထင်ရှိတဲ့ အပြောင်းအလဲလို့ဆိုရမှာပေါ့။ မြန်မာ့မီဒီယာအပြောင်းအလဲဟာ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နဲ့ ကမ္ဘောဒီးယားထက်ကျော်သွားပြီ။ ဒီနိုင်ငံတွေရဲ့ မီဒီယာလွတ်လပ်မှု အညွှန်းကိန်းက မြန်မာနိုင်ငံနောက်မှာ ကျန်ခဲ့ပြီ။ ကျွန်တော်ထောက်ပြခဲ့တဲ့မလေးရှား၊ စင်ကာပူ၊ ထိုင်းနဲ့ မြန်မာနိုင်ငံတို့ရဲ့ မီဒီယာလွတ်လပ်မှုအညွှန်းကိန်းကို ဘယ်လိုရွေးချယ် သလဲလို့ မေးခွန်းထုတ်ကြရင် ဖြေရမှာ နည်းနည်းခက်ပါတယ်။ ပြဿနာကတော့ ဘယ်လောက်လွတ်လပ်လဲဆိုတာပါပဲ။ ကျေးဇူးတင်ပါတယ်။

စာမျက်နှာ ၅ မှ

ယခုအခါ တံတားဖွင့်ပွဲ မလုပ်ရသေးသော်လည်း ရာနှုန်းပြည့် တည်ဆောက်ရေးလုပ်ငန်း ပြီးစီးပြီဖြစ်၍ တံတားပေါ်၌ လူနှင့်ကားများ ဖြတ်သန်းခွင့်ပြုထားသောကြောင့် ကျွန်းကြီးတစ်ကျွန်းလုံးတွင် လူစီးကားများ၊ ကုန်တင်ကားများ၊ စတင်ဝယ်ယူမောင်းနှင်လျက်ရှိကြသည်ကို တွေ့မြင်ကြားသိနေရသည်။

အချုပ်အားဖြင့် တင်ပြရလျှင် ဟိုင်းကြီးကျွန်း သို့မဟုတ် ပင်လယ်တွင်းက ရေလမ်းခရီးသာရှိပြီး ကားလမ်းမရှိသည့်မြို့သည် ယခုမှစ၍ မော်တော်ကားဖြင့် တံတားကြီးပေါ်မှ ဖြတ်သန်းမောင်းနှင်ကာ ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကားလမ်းနှင့်ဆက်ပြီး ပုသိမ်-ရန်ကုန်-မန္တလေး အပါအဝင် မြန်မာတစ်ပြည်လုံးသို့ကားဖြင့် သွားနိုင်ကြတော့မည်ဖြစ်သည်။

ဟိုင်းကြီးကျွန်းတံတားတည်ဆောက်ရေး စီမံကိန်းဆိုင်ရာ အချက်အလက်များ

၁။ **တည်နေရာ-** ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း
၂။ **တံတားအရှည်-** ၈၇၀ ပေ
၃။ **ယာဉ်သွားလမ်းအကျယ်-** ၁၄ ဒသမ ၅ ပေ
၄။ **တံတားအမျိုးအစား**
(က) အုတ်မြစ်-1.5 mØ Bored Pile Foundation
(ခ) ကိုယ်ထည်- သံကူကွန်ကရစ်
(ဂ) အပေါ်ထည်- နှစ်လွှာတစ်ထပ် ဘေလီတံတား
(ဃ) ယာဉ်တစ်စီးချင်းခံနိုင်ဝန်- ၃၅ တန်
၅။ **ခန်းဖွင့်ဖွဲ့စည်းပုံ-** 2x 60' +6x100'+2x60'+1x30'
၆။ **ရေလမ်းကင်းလွတ်အမြင့်** -၂၀ ပေ
၇။ **အကျယ်-** ၉၀ ပေ

မြန်မာနိုင်ငံတွင် ပထမဆုံး အမျိုးသမီးများလမ်းလျှောက်ပွဲကြီးကျင်းပ

ရန်ကုန် မတ် ၁၆

မြန်မာနိုင်ငံအတွင်းရှိအမျိုးသမီးအများစုမှာ မိမိတို့အိမ်မှုကိစ္စများကို ပုံမှန်လုပ်ဆောင်နေကြရပြီး အားကစားလှုပ်ရှားဆောင်ရွက်မှု အားနည်းကြသည်။ မတ် ၁၆ ရက်တွင် ရန်ကုန်မြို့ရှိ အသက်အရွယ်စုံ အမျိုးသမီးများ စုပေါင်းပါဝင်လှုပ်ရှားကြသည့် ပထမဦးဆုံး မြန်မာအမျိုးသမီးများလမ်းလျှောက်ပွဲကြီးတွင်မူ အမျိုးသမီးထု၏ ပူးပေါင်းဆောင်ရွက်မှု စိတ်ဓာတ်ကို မြင်တွေ့ရသည်။

အဆိုပါလမ်းလျှောက်ပွဲကြီးတွင် ပန်းဝင်လာကြသည့် ထောင်ဂဏန်းဦးရေရှိ အမျိုးသမီးထုကြီးအား တေးသံရှင်၊ သရုပ်ဆောင် ဒေါက်တာချစ်သုဝေနှင့် မော်ဒယ်တင်မိုးလွင်တို့က ကြိုဆိုခဲ့ကြသည်။ ဒေါက်တာချစ်သုဝေက နံနက်စောစောထကာ စုပေါင်း လမ်းလျှောက်ခဲ့ကြသည့် အမျိုးသမီးထုကြီးကို တွေ့မြင်ရသည်မှာ အထူးပင်အားရဝမ်းသာဖြစ်ရပြီး မိမိကိုယ်တိုင်ပင် နံနက်သုံးနာရီကတည်းက အိပ်ရာနိုးပြီး ယခု လမ်းလျှောက်ပွဲကြီးတွင် အမျိုးသမီးများအားလုံးနှင့် ဆင်နွှဲနိုင်ရေး စိတ်လှုပ်ရှားမိကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံရှိ အမျိုးသမီးအများစုမှာ သွေးအားနည်းရောဂါ ဖြစ်ပွားမှုနှုန်း များပြားလျက်ရှိရာ အမျိုးသမီးများ သွေးအားနည်းရောဂါဖြစ်ပွားမှုနှုန်း လျော့ကျစေရန်နှင့် အားကစားလှုပ်ရှားမှု မြင့်မားတိုးတက်စေရန် ရည်ရွယ်၍ အားကစားဝန်ကြီးဌာနနှင့် Mega Lifesciences ကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် ပထမဦးဆုံးအမျိုးသမီးများ လမ်းလျှောက်ပွဲကြီးကို ယနေ့နံနက် ၆ နာရီက ပြည်လမ်း (အင်းလျားကန်ပေါင်ရှေ့) မှ ငါးကီလိုမီတာအကွာအဝေးရှိ ပြည်သူ့ရင်ပြင်အထိ အမျိုးသမီးများ ပါဝင်ဆင်နွှဲခဲ့ကြခြင်းဖြစ်သည်။

"အဘွားအသက်က ၇၈ နှစ်ရှိပါပြီ။ ပထမဆုံးကျင်းပတဲ့ လမ်းလျှောက်ပွဲကြီးမှာ ပါဝင်ခွင့်ရတဲ့အတွက် အလွန်ဝမ်းသာတယ်။ အဘွားမောလည်း မမောဘူး။ အသက် ၂၀ ကျော် အရွယ်လေးတွေနဲ့ အဘွားက တန်းတူပန်းဝင်ခဲ့တာ။ အဘွားရှေ့မှာ ၁၀ ယောက်လောက်ပဲရှိတယ်။ အဘွားက လွတ်လပ်ရေးနေ့ပွဲတွေမှာလည်း ဆုတွေရဖူးတယ်။ အဘွားအိမ်က သားသမီးတွေက အဘွားကို မူးလဲတာတို့ ဘာတို့ ဖြစ်မှာစိုးလို့ ဝင်မလျှောက်စေချင်ကြဘူး။ အဘွားက နောင်နှစ်တွေမှာလည်း ကျန်းမာရေးကောင်းနေသမျှ ဒီလိုအားကစားပွဲတွေကို ပါဝင်ဆင်နွှဲဦးမှာ" ဟု စိတ်အားထက်သန် တက်ကြွစွာနှင့် ကမာရွတ်မြို့နယ်မှ အသက် ၇၈ နှစ်အရွယ်ရှိ အဘွားဒေါ်မော်လီက ပြောကြားသည်။

စုပေါင်း လမ်းလျှောက်ပွဲများ ကျင်းပလေ့ရှိသော်လည်း ယခုကဲ့သို့ များပြားသည့် ပူးပေါင်းဆောင်ရွက်မှုမျိုး မတွေ့ရှိဖူးသေးကြောင်း၊ ပထမဆုံး လမ်းလျှောက်ပွဲကြီးကျင်းပခြင်းမှာ မြန်မာနိုင်ငံတွင် အားကစားလိုက်စားသည့် ဦးရေ ၅၁ ရာခိုင်နှုန်းရှိပြီး ထိုထက်မက အားကစားလေ့လာလိုက်စားသူဦးရေ မြင့်မားတိုးတက်စေရန်နှင့် အမျိုးသမီးများကျန်းမာ၍ သံဓာတ်အားနည်းခြင်းကို ကာကွယ်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က လမ်းလျှောက်ပွဲပန်းဝင်သူများကို ရှင်းပြသည်။

ယင်းနောက် လမ်းလျှောက်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်သူများနှင့် တက်ရောက်လာကြသည့် အမျိုးသမီးများကို Ferrovit သံဓာတ်အားဆေးမှ သွေးအားနည်းရောဂါရှိ မရှိနှင့် သွေးအားနည်း၊ မနည်းကို သွေးစစ်ဆေးပေးခဲ့ပြီး ဒေါက်တာလှကြည်က သွေးအားနည်းရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးအသိပညာများကို ဟောပြောခဲ့သည်။

သိမ့်သိမ့်မိုး

❖ ကျောဖုံးမှ

တစ်ရက်ကြိုတင်လာရောက်ထုတ်ယူနိုင်ကြပါတယ်။ တကယ်ကြည့်မယ့်သူတွေအတွက်တော့ တစ်နေ့တာပွဲစဉ်တွေမှာ ပြသမယ့် ပွဲစဉ်လေးပွဲစလုံးရဲ့ လက်မှတ်တွေကို ကြိုတင်လာရောက်ထုတ်ယူနိုင်ကြပါတယ်" ဟု ရှင်းပြခဲ့သည်။

ထည့်သွင်းပြသမည်

အဆိုပါ ရုပ်ရှင်ဇာတ်ကားများအတွင်း အင်ဒိုနီးရှားနိုင်ငံမှ ရုပ်ရှင်ဇာတ်ကားနှစ်ကား အချိန်မီမရောက်ရှိခဲ့ပါက မတ် ၁၈ ရက် ညနေ ၃ နာရီခွဲပွဲစဉ်နှင့် မတ် ၂၁ ရက် ည ၆ နာရီခွဲ ပွဲစဉ်တွင်ပြသမည့် Still Wating ရုပ်ရှင်ဇာတ်ကားအစား မတ် ၁၈ ရက်တွင် 'ပန်းကြာဝတ်မှုန်' မြန်မာရုပ်ရှင် ဇာတ်ကားအားလည်းကောင်း၊ မတ် ၂၁ ရက်တွင် 'ကယန်းအလှ'ရုပ်ရှင်ဇာတ်ကားအား လည်းကောင်း ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌ တာဝန်ကို တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်သောကြောင့် ၂၀၁၄ ခုနှစ် အာဆီယံ ရုပ်ရှင်ပွဲတော်ကို ကျင်းပြခြင်းအားဖြင့် အာဆီယံနိုင်ငံများ၏ ရုပ်ရှင်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှု၊ အတွေ့အကြုံ ကျွမ်းကျင်မှုနှင့် အသိပညာများကို ပေါင်းစည်းကာ ဒေသတွင်း ရုပ်ရှင်ကဏ္ဍ နယ်ပယ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်စေရန်ဖြစ်ပြီး အာဆီယံ အဖွဲ့ဝင်နိုင်ငံများ စုပေါင်းကာ ရှေ့သို့ တူညီတက်လှမ်းခြင်းနှင့် ငြိမ်းချမ်းသာယာမှုအပေါင်း ပြည့်စုံသည့် အသိုက်အဝန်းအဖြစ် တည်ဆောက်ခြင်းလုပ်ငန်းရပ်များကို အထောက်အကူဖြစ်စေရန်အတွက်ဖြစ်ကြောင်း သိရသည်

စိုးဝင်း(SP)

အာဆီယံ ရုပ်ရှင်ပွဲတော် ကျင်းပမည့် နေပြည်တော် အဆင့်မြင့် ရုပ်ရှင်ရုံ။

❀ ကျောဖုံးမှ

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို မတ် ၁၅ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိသည်-

(က) **အရှေ့ဘက်။** မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၂ မိနစ်၊ အရှေ့လောင်ဂျီ တွဒ် ၉၆ ဒီဂရီ ၄၂ မိနစ်နှင့် မြောက်လတ္တီတွဒ် ၀၉ ဒီဂရီ ၄၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၀၆ မိနစ်တို့အား ဆက်ဆွဲထားသည့် မျဉ်းတစ်လျှောက်။

(ခ) **အနောက်ဘက်။** မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၁ မိနစ်မှ မြောက်လတ္တီတွဒ် ၀၉ ဒီဂရီ ၃၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၁ မိနစ်အထိ မြန်မာ-အိန္ဒိယပင်လယ်ပြင် နယ်နိမိတ်မျဉ်းတစ်လျှောက်။

(ဂ) **တောင်ဘက်။** မြောက်လတ္တီတွဒ် ၀၉ ဒီဂရီ ၃၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၁ မိနစ်နှင့် မြောက်လတ္တီတွဒ် ၀၉ ဒီဂရီ ၄၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၀၆ မိနစ်တို့အား ဆက်ဆွဲထားသည့် မြန်မာ-ထိုင်းပင်လယ်ပြင် နယ်နိမိတ်မျဉ်းတစ်လျှောက်။

(ဃ) **မြောက်ဘက်။** မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၁ မိနစ်နှင့် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၂ မိနစ်တို့အား ဆက်ဆွဲထားသည့် မျဉ်းတစ်လျှောက်။

တပ်မတော်သည် ဒေသတွင်းနိုင်ငံများ အာဆီယံနိုင်ငံတပ်မတော်များနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ အဆိုပါနိုင်ငံများတွင် သဘာဝဘေးအန္တရာယ်များ၊ အခြားအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရသည့် အချိန်များတွင်လည်း မိတ်ဆွေပီသစွာဖြင့် အကူအညီများ ဆောင်ရွက်ပေးလျက်ရှိသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံ၏ လေယာဉ်ပျောက်ဆုံးမှုတွင်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးနိုင်ရေး (Humanitarian Assistance)အတွက် မြန်မာ့တပ်မတော်(ရေ) အနေဖြင့် တတ်နိုင်သည့်ဘက်မှ ယခုကဲ့သို့ မလေးရှားနိုင်ငံရေတပ်၊ အိန္ဒိယနိုင်ငံရေတပ်တို့နှင့် ဆက်သွယ်ညှိနှိုင်းကာ အစွမ်းကုန်ကြိုးစား၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပြန်လည်အပ်နှံသည့်မြေများ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ပဲခူး မတ် ၁၆

ပြန်လည်အပ်နှံသော ပဲခူးမြို့နယ် သာယာကုန်းကျေးရွာ ကွင်းအမှတ် (၁၁၉၃) ဝင်းဘော်ဒတ်ကွင်း မြေဧရိယာ ၄၃ ဒသမ ၈၉ ဧကကို မူလပိုင်ရှင်များအား လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မတ် ၁၃ ရက် ညနေ ၃ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးခင်သိန်းမောင်က နိုင်ငံတော်မှ ယခင်ဥပဒေနှင့်အညီ သိမ်းထားသော လယ်ယာမြေများကို ယခုအခါတွင် မလိုအပ်တော့သည့်အတွက် မြေများကို ဥပဒေနှင့်အညီ ပြန်လည်ပေးအပ်ရခြင်း ဖြစ်ကြောင်း၊ ပေးအပ်ခဲ့ပြီးသော လယ်ယာမြေကိစ္စနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာမဖြစ်ကြရန်နှင့် ပေးအပ်လယ်ယာမြေများကို စနစ်တကျလုပ်ကိုင် စားသောက်ကြရန်နှင့် လယ်ယာမြေ လုပ်ကိုင်လိုလျှင် ပိုင်ဆိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်ရရှိရေးကို ဥပဒေနှင့်အညီ လျှောက်ထားရန် ရှင်းလင်းပြောပြခဲ့ပြီး ပိုင်ဆိုင်မှုစာရွက်စာတမ်းများကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သန့်စင်(ပဲခူး)



SHWE GANDAMAR INTERNATIONAL TRADING LIMITED

LEVEL (3), GANDAMAR WHOLESALE
Corner of Gandamar & Waizayantar Road, Mayangone Township, Yangon,
Tel:657314, 657315, 657316

ရွှေဂန္ဓမာအင်တာနေရှင်နယ်ထရေးဒင်းလီမိတက်၊ Gandamar Wholesale နှင့် ဖြန့်ဖြူးရေးဌာနတွင် အောက်ဖော်ပြပါ ရာထူးနေရာများအတွက် တာဝန်ပေးလိုပါသဖြင့် စိတ်ပါဝင်စားသူများ လျှောက်ထားနိုင်ပါသည်-

(၁) **Security Manager** - ကျား (၁) ဦး
ဘွဲ့ရ၊ အသက် (၃၀ မှ ၄၅အတွင်း)၊ လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။
(၂) **M & E Manager** - ကျား (၁) ဦး
BE ဘွဲ့ရ၊ အသက် (၃၀ မှ ၄၅အတွင်း)၊ လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။
(၃) **Security Assistant** - ကျား (၃၀) ဦး
အခြေခံပညာအထက်တန်းအဆင့်၊ အသက် (၂၅ မှ ၃၅အတွင်း)၊ နေ့/ည တာဝန်ထမ်းဆောင်နိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
(၄) **IT Assistant** - ကျား (၂)ဦး /မ (၂) ဦး
ဘွဲ့ရ၊ အသက် (၂၀ မှ ၂၅ အတွင်း)၊ IT အတွေ့အကြုံရှိရမည်။
(၅) **Assistant Manager (ဖြန့်ဖြူးရေး)** - ကျား (၁) ဦး
ဘွဲ့ရ၊ အသက် (၃၀ မှ ၄၀ အတွင်း)၊ ဆက်ဆံရေးပြေပြစ်ကောင်းမွန်ပြီး တက်ကြွစွာလုပ်ဆောင်နိုင်သူဖြစ်ရမည်။ Computer MS Office/Power Point အသုံးပြုနိုင်သူဖြစ်ရမည်။ အင်္ဂလိပ်စာ 4 Skill ကျွမ်းကျင်ပြီး လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိရမည်။
(၆) **Sales Assistant (ဖြန့်ဖြူးရေး)** - ကျား/မ (၁၀) ဦး
အနည်းဆုံး (၁၀)တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ အသက်(၁၈ မှ ၂၅အတွင်း)၊ ရုပ်ရည်သန့်ပြန့်၍ ဆက်ဆံရေးပြေပြစ်ကောင်းမွန်သူဖြစ်ရမည်။ Computer Word/ Excel အသုံးပြုနိုင်ပြီး လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

အလုပ်လျှောက်ထားလိုသူများသည် Gandamar Wholesale Level (3)ရှိ Reception သို့ ၃၁-၃-၂၀၁၄ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် CV တင်၍ လာရောက်လျှောက်ထားနိုင်ပါသည်။

မြေရောင်းရန်
မျက်နှာစာ ၉၀' × ၆၀'၊ သပြေလမ်း၊ ညောင်နှစ်ပင်၊ ဆပ်သွားတော၊ မှော်ဘီ
ဖုန်း-၀၉-၄၂၃၆၆၀၆၀၂
Email:vtchit @ gmail.com

မြေရောင်းရန်
ပုဂံဟိုတယ်ဇုန်
(၂ဒသမ၅ဧက)၊ ငွေကျပ်၁၁၅၀သိန်း။
ဖုန်း-၀၉-၄၂၃၆၆၀၆၀၂
Email:vtchit@gmail. com

အများသိစေရန်

တာချီလိတ်မြို့နေ ဦးထွန်းအောင် ၁၃/တခလ(နိုင်)၀၂၆၅၈၈၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ ပောင်လိတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၂၆၊ ပောင်လိတ်အရှေ့နှင့် ကွင်းအမှတ် ၂၉၊ ဘုရားတောင်စက်မှုဇုန်မြေ(အပန်းဖြေပန်းခြံ)၊ ဧရိယာ ၄၇ဒသမ၉၉ဧကရှိမြေကွက်သည် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ ခွင့်ပြုချက်အရ ဦးထွန်းအောင် လုပ်ကိုင်ခွင့်ရမြေဖြစ်ပါသည်။ တာချီလိတ်မြို့၊ ရွှေမြေသာယာ၊ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းရှင် ဦးစိုင်းညိုအား လွှဲပြောင်းပေးအပ်ထားသော မြေဧရိယာ ၁၀ဧကမှအပ ကျန်မြေကွက်အစိတ်အပိုင်းအားလုံးသည် ဦးထွန်းအောင်လက်ရှိထား၍ လုပ်ငန်းများလုပ်ကိုင်လျက်ရှိသောမြေဖြစ်ကြောင်းနှင့် ဦးထွန်းအောင်စာဖြင့် ရေးသားပေးအပ်သော ခွင့်ပြုချက်မရရှိဘဲ အဆိုပါမြေကွက်များအား ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းများမပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းဦး (LL.B) တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၇၃၀၀၅၁၂၈

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ရာဇာဝင်း ၁၀/ခဆန(နိုင်)၀၇၆၄၁၆၏ PSC & RB လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၇၀၀၅၄၉

ငှားမည်
၃၆ လမ်း (အလယ်ဘလောက်)
မြေညီ 18' x 50'
ဖုန်း - ၀၉-၅၁၁၉၀၇၁၊
၀၉-၃၁၂၈၆၄၅၉
၀၁-၃၈၆၈၆၀

အမည်ပြောင်း
ရပ်စောက်မြို့နယ်၊ အလက တပ်ဦး စတုတ္ထတန်း(A)မှ ဦးလှဌေး ၁၂/အစန(နိုင်)၁၂၂၇၂၇၏သမီး မသူသူထက်အား ယနေ့မှစ၍ မစုဝေထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရခိုင်ရိုးရာ သျှစ်သောင်းမြောက်ပွဲခေါ် သဲပုံစေတီတည်ပွဲစည်ကား

စစ်တွေ မတ် ၁၆

ရခိုင်ရိုးရာ သျှစ်သောင်းမြောက်ပွဲခေါ် သဲပုံစေတီတည်ပွဲကို မတ် ၁၅ ရက် (တပေါင်းလပြည့်နေ့) မွန်းလွဲ ၂ နာရီက စစ်တွေပင်လယ်ကမ်းခြေ၌ စည်ကားစွာကျင်းပပြီး စုပေါင်းဆင်နွှဲကုသိုလ်ယူကြသည်။

ပွဲမစတင်မီ ရောက်ရှိလာသော ပရိသတ်များက စစ်တွေပင်လယ်ကြမ်းပြင်ရှိ ဒီရေကျနေစဉ်သဲများကို ကိုယ်စီယူလျက် မိမိတို့ပြုလုပ်မည့် ပုံတော်အမျိုးအစားအလိုက် လိုအပ်မည့်သဲများကိုစုပုံကြသည်။ မွန်းလွဲ ၂ နာရီတွင် ရခိုင်မင်္ဂလာစည်တော်ရွမ်းပြီး ဘုရား၊ တရား၊ သံဃာတော်များအား ပူဇော်ကြသည်။ ထို့နောက် ပန်းချီ၊ ပန်းပုပညာရှင်များ ဦးဆောင်ကာ အစုအဖွဲ့အလိုက် ဘုရား၊ စေတီ၊ ပုထိုးပုံတော်များကို သဲများဖြင့်ထုလုပ်ပူဇော်ကြသည်။

စစ်တွေပင်လယ်ကမ်းခြေ၌ သဲပုံစေတီတည်ပွဲကို ၂၀၀၅ ခုနှစ်ကစတင်ကျင်းပကြပြီး ယခုအခါ ၁၀ နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ ယခုနှစ်တွင် ဓမ္မစကြာမုဒြာပုံတော်သည် ဉာဏ်တော်အမြင့် ခြောက်တောင်ရှိပြီး ရွှေရခိုင်ပန်းချီမိသားစုက ဦးဆောင်ထုလုပ်ခြင်းဖြစ်သည်။ ၎င်းအပြင် မြောက်ဦးမှ သျှစ်သောင်းပုံတော်၊ ရတနာပုံစေတီပုံတော်၊ မင်းပြားမှ ကျိန်းတောင်စေတီပုံတော်၊ ပုဏ္ဏားကျွန်းမှ ဂူဝဘုရားပုံတော်များနှင့် အခြားစေတီပုထိုးများစွာကို ဉာဏ်တော်အကြီးအငယ်အလိုက် ထုလုပ်ပူဇော်ကြသည်။ ထို့နောက်မိမိတို့ထုလုပ်သည့် ပုံတော်များကို တံခွန်ထီး၊ ကုက္ကား၊ သာသနာ့အောင်လံပန်းများဖြင့် ပူဇော်ကြသည်။

ပွဲတော်သို့ စစ်တွေမြို့ရှိ သမိုင်းသုတေသီများ၊ ပန်းချီ၊ ပန်းပုပညာရှင်များ၊ ဝါသနာရှင်များနှင့်မြို့သူမြို့သားများ စုစုပေါင်း ၁၀၀၀ ခန့်တက်ရောက်ကြောင်း သိရသည်။

"စစ်တွေကမ်းခြေမှာ သဲက အလွယ်တကူရတယ်။ ပိုက်ဆံလည်းမကုန်ဘူး။ ဒီလောက်နေရာမှာ ခုလိုရိုးရာပွဲတစ်ပွဲကိုဖော်ထုတ်ခွင့်ရတာဟာ အလွန်ကောင်းပါတယ်။ ရခိုင်လူမျိုးတွေမှာ ဒီလိုပွဲတွေလည်းရှိပါလားလို့ နိုင်ငံတကာထိသိစေချင်ပါတယ်။ မြင်တဲ့အတိုင်းပါပဲ။ ကျွန်တော်တို့က သဲနဲ့ရေကို အသုံးပြုပြီး ထုဆစ်ပုံဖော်သွားတာပါ"ဟု စစ်တွေမြို့မှ ရွှေရခိုင် ပန်းချီ၊ ပန်းပုပညာရှင် ဦးမောင်သိန်းလှိုင်က ပြောပြသည်။

သျှစ်သောင်းမြောက်ပွဲ ဟူသည် တပေါင်းလပြည့်နေ့ရောက်တိုင်း သဲများကိုစုပုံကာ ဘုရားပုံတော်၊ စေတီပုထိုးပုံတော်များကို ထုလုပ်ပူဇော်သော ရခိုင်ရိုးရာပွဲတစ်ခုဖြစ်ကြောင်း၊ သမိုင်းအထောက်အထားခိုင်လုံစွာရှိကြောင်း သမိုင်းသုတေသီတစ်ဦး၏ ပြောပြချက်အရ သိရသည်။

လေးဝတီထွန်းစောခိုင်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၆-၃-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၉၀၀၀၀
ရန်ကုန်ရွှေဈေး ၁၅ ပဲရည် တစ်ကျပ်သား	၆၄၉၄၀၀
မန္တလေးရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၉၀၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၂-၉၈၅	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၂-၁၃၃၇	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၇၉	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၄-၃၀. ၉	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၇၅-၁၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၄-၃၀၀	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၀၀၀-၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၂၀၀-၇၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၂၅၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၅၇၀၀-၉၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

အင်းတော်၌ နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားများ ပေးအပ်

အင်းတော် မတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြား ၃၅၀ ကို ကုန်ကျစရိတ် တစ်ဝက်ထောက်ပံ့မှုဖြင့် ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၅ရက် နံနက် ၁၀နာရီက အင်းတော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစံရွှင်၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးတင်ထွန်းနိုင်၊ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်စာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ရွာများရှိ အိမ်ခြေ ၆၆၂ အိမ်၊ အိမ်ထောင်စု ၆၆၀၊ လူဦးရေ ၃၆၈၄ ဦးအတွက် နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြား ၃၅၀ကိုဆိုလာပြားတစ်ပြားတန်ဖိုးငွေကျပ် ၅၅၅၀၀ ကုန်ကျစရိတ်အတွက် တစ်ဝက်ဈေးငွေကျပ် ၂၇၇၅၀ ထောက်ပံ့မှုဖြင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုမင်း(အင်းတော်)

စားသုံးသူအကာအကွယ်ပေးရေးဥပဒေပြဋ္ဌာန်း

စားသုံးသူအကာအကွယ်ပေးရေးဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀ ။)
၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်
(၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို စားသုံးသူအကာအကွယ်ပေးရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **စားသုံးသူ**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ကုန်သွယ်ရောင်းဝယ်မှုအတွက်မဟုတ်ဘဲ စားသောက်ခြင်း သို့မဟုတ် သုံးစွဲခြင်းပြုသူကို ဆိုသည်။

(ခ) **စားသုံးသူအကာအကွယ်ပေးရေး**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူအား ဥပဒေဆိုင်ရာအကာအကွယ်ပေးရေး၊ ကျန်းမာရေးနှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အာမခံချက်ပေးရေးကို ဆိုသည်။

(ဂ) **ကုန်စည်**ဆိုသည်မှာ လူအများအသုံးပြုနိုင်ရန်နှင့် စားသုံးရန်တို့အတွက် ထိတွေ့နိုင်သော သို့မဟုတ် အပြည့်အဝမထိတွေ့နိုင်သော၊ ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့ပြောင်းနိုင်သော၊ စားသုံးနိုင်သော သို့မဟုတ် မစားသုံးနိုင်သော ကုန်သွယ်နိုင်သည့်အရာကို ဆိုသည်။

(ဃ) **ဝန်ဆောင်မှု**ဆိုသည်မှာ လူ့အဖွဲ့အစည်းတွင် လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအသွင်ဖြင့် စားသုံးသူ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်ဆောင်ရွက်မှုကို ဆိုသည်။

(င) **ကုန်သွယ်မှု**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို တန်ဖိုးသတ်မှတ်၍ အကျိုးအမြတ်ရရှိစေရန် ရည်ရွယ်ဆောင်ရွက်သော အရောင်းအဝယ်ပြုလုပ်ခြင်းကို ဆိုသည်။

(စ) **ကြော်ငြာ**ဆိုသည်မှာ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အသင်းအဖွဲ့တစ်ခုကဖြစ်စေ၊ လုပ်ငန်းတစ်ရပ်ကဖြစ်စေ ထုတ်လုပ်သော ကုန်စည်နှင့် ဆောင်ရွက်ပေးသောဝန်ဆောင်မှုကို အများပြည်သူသိရှိရန် အသိပေးထုတ်ပြန်သောဆောင်ရွက်မှုကို ဆိုသည်။ ယင်းစကားရပ်တွင် လူထုဆက်သွယ်ရေးနည်းလမ်းဖြင့် ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။

(ဆ) **စီးပွားရေးလုပ်ငန်းရှင်**ဆိုသည်မှာ ကုန်စည်ကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ ပြန်လည်ရောင်းချခြင်းကိုဖြစ်စေ၊ ဝန်ဆောင်မှုပေးခြင်းကိုဖြစ်စေ၊ ကြော်ငြာလုပ်ငန်းလုပ်ကိုင်ခြင်းကိုဖြစ်စေ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းနှင့်သော်လည်းကောင်း ဆောင်ရွက်သူကို ဆိုသည်။

(ဇ) **လိမ်လည်လှည့်ဖြားမှု**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူ ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မှားယွင်းသောဖော်ပြမှုကိုဖြစ်စေ၊ မမှန်ကန်သော ကြော်ငြာကိုဖြစ်စေ သဘောရိုးဖြင့် ဆောင်ရွက်ခြင်းမဟုတ်သည့် ပြုလုပ်မှုကိုလည်းကောင်း၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်းသည့်သဘာဝအရည်အသွေးကိုဖြစ်စေ၊ ထုတ်လုပ်မှုဖြစ်စဉ်ကိုဖြစ်စေ၊ ဆောင်ရွက်မှုဖြစ်စဉ်ကိုဖြစ်စေ၊ ဝိသေသလက္ခဏာကိုဖြစ်စေ၊ သတ်မှတ်ထားသောစံချိန်စံညွှန်းကိုဖြစ်စေ၊ ရည်ရွယ်ချက်ကိုဖြစ်စေ၊ အရေအတွက်ကိုဖြစ်စေ အများပြည်သူက ယုံကြည်မှုလွဲမှားစွာလက်ခံရန် မရိုးမဖြောင့်သော သဘောဖြင့် ပြုလုပ်မှုကိုလည်းကောင်း ဆိုသည်။

(ဈ) **ပျက်စီးဆုံးရှုံးမှု**ဆိုသည်မှာ သေဆုံးမှု၊ လူပုဂ္ဂိုလ် နစ်နာဆုံးရှုံးမှုနှင့် ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့ပြောင်းနိုင်သော ပစ္စည်း တစ်ရပ်ရပ်နစ်နာဆုံးရှုံးမှုကို ဆိုသည်။

(ည) **အရောင်းမြှင့်တင်ခြင်း**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကိုစားသုံးသူက ပိုမိုကျယ်ပြန့်စွာ ဝယ်ယူရန် သို့မဟုတ် အသုံးပြုရန် ရည်ရွယ်ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဋ) **စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့**ဆိုသည်မှာ စီးပွားရေးလုပ်ငန်းရှင်နှင့် စားသုံးသူတို့အကြား ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ဖြစ်ပွားသော အငြင်းပွားမှုကို ညှိနှိုင်းဖြေရှင်းပေးရန် ဤဥပဒေအရ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

(ဌ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဍ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီကို ဆိုသည်။

(ဎ) **ဦးစီးဌာန**ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနကို ဆိုသည်။

အခန်း (၂)
ရည်ရွယ်ချက်များ

၃။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) စားသုံးသူတို့သည် မိမိတို့၏အခွင့်အရေးများကို သိရှိနားလည်၍ တောင်းဆိုရယူနိုင်ရန်နှင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို သုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှုတို့ မခံရစေရန်၊

(ခ) စားသုံးသူတို့၏အခွင့်အရေးများကို ထိရောက်စွာ ကာကွယ်နိုင်သောစနစ်တစ်ရပ် ပေါ်ပေါက်လာစေရန်၊

(ဂ) စားသုံးသူအား ဥပဒေအရအကာအကွယ်ပေးခြင်း၊ မှန်ကန်ရှင်းလင်းသည့်သတင်းအချက်အလက်များ ဖြန့်ဝေအသိပေးခြင်းတို့ပါဝင်သော စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်း အစီအမံ ပေါ်ပေါက်လာစေရန်၊

(ဃ) စီးပွားရေးလုပ်ငန်းရှင်တို့က စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအပေါ် အလေးထားလိုက်နာခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တာဝန်ယူမှုရှိသော အပြုအမူများ ဖြစ်ပေါ်စေရန်၊

(င) စားသုံးသူတို့၏ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သည့် အရည်အသွေးမြင့်မားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု ဖော်ဆောင်ဖြည့်ဆည်းပေးရန်။

အခန်း (၃)
ဗဟိုကော်မတီဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများမှ အကြီးအကဲများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများက အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းခံရသူများက အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် လည်းကောင်း ပါဝင်သည့် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းသောဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

အခန်း(၄)
ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များ

၅။ ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေ၏ရည်ရွယ်ချက်များအောင်မြင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာမူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အကြံဉာဏ်များ၊ ထောက်ခံချက်များနှင့် ပံ့ပိုးမှုများဆောင်ရွက်ပေးခြင်း၊

(ဂ) ကုန်စည်၊ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးအတွက် ကွင်းဆင်းလေ့လာ ဆောင်ရွက်ခြင်း၊

(ဃ) အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးနှင့် ယင်းအဖွဲ့များလုပ်ငန်းဆောင်ရွက်မှုများဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်ခြင်း၊

(င) စားသုံးသူ အကျိုးစီးပွားအတွက် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့် သတင်းဖြန့်ဝေပေးခြင်းနှင့် စားသုံးသူတို့၏သဘောထားကိုရယူခြင်း၊

(စ) စားသုံးသူထံမှဖြစ်စေ၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများထံမှဖြစ်စေ စားသုံးသူအကာအကွယ်ပေးရေးနှင့်စပ်လျဉ်းသည့် တိုင်ကြားမှုများကို လက်ခံဖြေရှင်းပေးခြင်း၊

(ဆ) စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းနှင့်စပ်လျဉ်းပြီး စစ်တမ်းများကောက်ယူ၍ သုတေသနပြုခြင်းနှင့် ယင်းသုတေသနပြုမှုများကို ပြန်လည်သုံးသပ်၍ စားသုံးသူများ၏အကျိုးအတွက် လိုအပ်သလို ဆောင်ရွက်ပေးခြင်း၊

(ဇ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဈ) ဘေးဥပဒ်အန္တရာယ်ရှိသော စားသုံးရန်မသင့်သည့် ကုန်စည်နှင့်စပ်လျဉ်း၍ တားမြစ်နိုင်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ အကြောင်းကြားခြင်း၊

(ည) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု စံချိန်စံညွှန်းကျွမ်းကျင်မှုအဖွဲ့များနှင့် ဓာတ်ခွဲခန်းများကိုလိုအပ်ပါက သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပေးနိုင်ရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဋ) စားသုံးသူအကျိုးစီးပွားကို ကာကွယ်ပေးရန်နှင့် ယင်းတို့၏အရေးကိစ္စများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် စီးပွားရေးလုပ်ငန်းရှင်များကို ပညာပေးခြင်း၊

(ဆက်လက်ဖော်ပြပါမည်)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးမောင်မောင်အေးသည် ၁၃-၃-၂၀၁၄ ရက် နံနက် ၉း၃၀ နာရီခန့်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကျောင်းလမ်း(အမဲဈေးရှေ့)တွင် အငှားယာဉ် Passo ခရောင်ဆလွန်း (နံပါတ်မမှတ်မိ)ပေါ်တွင် အိမ်ရာမြေပုံမူရင်းနှင့် မြေရာဇဝင်မူရင်းမိတ္တူများ (လိမ္မော်ရောင်အိတ်ဖြင့်) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမြန်ဆုံး အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၄၆၄၅၉

ကြော်ငြာ

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၄၉) ဘဏ်မြောက်

မော်လမြိုင်ကျွန်းဘဏ်ခွဲ ကို

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ် တွင်

၁၇.၃.၂၀၁၄ (တနင်္လာနေ့) ၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ဆက်သွယ်ရန်လိပ်စာ

မော်လမြိုင်ကျွန်းဘဏ်ခွဲ

အမှတ်(၁၇၈/ခ)၊ (၉/တောင်ပိုင်း)၊ ဗိုလ်တဲလမ်း၊ မြို့မ(၆)ရပ်ကွက်၊

မော်လမြိုင်ကျွန်းမြို့နယ်၊ လပွတ္တာခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး။

ဖုန်း – (၀၄၂) ၅၀၇၆၂၊ ၅၀၇၆၃၊ ၅၀၇၆၄

ဖက်စ် – (၀၄၂) ၅၀၇၆၅၊ ၅၀၇၆၆

www.kbzbank.com

အမျိုးသားပညာရေးဥပဒေကြမ်း

အမျိုးသားပညာရေးဥပဒေကြမ်း

(၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်   ။)

၁၃၇၅ ခုနှစ်၊   လ၊   ရက်

(၂၀၁၄ ခုနှစ်၊   လ၊   ရက်)

နိဒါန်း

နိုင်ငံသားတိုင်း ပညာသင်ယူခွင့်ရရှိရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်များဖြစ်ထွန်းလာရေး၊ ကိုယ်ကျင့်တရားမြင့်မားပြီး ဘက်စုံထူးချွန်သည့် နိုင်ငံ့သားကောင်းများ မွေးထုတ်နိုင်ရေး၊ ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်နိုင်ရေး၊ တီထွင်ကြံဆသုတေသနပြုနိုင်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို အမျိုးသားပညာရေးဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ပညာရေး** ဆိုသည်မှာ လူတို့၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်ဓာတ်တို့ကို ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်ပေးသည့် ဖြစ်စဉ်ကို ဆိုသည်။

(ခ) **အမျိုးသားပညာရေး**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ တိုင်းရင်းသား အားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့တို့၏ အနှစ်သာရများကို မြတ်နိုးတန်ဖိုးထား၍ ခေတ်စနစ်၏ လိုအပ်ချက်များနှင့်အညီ တိုင်းရင်းသားအားလုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ကိုလည်း စဉ်ဆက်မပြတ် ခေတ်မီတိုးတက်ရေးသို့ လမ်းညွှန်ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကိုဆိုသည်။

(ဂ) **ကျောင်းပညာရေး** ဆိုသည်မှာ နိုင်ငံတော်ကဖြစ်စေ၊ နိုင်ငံတော်အထောက်အပံ့နှင့်ဖြစ်စေ၊ ပုဂ္ဂလိကများကဖြစ်စေ စနစ်တကျဖွဲ့စည်းတည်ထောင်ထားသည့် ပညာသင်ရာနေရာဌာနများဖြစ်ကြသော စာသင်ကျောင်း၊ သိပ္ပံ၊ ကောလိပ် တက္ကသိုလ်စသည်တို့၌ အသက်အရွယ်၊ အချိန်၊ နေရာ၊ သင်ရိုး၊ အတန်း၊ စာမေးပွဲ စနစ်တို့ဖြင့် သတ်မှတ်အစီအစဉ်အရ သင်ကြားသင်ယူမှု ပြုစေသည့် ပညာရေးကိုဆိုသည်။

(ဃ) **ကျောင်းပြင်ပပညာရေး** ဆိုသည်မှာ သင်ယူသူတို့၏ လိုအပ်ချက်အရ ကျောင်းစနစ်ပြင်ပတွင် ပြုပြင်ပြောင်းလဲနိုင်သည့် နည်းလမ်းများဖြင့် စနစ်တကျ ဆောင်ရွက်ပေးသော ပညာရေးကို ဆိုသည်။

(င) **ကိုယ်တိုင်သင်ယူပညာရေး** ဆိုသည်မှာ မိမိလိုအပ်ချက်နှင့် စိတ်ဝင်စားမှုအရ မိမိကိုယ်တိုင်သတ်မှတ်သင်ယူသော ပညာရေးကိုဆိုသည်။

(စ) **ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာပညာရေး**ဆိုသည်မှာ မွေးကင်းစမှ အသက် ၈ နှစ်ပြည့်သည်အထိအရွယ်ကလေးများ ဘက်စုံဖွံ့ဖြိုးရန်အတွက် ဖွံ့ဖြိုးမှုအဆင့်နှင့်ကိုက်ညီသော နည်းလမ်းများကို အသုံးပြုပြီး ပြုစုပျိုးထောင်ပေးသော ပညာရေးကို ဆိုသည်။

(ဆ) **မူကြိုပညာရေး** ဆိုသည်မှာ အသက် ၃ နှစ်မှ ၅ နှစ်ပြည့်သည်အရွယ်အထိ ကလေးများ၏အသက်အရွယ်အလိုက်ရှိသင့်သည့် ဘက်စုံဖွံ့ဖြိုးမှုများ ရရှိရန်အတွက်ကစားနည်းများကိုအဓိကအသုံးပြုပြီး ပြုစုပျိုးထောင်ပေးသော ပညာရေးကိုဆိုသည်။

(ဇ) **သူငယ်တန်းပညာရေး** ဆိုသည်မှာ ပထမတန်းသို့ ကူးပြောင်းမှု လွယ်ကူစေရန် အသက် ၅ နှစ်ပြည့်ပြီးကလေးများအတွက် ဖွံ့ဖြိုးမှုနှင့် သင့်လျော်သော နည်းလမ်းများကိုအသုံးပြုပြီး ပြုစုပျိုးထောင်ပေးသည့် ပညာရေးကိုဆိုသည်။

(ဈ) **အခြေခံပညာရေး** ဆိုသည်မှာ နိုင်ငံသားတိုင်း တတ်သိကျွမ်းကျင်အပ်သည့် ပညာအခြေခံကိုရရှိစေပြီး အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုခုကို ဖြစ်စေ၊ အဆင့်မြင့်ပညာကိုဖြစ်စေ ဆက်လက်သင်ယူနိုင်ရန်အတွက် လိုအပ်သောပညာ အခြေခံကိုပါရရှိစေရန် သင်ကြားလေ့ကျင့်ပေးသည့် ပညာရေးကို ဆိုသည်။

(ည) **အဆင့်မြင့်ပညာရေး** ဆိုသည်မှာ အခြေခံပညာရေး၏ အမြင့်ဆုံးအဆင့် သို့မဟုတ် ယင်းနှင့် တူညီသောအဆင့်ကို အောင်မြင်ပြီး ကောလိပ်၊ တက္ကသိုလ်များက အပ်နှင်းသည့် ဒီပလိုမာနှင့် ဘွဲ့အသီးသီးအတွက် သင်ကြားလေ့ကျင့်ပေးသည့် ပညာရပ်တစ်ခုချင်းအလိုက် အဆင့်မြင့်သော အသိပညာ၊ အတတ်ပညာများ၊ သုတေသနပြုနိုင်သည့် အရည်အသွေးနှင့်ကျွမ်းကျင်မှုများရရှိစေရန် ပြုစုပျိုးထောင်ပေးသည့် ပညာရေးကိုဆိုသည်။

(ဋ) **နည်းပညာနှင့်သက်မွေးပညာရေး** ဆိုသည်မှာ နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မြင့်မားစေရန်နှင့် သဘာဝပတ်ဝန်းကျင် ပိုမိုကောင်းမွန်လာစေရန်လိုအပ်သည့် လက်တွေ့ဆန်သော နည်းပညာကျွမ်းကျင်သူများ၊ စက်မှုလက်မှုအတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာအတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများကို စနစ်တကျမွေးထုတ်ပေးသည့် ပညာရေးကိုဆိုသည်။

(ဌ) **ဆရာအတတ်ပညာရေး** ဆိုသည်မှာ ဆရာအတတ်ပညာဖြင့် လုပ်ငန်းခွင်စတင်ဝင်ရောက်မည့်သူများနှင့် လုပ်ငန်းခွင်ရောက်ရှိနေသူများက သင်ယူသူများ၏ သင်ယူမှုတိုးတက်ရေးကို ဆောင်ရွက်နိုင်စေရန် လိုအပ်သောအသိပညာ၊ ကျွမ်းကျင်မှု၊ သဘောထားနှင့်အတွေ့အကြုံများရရှိစေသည့် ပညာရေးကိုဆိုသည်။

(ဍ) **အဝေးသင်ပညာရေး**ဆိုသည်မှာ ပညာရေးဆိုင်ရာအဖွဲ့အစည်းတစ်ခုခု၏ ကြီးကြပ်မှုအစီအစဉ်ဖြင့် သင်ကြားပေးသူများနှင့် သင်ယူသူများကြား သင်ထောက်ကူနည်းလမ်းများဖြစ်သောသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနှင့် အခြားလူထုဆက်သွယ်ရေး မီဒီယာနည်းလမ်းများကို အသုံးချကာ သင်ကြားမှု၊ သင်ယူမှုများပြုလုပ်ပေးသော ကိုယ်တိုင်လေ့လာသင်ယူမှုကို အခြေခံသည့် ပညာရေးကိုဆိုသည်။

(ဎ) **နိုင်ငံသား** ဆိုသည်မှာ ဤဥပဒေအလို့ငှာ မြန်မာနိုင်ငံသားဥပဒေပါ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများ အပါအဝင် ဥပဒေအရ ပညာသင်ယူခွင့်ရှိသော နိုင်ငံခြားသားများကို ဆိုသည်။

(ဏ) **ဘုန်းတော်ကြီးသင်ပညာရေးကျောင်း** ဆိုသည်မှာ ကျောင်းပညာရေးအစီအစဉ်နှင့်အညီ အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့်သင်ရိုးမာတိကာများပါ ဘာသာရပ်အတိုင်းဖြစ်စေ၊ အဆိုပါဘာသာရပ်များအတွက် သင်ခန်းစာများကို ထပ်ဆောင်း၍ဖြစ်စေ လေ့ကျင့်သင်ကြားပေးသော ပြည်တွင်းမှုဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့်သီလရှင်များက တည်ထောင်ဖွင့်လှစ်သည့် အခြေခံပညာသင်ကြားသောကျောင်းကိုဆိုသည်။

(တ) **ဘာသာရေးအဖွဲ့အစည်းသင်ပညာရေးကျောင်း** ဆိုသည်မှာ ကျောင်းပညာရေး အစီအစဉ်နှင့်အညီ အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများပါ ဘာသာရပ်အတိုင်းဖြစ်စေ၊ အဆိုပါဘာသာရပ်များအတွက်သင်ခန်းစာများကိုထပ်ဆောင်း၍ဖြစ်စေလေ့ကျင့်သင်ကြားပေးသော ပြည်တွင်းမှ ဘာသာရေးအဖွဲ့အစည်းများကတည်ထောင်ဖွင့်လှစ်သည့် အခြေခံပညာသင်ကြားသော ကျောင်းကိုဆိုသည်။

(ထ) **ဆရာ** ဆိုသည်မှာ ကျောင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေးနှင့် ကိုယ်တိုင်သင်ယူ ပညာရေးအစီအစဉ် သုံးရပ်လုံးတွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထား အယူအဆ အမြင်များကို သင်ကြားပို့ချပေးသူ လက်ဆင့်ကမ်း ဖြန့်ဝေပေးသူဆရာ၊ ဆရာမအားလုံးကိုဆိုသည်။

(ဒ) **ကျောင်းသား** ဆိုသည်မှာကျောင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေးနှင့် ကိုယ်တိုင်သင်ယူ ပညာရေး အစီအစဉ် သုံးရပ်လုံးတွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထား အယူအဆ အမြင်များကို လေ့လာဆည်းပူးသူအားလုံးကို ဆိုသည်။

(ဓ) **သင်ရိုးညွှန်းတမ်း** ဆိုသည်မှာ ပညာရေးရည်မှန်းချက်များ အောင်မြင်စေရန် ရည်ရွယ်လျက် သင်ယူမှုရလဒ်များ၊ သင်ရိုးဝင်အကြောင်းအရာများ၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် တတ်မြောက်မှု စစ်ဆေးခြင်းတို့အပါအဝင် ကျောင်းတွင်း ကျောင်းပြင် လေ့လာသင်ယူရာတွင် ပါဝင်သည့် ပညာရပ်နယ်ပယ်အလိုက် စနစ်တကျရေးဆွဲထားသော အစီအစဉ်များနှင့် အတွေ့အကြုံအားလုံးကို ဆိုသည်။

(န) **သင်ရိုးညွှန်းတမ်းအညွှန်းဘောင်** ဆိုသည်မှာ သင်ရိုးညွှန်းတမ်းဆိုင်ရာ သင်ယူမှု နယ်ပယ်များ ရွေးချယ်ရသည့် နောက်ခံအကြောင်းရင်းများ၊ သင်ယူမှုနယ်ပယ်များဆိုင်ရာ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်များ၊ သင်ရိုးဝင်အကြောင်းအရာများ၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် တတ်မြောက်မှု စစ်ဆေးနည်းများကို ပြည့်ပြည့်စုံစုံရေးသားထားသော မူဘောင်ကိုဆိုသည်။

(ပ) **တန်းညှိအစီအစဉ်** ဆိုသည်မှာ ကျောင်းပြင်ပပညာရေးအစီအစဉ်အရ သင်ယူရရှိသည့် ပညာအဆင့်အတန်းကို ကျောင်းပညာရေး အဆင့်အတန်းများနှင့် အရည်အချင်းညှိနှိုင်းသတ်မှတ်ပေးသောအစီအစဉ်ကို ဆိုသည်။

(ဖ) **ကျောင်းသားဗဟိုပြုချဉ်းကပ်နည်း**ဆိုသည်မှာ သင်ယူသူများ သင်ယူမှုဖြစ်ထွန်းစေရန် ဆရာများက ထိရောက်သောနည်းလမ်းများကို အသုံးပြု၍ နှစ်လိုဖွယ်ရာ ဆရာ၊ ကျောင်းသား ဆက်ဆံရေးဖြင့် ပံ့ပိုးဖော်ဆောင်ပေးသော သင်ကြား၊ သင်ယူမှုဖြစ်စဉ်ကိုဆိုသည်။

(ဗ) **အရည်အသွေးအာမခံမှု** ဆိုသည်မှာ ပညာပေးဌာနတစ်ခုလုံးကိုဖြစ်စေ၊ ပညာရပ်ဌာနအသီးသီးတွင်ဖြစ်စေ၊ ဘာသာရပ်နယ်ပယ် တစ်ခုချင်းတွင်ဖြစ်စေ အသုံးပြုလျက်ရှိသော သင်ကြားမှုအစီအစဉ်များအားမျှော်မှန်းချမှတ်ထားသည့် စံချိန်စံနှုန်းများနှင့်ကိုက်ညီမှုအခြေအနေကို အမြဲမပြတ် စိစစ်အကဲဖြတ်ခြင်းဖြင့် အရည်အသွေးအဆင့်သတ်မှတ်ခြင်းနှင့် အာမခံချက်ပေးခြင်းကိုဆိုသည်။

(ဘ) **အတွင်းအရည်အသွေးအာမခံမှု** ဆိုသည်မှာ အရည်အသွေး အာမခံခြင်းလုပ်ငန်းကို ပညာပေးဌာနအတွင်းရှိ ကျွမ်းကျင်သူဝန်ထမ်းများဖြင့် ဆောင်ရွက်ပြီး အရည်အသွေးအာမခံခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းကို ဆိုသည်။

(မ) **ပြင်ပအရည်အသွေးအာမခံမှု** ဆိုသည်မှာ အရည်အသွေး အာမခံခြင်းလုပ်ငန်းကို ပညာပေးဌာနပြင်ပရှိ ကျွမ်းကျင်သူများဖြင့် ဆောင်ရွက်ပြီး အရည်အသွေးအာမခံခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းကို ဆိုသည်။

(ယ) **ရပ်ရွာပညာပဒေသာဌာန** ဆိုသည်မှာကျောင်းသင်ရိုးသင်ပညာရေးဖြင့်ဖြစ်စေ၊ ကျောင်းပြင်ပပညာရေးဖြင့်ဖြစ်စေ ဒေသခံပြည်သူများ ကိုယ်တိုင်စီမံအုပ်ချုပ်ဆောင်ရွက်သည့် ပညာသင်ဌာနဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးနှင့် အိမ်ထောင်စုအခြေပြု သင်ယူခြင်းအတွက် ရင်းမြစ်ဌာနအဖြစ်လည်းကောင်း၊ ဒေသအလိုက်အစဉ်သင်ယူနေသည့်လူ့အဖွဲ့အစည်းငယ်များ ဖြစ်ထွန်းလာစေရေးနှင့် သတင်းအချက်အလက်များ ဖြန့်ဖြူးရန် ဌာနအဖြစ်လည်းကောင်း တာဝန်ယူအကောင်အထည်ဖော်ရသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာဌာနတစ်ခုကို ဆိုသည်။

(ရ) **လူတိုင်းအကျုံးဝင်ပညာရေး** ဆိုသည်မှာ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့် မရရှိသူများကို ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေးတစ်ခုခုတွင် ပညာဆည်းပူးခွင့်ရရှိစေရန် အခွင့်အလမ်းဖန်တီးပေးသည့် အစီအစဉ်ကိုဆိုသည်။

(လ) **ပညာရပ်ဆိုင်ရာဝန်းကျင်ကောင်း** ဆိုသည်မှာ ဆရာများ၊ ကျောင်းသားများနှင့် စီမံခန့်ခွဲပေးနေသူများအား ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာအခြေအနေများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း ကောင်းစွာ အထောက်အပံ့ပေးနိုင်ရန်အတွက် ဖန်တီးထားသည့် ရုပ်ပတ်ဝန်းကျင်ကိုဆိုသည်။

အခန်း (၂)

ရည်မှန်းချက်များ

၃။ ပညာရေး၏ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံသားတိုင်းတွင် ပြည်ထောင်စုစိတ်ဓာတ် ဖွံ့ဖြိုးပြီး တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုအနုပညာနှင့် ရိုးရာဓလေ့များကို လေးစားတန်ဖိုးထားရေး၊ ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးတို့ကိုပါ လေ့ကျင့်ပြုစု ပျိုးထောင်ပေးသော လူ့အဖွဲ့အစည်းဖြစ်စေရန်၊

(ခ) လူငယ်များမျိုးချစ်စိတ်ဓာတ် နိုင်ငံချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ ဝေဖန်ပိုင်းခြားနိုင်သော အတွေးအခေါ်ရှိရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရန်၊

(ဂ) ပြည်သူ့နီတိနှင့် ဒီမိုကရေစီကျင့်စဉ်များဖြင့် ဥပဒေကိုလေးစားလိုက်နာသော နိုင်ငံ့သားကောင်းများ ဖြစ်လာအောင် လေ့ကျင့် ပြုစုပျိုးထောင်ပေးရန်၊

(ဃ) ပညာရပ်နယ်ပယ်အလိုက် ကျွမ်းကျင်စွာတတ်မြောက်သော ထူးချွန်ထက်မြက်သည့်အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာကျွမ်းကျင်သူနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်သူများကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

(င) ပညာအခြေပြု စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

(စ) သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာကို ထိရောက်စွာ အသုံးပြုခြင်းဖြင့် သင်ကြားရေး၊ သင်ယူရေး၊ သုတေသနနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ၏ အရည်အသွေးမြင့်မားလာစေရန်၊

(ဆ) နိုင်ငံသားတိုင်းပညာသင်ယူခွင့်ရရှိပြီး စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သော ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် ဘဝတစ်လျှောက် အစဉ်သင်ယူသူများဖြစ်လာစေရန်၊

(ဇ) အားကစားကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားကောင်းများ ဖြစ်လာစေရန်၊

(ဈ) သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးကာကွယ်ထိန်းသိမ်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်သော နိုင်ငံသားများဖြစ်လာအောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

(ည) နိုင်ငံတကာအဆင့်မီ ပညာရပ်ဆိုင်ရာဝန်းကျင်ကောင်းများ ဖန်တီးပေးရန်၊

(ဋ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတစ်ဦးအဖြစ် မြတ်နိုးဂုဏ်ယူတတ်စေရန်။

အခန်း (၃)

ပညာရေးအခြေခံမူများ

၄။ ပညာရေးအခြေခံမူများမှာအောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ဖွံ့ဖြိုးမှု ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အထောက်အကူပြုသော နိုင်ငံတကာအဆင့်မီ ပညာရေးဖြစ်ခြင်း၊

(ခ) တိုင်းရင်းသား လူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်သော ပညာရေးဖြစ်ခြင်း၊

(ဂ) အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့် မရရှိသူများကို လူတိုင်းအကျုံးဝင်ပညာရေးအရ ပညာသင်ယူနိုင်ခွင့်အစီအစဉ်များ ဖန်တီးပေးခြင်းဖြင့် မည်သည့်ခွဲခြား၊ ကန့်သတ်ချက်မျှမရှိဘဲ တူညီသောသင်ယူမှုအခွင့်အလမ်းရှိစေရခြင်း၊

(ဃ) ကျောင်းနေအရွယ် လူငယ်များအားလုံး ပညာသင်ကြားနိုင်ခွင့်ရှိပြီး ၎င်းတို့၏ ကိုယ်ရည်ကိုယ်သွေးနှင့် စွမ်းဆောင်နိုင်မှုများကို တတ်နိုင်သမျှ ဖွံ့ဖြိုးတိုးတက်စေရန်၊ အခြားသူများ၏ အခွင့်အရေးများ၊ တန်ဖိုးများနှင့် သဘာဝပတ်ဝန်းကျင်ကို လေးစားရန် အားပေးသည့် ပညာသင်ကြားမှုကို ရပိုင်ခွင့်ရှိခြင်း၊

(င) အခမဲ့မသင်မနေရ မူလတန်းပညာရေးကို အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်ခြင်း၊

(စ) ပညာရေးအဆင့်တိုင်းတွင် ဘက်စုံအတွေးအခေါ် အမြော်အမြင်မြင့်မားပြီး အကျင့်စာရိတ္တကောင်းမွန်၍ နိုင်ငံတော်တည်ဆောက်ရေးအတွက်အကျိုးပြုမည့်လူ့စွမ်းအားအရင်းအမြစ်များကိုမွေးထုတ်နိုင်သည့်ခေတ်မီပညာရေးဖြစ်ခြင်း၊

(ဆ) ပညာရပ်နယ်ပယ်အားလုံးကို တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သောအရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ နည်းပညာကျွမ်းကျင်သူများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်သူများကိုအဆင့်အလိုက်မွေးထုတ်ခြင်း၊

(ဇ) လွတ်လပ်စွာရပ်တည်သော ကိုယ်ပိုင်စီမံခန့်ခွဲသည့်တက္ကသိုလ်များအဖြစ်ရပ်တည်ခြင်းနှင့်တက္ကသိုလ်ဝင်ခွင့်စနစ်ကိုသင်ယူလိုသူ၏အရည်အချင်းနှင့်ဆန္ဒကိုအခြေခံပြီးရွေးချယ်နိုင်ခွင့်ရှိသောစနစ်ကျင့်သုံးခြင်း၊

(ဈ) ကျောင်းပညာရေးဆိုင်ရာ သင်ကြားရေးဌာနများတွင် လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်၊ လူ့အခွင့်အရေးနှင့်လူ့ဂုဏ်သိက္ခာကို အလေးထားပြီး ဘာသာရေးအဖွဲ့အစည်းနှင့် နိုင်ငံရေးအဖွဲ့အစည်းတို့၏ လွှမ်းမိုးမှုမှကင်းလွတ်ခြင်း၊

(ည) ကျန်းမာကြံ့ခိုင်သောလူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းလာစေရန် အားကစားကိုအားပေးခြင်း၊

(ဋ) ပညာရေးအဆင့်တိုင်းတွင်ပုဂ္ဂလိက၏ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ဆောင်ရွက်ခြင်း၊

(ဌ) ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူပြည်သားတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊

(ဍ) ပညာရေးမြှင့်တင်မှုဆောင်ရွက်ရေးလုပ်ငန်းများတွင် ပြည်သူပြည်သားတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊

(ဎ) ပညာရေးဝန်ထမ်းများအားလုံး၏အရည်အသွေးနှင့်လူမှုဘဝမြှင့်တင်ရေးကိုအလေးထားဆောင်ရွက်ခြင်း၊

(ဏ) သင်ကြားရေး၊ သင်ယူရေး၊ သုတသနနှင့်စီမံခန့်ခွဲရေးလုပ်ငန်းများတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို ထိရောက်စွာ အသုံးပြုခြင်း၊

(တ) ပညာရေးအဆင့်တိုင်းနှင့် ပညာရပ်နယ်ပယ်အသီးသီးတွင် ပညာရေးအဆင့်အတန်းကို သတ်မှတ်ပြီး အရည်အသွေးအာမခံမှုရှိသောစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ထ) ပညာရေးဝန်ထမ်းများသည် အရည်အသွေး ပြည့်ဝပြီး ကိုယ်ကျင့်တရားကောင်းမွန်ကာ ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်မှုနှင့် ကိုယ်တိုင်တာဝန်ယူတတ်မှုတို့ ဖွံ့ဖြိုးလာမှုအပေါ် မူတည်၍ ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် စနစ်ကို ကျင့်သုံးခြင်း။

(ဆက်လက်ဖော်ပြပါမည်)

ဥပဒေ

ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်း

ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁ ။)
၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်
(၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်၊ စီရင်ပိုင်ခွင့်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို မည်သူမဆို ပြည်တွင်းတွင်ဖြစ်စေ၊ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ်၊ လေယာဉ်နှင့် စက်တပ်ယာဉ်တစ်ခုခုပေါ်တွင်ဖြစ်စေ ကျူးလွန်လျှင်လည်းကောင်း၊ မြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရသူက ပြည်ပတွင် ကျူးလွန်လျှင်လည်းကောင်း ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဗဟိုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့ကိုဆိုသည်။

(ခ) **ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေနှင့် သက်ဆိုင်သည့် ငွေကြေးဆိုင်ရာ ကိစ္စရပ်များကို စုံစမ်းအရေးယူနိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့ကိုဆိုသည်။

(ဂ) **စိစစ်ရေးအဖွဲ့** ဆိုသည်မှာ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့က ဖွဲ့စည်းပေးသော အဖွဲ့ကိုဆိုသည်။

(ဃ) **စုံစမ်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဗဟိုအဖွဲ့က ဖွဲ့စည်း တာဝန်ပေးအပ်သော အဖွဲ့ကိုဆိုသည်။

(င) **သတင်းပို့အဖွဲ့အစည်း** ဆိုသည်မှာ ဤဥပဒေက သတင်းပို့ရန် သတ်မှတ်ထားသည့်ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုဆိုသည်။ ယင်းစကားရပ်တွင် ဗဟိုအဖွဲ့က အခါအားလျော်စွာအမိန့်ကြော်ငြာစာထုတ်ပြန်၍ သတင်းပို့ရန် သတ်မှတ်တာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့အစည်းလည်း ပါဝင်သည်။

(စ) **ကြီးကြပ်ရေးအာဏာပိုင်** ဆိုသည်မှာ သတင်းပို့ အဖွဲ့အစည်းများအနေဖြင့် ဤဥပဒေအရ သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်စေရေးအတွက် ကြီးကြပ်ရန် ဗဟိုအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(ဆ) **ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေနှင့် အခြားသက်ဆိုင်သော ဥပဒေများအရ တည်ထောင်ထားသော ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများကိုဆိုသည်။ ယင်းစကားရပ်တွင် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူ တစ်ဦးဦးအတွက်ဖြစ်စေ သို့မဟုတ် ၎င်း၏ ကိုယ်စား အောက်ပါဆောင်ရွက်မှုတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ဆောင်ရွက်မှုများကိုဖြစ်စေ စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်သည့် ကူးသန်းရောင်းဝယ်ရေးဘဏ် သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ်၊ ငွေစုငွေချေးအသင်း၊ ငွေရေးကြေးရေးကုမ္ပဏီ၊ ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ရေးကုမ္ပဏီ၊ နိုင်ငံခြားငွေဝယ်ယူရောင်းချ လဲလှယ်ရေး ကောင်တာ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း အဖွဲ့အစည်း၊ အာမခံကုမ္ပဏီနှင့် အခြားအဖွဲ့အစည်းများလည်း ပါဝင်သည် -

(၁) ပုဂ္ဂိုလ်တစ်ဦးချင်းအတွက် ဘဏ်လုပ်ငန်းဆောင်ရွက်ပေးခြင်း၊ ပြည်သူများထံမှ အပ်ငွေများနှင့် ပြန်လည်ပေးအပ်ရမည့် ရန်ပုံငွေများ လက်ခံခြင်း၊

(၂) ပစ္စည်းသိမ်းဆည်းခြင်း အပါအဝင် ကူးသန်းရောင်းဝယ်ရေး ဆောင်ရွက်ချက်များအတွက် ငွေကြေးဖြည့်ဆည်းပေးခြင်း၊ စားသုံးသူချေးငွေ၊ အပေါင်ဖြင့် ချေးငွေများ အပါအဝင် ငွေထုတ်ချေးခြင်း၊

(၃) စားသုံးသူဆိုင်ရာ ဆောင်ရွက်ချက်များနှင့်သက်ဆိုင်သည့် အစီအစဉ်များမှ တစ်ပါး ငွေချေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ငွေရေးကြေးရေးဆိုင်ရာ အခွင့်အရေးကို ငှားရမ်းခြင်း၊

(၄) ငွေကြေး သို့မဟုတ် တန်ဖိုးတစ်ရပ်ရပ်ကို လွှဲပြောင်းပေးခြင်း၊

(၅) အကြွေးဝယ်ကတ်နှင့်မြီစားကတ်များ၊ ခရီးသွားချက်လက်မှတ်၊ ငွေပေးအမိန့်များ၊ ဘဏ်ငွေလွှဲလက်မှတ်၊ အီလက်ထရောနစ်နည်းလမ်းများဖြင့် ငွေပေးချေခြင်း၊ ထုတ်ဝေခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(၆) ငွေရေးကြေးရေးဆိုင်ရာ အာမခံနှင့် ကတိစာချုပ်များ ထုတ်ဝေခြင်း၊

(၇) အောက်ပါ ငွေရေးကြေးရေးစာချုပ်စာတမ်းများ ရောင်းဝယ်ခြင်း-

(ကက) ချက်လက်မှတ်များ၊ ငွေပေးအမိန့်လက်မှတ်များ၊ အပ်ငွေလက်မှတ်များနှင့် ဆင့်ပွား စာချုပ်စာတမ်းများ၊ နိုင်ငံခြားသုံးငွေ၊ အတိုးနှုန်းနှင့်ဈေးနှုန်း ညွှန်းကိန်း စာချုပ်စာတမ်းများ၊ လွှဲပြောင်းနိုင်သော ငွေချေးသက်သေခံလက်မှတ်များ အပါအဝင် ငွေကြေးဈေးကွက် စာချုပ်စာတမ်းများအား ရောင်းဝယ်ခြင်း၊

(ခခ) ကုန်စည်များကို အနာဂတ်ကာလအတွက် မျှော်မှန်း ရောင်းဝယ်ခြင်း။

(၈) ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရာတွင် ပါဝင်ခြင်းနှင့် အဆိုပါကိစ္စရပ်များတွင် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးပေးခြင်း၊

(၉) ရင်းနှီးမြှုပ်နှံမှု တစ်ခုချင်းကိုဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှု အားလုံးကိုဖြစ်စေ စီမံခန့်ခွဲခြင်း၊

(၁၀) အာမခံသေတ္တာများ လက်ခံထိန်းသိမ်းခြင်းနှင့် အခြားပုဂ္ဂိုလ်များကိုယ်စား ငွေကြေး သို့မဟုတ် ငွေဖြစ်လွယ်သော ငွေချေးသက်သေခံလက်မှတ်များ စီမံခန့်ခွဲပေးခြင်း၊

(၁၁) အခြားပုဂ္ဂိုလ်များကိုယ်စား ငွေကြေး သို့မဟုတ် ဘဏ္ဍာရန်ပုံငွေများ စီမံခန့်ခွဲခြင်း သို့မဟုတ် စီမံအုပ်ချုပ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊

(၁၂) ကိုယ်စားလှယ်များနှင့် တစ်ဆင့်ကြားခံ ဆောင်ရွက်ပေးသူများက အာမခံလုပ်ငန်း ကြားခံဝန်ဆောင်မှုပေးခြင်းအပါအဝင် အခြား ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်သွယ်နေသည့် အာမခံလုပ်ငန်း၊ အသက်နှင့် အထွေထွေအာမခံလုပ်ငန်း ဆောင်ရွက်ပေးခြင်း၊

(၁၃) ငွေကြေးနှင့် ငွေများလဲလှယ်ဆောင်ရွက်ခြင်း။

(ဇ) **သဏ္ဌာန်ဆောင်ဘဏ်** ဆိုသည်မှာ နိုင်ငံအတွင်း တရားဝင်စီးပွားရေး လုပ်ငန်းအဖွဲ့ တည်ထောင်ထားပြီး လိုင်စင်ရယူထားခြင်း သို့မဟုတ် အခြေစိုက်ထားခြင်းဖြစ်သော်လည်း ရုပ်ဒြပ်အရ တည်ရှိနေခြင်း မရှိသည့်အပြင် ထိရောက်ခိုင်မာစွာ ကြီးကြပ်မှုခံရသော ငွေရေး ကြေးရေး အုပ်စုတစ်ခုနှင့် ပေါင်းစည်းထားခြင်း မရှိသည့် ဘဏ်ကိုဆိုသည်။

(ဈ) **တစ်ဦးတစ်ယောက်သောသူ၊ သူတစ်ဦး သို့မဟုတ် ပုဂ္ဂိုလ်**ဆိုရာတွင် ဥပဒေအရ ဖွဲ့စည်းသည်ဖြစ်စေ၊ မဖွဲ့စည်းသည်ဖြစ်စေ ကုမ္ပဏီ၊ အသင်း၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် လူတစ်စုလည်း ပါဝင်သည်။

(ည) **အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်** ဆိုသည်မှာ မူလအဓိက ပိုင်ဆိုင်သူကိုဖြစ်စေ၊ ဆက်သွယ် ဆောင်ရွက်သူ တစ်ဦးအား ထိန်းချုပ်သူကိုဖြစ်စေ သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုတစ်ခုခုကို မိမိကိုယ်စား အခြားသူတစ်ဦးက ဆောင်ရွက်စေသည့် သူတစ်ဦးကိုဆိုသည်။ ယင်းစကားရပ်တွင် ကုမ္ပဏီ အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် စီစဉ်ဆောင်ရွက်မှု တစ်ခုခုကို ထိရောက်သော ထိန်းချုပ်မှုပြုလုပ်သည့် သူတစ်ဦးလည်း ပါဝင်သည်။

(ဋ) **ဆက်သွယ်ဆောင်ရွက်သူ** ဆိုသည်မှာ အောက်ပါ အချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သူကို ဆိုသည်-

(၁) ငွေလွှဲပြောင်းခြင်း၊ ဘဏ်စာရင်းဖွင့်လှစ်ခြင်း သို့မဟုတ် ကတိကဝတ်ပြုခြင်း ဆောင်ရွက်သူ၊

(၂) ငွေလွှဲခြင်း သို့မဟုတ် ငွေစာရင်းတွင် လက်မှတ်ရေးထိုးသူ၊

(၃) ငွေလွှဲရန် တာဝန်ပေးအပ်ခံရသူ၊ ငွေလွှဲပြောင်းသူ၊ ငွေလွှဲရန် အခွင့်အရေးရှိသူ သို့မဟုတ် တာဝန်ရှိသူ၊

(၄) ငွေလွှဲပြောင်းရန် သို့မဟုတ် ငွေစာရင်းအားထိန်းချုပ်ရန် အခွင့်အာဏာရှိသူ၊

(၅) ပုဒ်မခွဲငယ် (၁) မှ ပုဒ်မခွဲငယ် (၄) အထိပါ ကိစ္စရပ်များကို ဆောင်ရွက်ရန် အားထုတ်သူ။

(ဌ) **ပြည်တွင်းပြည်ပတွင် ဩဇာတိက္ကမရှိသူ** ဆိုသည်မှာ နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခု၌ဖြစ်စေ အများပြည်သူဆိုင်ရာလုပ်ငန်းများဖြင့် ထင်ရှားသူ သို့မဟုတ် ယင်းလုပ်ငန်းများအတွက် ယုံကြည်ခြင်းခံရသူကိုလည်းကောင်း၊ ယင်း၏ မိသားစုဝင်များ သို့မဟုတ် ယင်းနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သူကိုလည်းကောင်း ဆိုသည်။

(ဍ) **အပြည်ပြည်ဆိုင်ရာတွင် ဩဇာတိက္ကမရှိသူများ** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းများဆောင်ရွက်သည့် ဒါရိုက်တာ၊ ဒုတိယဒါရိုက်တာ၊ ဒါရိုက်တာအဖွဲ့ဝင်နှင့်အဆင့်မြင့်အဖွဲ့ဝင်ဖြစ်သူ၊ အလားတူလုပ်ငန်းများတွင် ယင်းအဆင့်နှင့်ညီမျှသော အဖွဲ့ဝင်ဖြစ်သူ သို့မဟုတ် ယင်းလုပ်ငန်းဆောင်ရွက်ရန် ယုံကြည်ခြင်းခံရသူနှင့် ယင်း၏ မိသားစုဝင်များ သို့မဟုတ် ယင်းနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သူတို့ကို ဆိုသည်။

(ဎ) **ငွေကြေးခဝါချမှု**ဆိုသည်မှာ အောက်ပါအချက်တစ်ရပ်ရပ် ကျူးလွန်ခြင်းကို ဆိုသည်-

(၁) တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းဖြစ်သည်ဟု သိရှိလျက်နှင့်ဖြစ်စေ၊ သိရှိရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ယင်းငွေကြေး သို့မဟုတ် ပစ္စည်း၏ ဇာစ်မြစ်ကို အသွင်ပြောင်းလဲရန် သို့မဟုတ် ဖုံးကွယ်ရန်သော်လည်းကောင်း၊ ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် ပါဝင်သူ တစ်ဦး တစ်ယောက်အား ယင်း၏ပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေအရအရေးယူခံရခြင်းမှ ရှောင်ရှားနိုင်ရေးအတွက် ပြစ်မှုမကျူးလွန်မီဖြစ်စေ၊ ပြစ်မှုကျူးလွန်ပြီးနောက်ဖြစ်စေ အကူအညီပေးရန် ရည်ရွယ်ချက်ဖြင့် ယင်းငွေကြေးနှင့် ပစ္စည်းကို ပြောင်းလဲခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(၂) တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းဖြစ်ကြောင်း သိရှိသည့် သို့မဟုတ် သိရှိရန် အကြောင်းရှိသည့် ငွေကြေးနှင့်ပစ္စည်းများနှင့်စပ်လျဉ်း၍ မူလသဘာဝ၊ ဇာစ်မြစ်၊ တည်နေရာနှင့်ပင်ကိုစရိုက် လက္ခဏာတို့ကို ပြောင်းလဲမှုသော်လည်းကောင်း၊ ယင်းငွေကြေးနှင့်ပစ္စည်းတို့ကို ပိုင်ဆိုင်မှု သို့မဟုတ် အခွင့်အရေးတို့အား ဖုံးကွယ်ခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်းသော်လည်းကောင်းပြုခြင်း၊

(၃) တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းဖြစ်ကြောင်း မိမိလက်ဝယ် လက်ခံရရှိသည့်အချိန်တွင် သိရှိသော သို့မဟုတ် သိရှိရန်အကြောင်းရှိသော ငွေကြေးနှင့်ပစ္စည်းကို ရယူခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(၄) ပုဒ်မခွဲငယ် (၁) မှ ပုဒ်မခွဲငယ် (၃) အထိပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း သို့မဟုတ် ကျူးလွန်ရန်အကြံဖြင့် စီစဉ်ဆောင်ရွက်ခြင်းကို ပြုလုပ်မှုဖြင့်သော်လည်းကောင်း၊ ပျက်ကွက်မှုဖြင့်သော်လည်းကောင်း ပူးပေါင်းပါဝင်ခြင်း၊ အကူအညီပေးခြင်း၊ ပံ့ပိုးခြင်း၊ အထောက်အပံ့ပေးခြင်း၊ စီမံခန့်ခွဲခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ဂိုဏ်းအဖွဲ့ဝင်ဖြစ်ခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆက်စပ်ပတ်သက်ခြင်းဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်း။

(ဏ) **ငွေကြေး** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် သို့မဟုတ် ပြည်ပနိုင်ငံတစ်ခုခုက ထုတ်ဝေထားပြီး တရားဝင်လဲလှယ်အသုံးပြုနိုင်သည့် ငွေဒင်္ဂါး၊ ငွေအကြွေနှင့်ငွေစက္ကူများ၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများဖြစ်သည့် ငွေပေးကတိစာချုပ်များ၊ ငွေလွှဲလက်မှတ်များ၊ ချက်လက်မှတ်များ၊ ငွေချေးစာချုပ်များ၊ ငွေတိုက်စာချုပ်များ၊ ကြွေးမြီအာမခံစာချုပ်များ၊ နိုင်ငံခြားသုံးငွေများ၊ ယင်းငွေများနှင့် ဆက်စပ်နေသော စာချုပ် စာတမ်းတစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များကို ဆိုသည်။

(တ) **ပစ္စည်း** ဆိုသည်မှာ ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆို တည်ရှိသော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း သို့မဟုတ် မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ပစ္စည်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းအမှတ်အသား၊ အီလက်ထရောနစ် နည်းလမ်းဖြင့် ပစ္စည်းကို အသုံးချ၍ ဆောင်ရွက်ရာမှရရှိသည့် အကျိုးအမြတ်၊ အခွင့်အရေး၊ အစုပေါ်အမြတ်၊ ပိုင်ဆိုင်ခွင့်နှင့် အခြားဝင်ငွေများလည်း ပါဝင်သည်။

(ထ) **တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ** ဆိုသည်မှာ ဤဥပဒေနှင့် သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှဖြစ်စေ၊ ယင်းပြစ်မှု တစ်ရပ်ရပ် ကျူးလွန်ခြင်းနှင့်စပ်ဆိုင်သော ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုမှဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရရှိသော ငွေကြေးနှင့်ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါငွေကြေးနှင့် ပစ္စည်းများကို အခြေခံ၍ ဖြစ်ထွန်းလာသော ငွေကြေး သို့မဟုတ် ပစ္စည်းများနှင့် အကျိုးအမြတ်တို့သည် လည်းကောင်း၊ အခြားပစ္စည်းအဖြစ် ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းအဖြစ် ဖြစ်စေ လွှဲပြောင်းခြင်း သို့မဟုတ် ပြောင်းလဲခြင်းပြုလုပ်ထားသည့် ငွေကြေး သို့မဟုတ် ပစ္စည်းများသည် လည်းကောင်း ပါဝင်သည်။

(ဒ) **လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ**ဆိုသည်မှာ ပိုင်ရှင်ကိုယ်စား ငွေထုတ်သည့် ပုံစံဖြင့်ဖြစ်စေ၊ ကန့်သတ်ချက်မထားရှိဘဲ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးခြင်းဖြင့် ဖြစ်စေ၊ ဖန်တီးထားသော ငွေလက်ခံသူအမည် ဖြည့်စွက်၍ဖြစ်စေ၊ လွှဲပြောင်းပေးအပ်ရန် အကျုံးဝင်သည့် အခြားပုံစံဖြင့် ဖြစ်စေရှိသည့်ချက်လက်မှတ်များ၊ ငွေပေးချေရန် ကတိစာချုပ်များနှင့် ငွေပေးအမိန့်များ အပါအဝင် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ၊ ခရီးသွားချက်လက်မှတ်များကဲ့သို့ လွှဲပြောင်းနိုင်သည့် ပုံစံရှိသော ငွေရေးကြေးရေးစာချုပ်စာတမ်းများကိုဆိုသည်။ ယင်းစကားရပ်တွင် လက်မှတ်ရေးထိုးထားသော်လည်း ငွေလက်ခံမည့်သူ၏ အမည်မပါဝင်သည့် ချက်လက်မှတ်များ၊ ငွေပေးချေရန် ကတိစာချုပ်များ၊ ငွေပေးအမိန့်များနှင့် တစ်ပိုင်းတစ်စ စာချုပ်စာတမ်းများလည်း ပါဝင်သည်။

(ဓ) **အသုံးပြုပစ္စည်း** ဆိုသည်မှာ ဤဥပဒေပါ ပြစ်မှုများ၊ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုကျူးလွန်ရန်အလို့ငှာ အသုံးပြုသည့် သို့မဟုတ် အသုံးပြုရန်ရည်ရွယ်သည့် ပစ္စည်းများကို ဆိုသည်။

(န) **ငွေစာရင်း** ဆိုသည်မှာ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ငွေရေးကြေးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းနှင့်ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများက ပြုလုပ်သော အောက်ပါ ဆောင်ရွက်ချက်တစ်ခုခုကို ဆိုသည်-

(၁) ငွေကြေး သို့မဟုတ် ပစ္စည်းများအပ်နှံသည်ကို လက်ခံခြင်း၊

(၂) ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းခြင်းကို သော်လည်းကောင်း၊ ဘဏ်စာရင်းမှထုတ်ယူခြင်းကိုသော်လည်းကောင်း ခွင့်ပြုခြင်း၊

(၃) အခြားသူတစ်ဦးတစ်ယောက်ကိုယ်စား လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ ပေးအပ်ခြင်း သို့မဟုတ် အမိန့်ပေးခြင်း၊ ငွေပေးအမိန့်လွှာများ ထုတ်ယူခြင်း သို့မဟုတ် စုဆောင်းခြင်း အတွက် အမိန့်ပေးခြင်းများကို ဆောင်ရွက်ခြင်း၊

(၄) အာမခံသေတ္တာ သို့မဟုတ် အခြားလုံခြုံမှုရှိသော အာမခံပုံစံများ အတွက် အထောက်အကူ သို့မဟုတ် စီစဉ်ဆောင်ရွက်မှုတစ်ခုခု။

(ပ) **ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း** ဆိုသည်မှာ ဆက်သွယ်ဆောင်ရွက်သူ တစ်ဦးတစ်ယောက်၏ လွှဲပြောင်းဆောင်ရွက်မှုသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့နှင့်စပ်ဆိုင်မှု ရှိ မရှိ ဆက်လက် စိစစ်နိုင်ရန်အတွက် စီးပွားဆက်ဆံမှု စတင်သည့်အချိန်မှစ၍ အဆိုပါဆက်သွယ်ဆောင်ရွက်သူနှင့် ပတ်သက်သော သတင်းအချက်အလက်များနှင့် လွှဲပြောင်းဆောင်ရွက်မှုဆိုင်ရာ သတင်းအချက်အလက်များကို ပြည့်စုံစွာရရှိရန် စဉ်ဆက်မပြတ် အာရုံစိုက်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာအာဏာပိုင်များသို့ ဆက်လက်သတင်းပို့ခြင်းစသည်တို့ ပါဝင်သည့် လုပ်နည်းစနစ်ကို ဆိုသည်။

(ဖ) **ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲခြင်း** ဆိုသည်မှာ သူတစ်ဦး၏ကိုယ်စား ငွေရေးကြေးရေးလုပ်ငန်းတစ်ခုမှ တစ်ဆင့် အခြားငွေရေးကြေးရေး လုပ်ငန်းတစ်ခု၏ အကျိုးခံစားခွင့်ရှိသူထံ အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေကြေးလွှဲပြောင်းခြင်း အားလုံးကို ဆိုသည်။

(ဗ) **ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်း**ဆိုရာတွင် အောက်ပါတို့ပါဝင်သည် -

(၁) ကာစီနိုများ၊

(၂) အိမ်ခြံမြေ အကျိုးဆောင်များ၊

(၃) အဖိုးတန်သတ္တုနှင့် ကျောက်မျက်ရတနာရောင်းဝယ်သူများ၊

(၄) မိမိအမှုသည်၏ ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းမှု၊ လက်ခံမှုနှင့် အပ်နှံမှုများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ဆောင်ချက်များကို ဆောင်ရွက်ပေးသော ရှေ့နေ၊ နိုထရီပတ်ဗလစ်နှင့် စာရင်းကိုင်များ သို့မဟုတ် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ -

(ကက) မရွှေ့မပြောင်းနိုင်သောပစ္စည်း ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ခခ) အမှုသည်၏ ငွေကြေးများ၊ ငွေချေးသက်သေခံ လက်မှတ်များ သို့မဟုတ် အခြားပိုင်ဆိုင်သည့် ပစ္စည်းများအား စီမံခန့်ခွဲခြင်း၊

(ဂဂ) ဘဏ်များ၊ စုငွေများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များစာရင်းကို စီမံခန့်ခွဲခြင်း၊

(ဃဃ) ကုမ္ပဏီများထူထောင်မှု၊ လုပ်ငန်းလည်ပတ်မှု သို့မဟုတ် စီမံခန့်ခွဲမှုများအတွက် အထောက်အကူပြုဆောင်ရွက်ချက်များကို စုရုံးစီစဉ်ခြင်း၊

(ငင) တရားဝင်အသင်းအဖွဲ့များ သို့မဟုတ် အစီအစဉ်များ ထူထောင်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စီးပွားရေးလုပ်ငန်းများကို ဝယ်ယူခြင်းနှင့်ရောင်းချခြင်း။

(၅) အောက်ပါဝန်ဆောင်မှုလုပ်ငန်းများကို အခြားသူများအတွက် စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးသည့် ကုမ္ပဏီများ အုပ်ထိန်းမှုအဖွဲ့နှင့် ကုမ္ပဏီဝန်ဆောင်မှုပေးသူများ-

(ကက) တရားဝင်အသင်းအဖွဲ့များ ဖွဲ့စည်းရေးဆိုင်ရာ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

(ခ ခ) ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး အဖြစ်သော် လည်းကောင်း၊ အစုစပ်လုပ်ကိုင်သူ သို့မဟုတ် အခြားတရားဝင်အသင်းအဖွဲ့တစ်ခု သို့မဟုတ် အစီအစဉ်တစ်ခုတွင် ယင်းအဆင့်နှင့် တူညီသောသူအဖြစ်သော်လည်းကောင်း ဆောင်ရွက်ခြင်း၊

(ဂ ဂ) ကုမ္ပဏီတစ်ခု သို့မဟုတ် အစုစပ်လုပ်ငန်းတစ်ခု သို့မဟုတ် အခြားသောတရားဝင်အသင်းအဖွဲ့ သို့မဟုတ် အစီအစဉ်တစ်ခုအတွက် မှတ်ပုံတင်ရုံး သို့မဟုတ် နေရာထိုင်ခင်း သို့မဟုတ် လုပ်ငန်းလိပ်စာ သို့မဟုတ် စာပေးစာယူ သို့မဟုတ် အုပ်ချုပ်မှုလိပ်စာ တို့ကို တာဝန်ယူပေးခြင်း။

(၆) ယုံကြည်အပ်နှံမှုလုပ်ငန်းတစ်ခုတွင် ယုံကြည်အပ်နှံခံရသူအဖြစ် ဆောင်ရွက်ခြင်း သို့မဟုတ် တရားဝင်အသင်းအဖွဲ့ အစီအစဉ်တစ်မျိုးမျိုးတွင် ယင်းလုပ်ငန်း တာဝန်မျိုးနှင့် တူညီစွာ ဆောင်ရွက်ခြင်း၊

(၇) သူတစ်ဦးအတွက် အမည်ခံအစုရှယ်ယာရှင်အဖြစ်ဖြင့် ဆောင်ရွက်ခြင်း သို့မဟုတ် သူတစ်ဦးအတွက် အမည်ခံအစုရှယ်ယာရှင်အဖြစ် အခြားသူတစ်ဦးဦးက ဆောင်ရွက်ပေးစေရန် စီစဉ်ခြင်း။

(ဘ) **အုပ်စုလိုက်အကောင်အထည်ဖော်မှု** ဆိုသည်မှာ ပင်ရင်းကုမ္ပဏီ သို့မဟုတ် အခြားသောကုမ္ပဏီအဖွဲ့အစည်း အမျိုးအစားတစ်ရပ်ရပ်က ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် စပ်လျဉ်း၍ မိမိ၏ရုံးခွဲများနှင့် လက်အောက်ခံကုမ္ပဏီများအား ကြီးကြပ်မှုနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုများကိုဆိုသည်။

အခန်း (၂)
ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငွေကြေးခဝါချမှုများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့ကို ထိရောက်စွာ အရေးယူနိုင်ရန်နှင့် ဆင့်ပွားပေါ်ပေါက်နိုင်သည့် ပြစ်မှုများကို ကာကွယ်ဟန့်တားရန်၊

(ခ) ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့မှတစ်ဆင့် နိုင်ငံတော်၏အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ဝင်ရောက်စွက်ဖက်ခြင်းမှ ကာကွယ်ရန်၊

(ဂ) နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆောင်ရွက်ရန်၊

(ဃ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် မူလပြစ်မှုများတိုက်ဖျက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(င) အမျိုးသားအဆင့်အန္တရာယ်အကဲဖြတ်ခြင်းဆောင်ရွက်၍ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်အခြားသောသက်ဆိုင်သည့် အစိုးရဌာနအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးစနစ်နှင့် သက်ဆိုင်သည့် ညွှန်ကြားချက်များနှင့်လမ်းညွှန်ချက်များ ထုတ်ပြန်ရန်။

အခန်း (၃)
ဤဥပဒေနှင့်သက်ဆိုင်သည့်ပြစ်မှုများ

၅။ အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှ ရရှိသောငွေကြေးနှင့်ပစ္စည်းများကို ငွေကြေးခဝါချမှု ပြုလုပ်ခြင်းသည် ဤဥပဒေနှင့်သက်ဆိုင်စေရမည် -

(က) ဂိုဏ်းဖွဲ့ကျူးလွန်သည့်ပြစ်မှုများ၊

(ခ) ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုအပါအဝင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊

(ဂ) ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ထိပါးမှုနှင့်သက်ဆိုင်သည့် ပြစ်မှုများ (ဉာဏပစ္စည်းဆိုင်ရာပြစ်မှုများ)၊

(ဃ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာသည့် ပြစ်မှုများ၊

(င) အခွန်တိမ်းရှောင်မှုနှင့် အခြားအခွန်ဆိုင်ရာမှုခင်းများနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊

(စ) ပင်လယ်ဓားပြမှုနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊

(ဆ) အကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုများ၊

(ဇ) သတင်းအချက်အလက်ကို ဦးစွာသိရှိနိုင်သူက မိမိသိရှိသည့်သတင်းအချက်အလက်ကို အသုံးပြု၍ မိမိကိုယ်တိုင်ဖြစ်စေ၊ ယင်းသတင်းအချက်အလက်ကို သူတစ်ပါးအားပေးအပ်၍ဖြစ်စေ တရားမဝင်အကျိုးအမြတ်ရရှိရေးအတွက် ဆောင်ရွက်ခြင်းနှင့် စျေးကွက်ထိန်းချုပ်ရန် ပြုလုပ်ခြင်းဆိုင်ရာ ပြစ်မှုများ၊

(ဈ) နိုင်ငံတော်၏တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အနည်းဆုံး ထောင်ဒဏ်တစ်နှစ်နှင့်အထက် ပြစ်ဒဏ်ထိုက်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊

(ည) ဤဥပဒေနှင့်သက်ဆိုင်သည်ဟု ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခါအားလျော်စွာ သတ်မှတ်သည့် ပြစ်မှုများ၊

(ဋ) ပုဒ်မခွဲ(က) မှ ပုဒ်မခွဲ (ည) ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း သို့မဟုတ် ကျူးလွန်ရန်အကြံဖြင့် စီစဉ်ဆောင်ရွက်ခြင်းကို ပြုလုပ်မှုဖြင့်သော်လည်းကောင်း၊ ပျက်ကွက်မှုဖြင့်သော်လည်းကောင်း၊ ပူးပေါင်းပါဝင်ခြင်း၊ အကူအညီပေးခြင်း၊ ပံ့ပိုးခြင်း၊ အထောက်အပံ့ပေးခြင်း၊ စီမံခန့်ခွဲခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ဂိုဏ်းအဖွဲ့ဝင်ဖြစ်ခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆက်စပ်ပတ်သက်သည့် ပြစ်မှု။

အခန်း (၄)
ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သင့်လျော်သောနိုင်ငံသားများအား အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်စေလျက် ဗဟိုအဖွဲ့ကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းရမည်။

၇။ ဗဟိုအဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ မူဝါဒများချမှတ်ခြင်း၊ ယင်းမူဝါဒနှင့်အညီ သက်ဆိုင်ရာအစိုးရဌာနများ၊ အခြားသက်ဆိုင်သည့်အဖွဲ့အစည်းများနှင့် ညှိနှိုင်းအရေးယူဆောင်ရွက်ခြင်း၊

(ခ) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားမဟာဗျူဟာချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်း၊

(ဂ) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့်အန္တရာယ်ကို အကဲဖြတ်ခြင်းဆောင်ရွက်၍ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ သတင်းပို့အဖွဲ့အစည်းများ၏ပူးပေါင်းပါဝင်မှုဖြင့် အန္တရာယ်ကိုအခြေပြုချဉ်းကပ်ခြင်း နည်းလမ်းများ အသုံးပြုလျက် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးစနစ်တစ်ရပ်လုံးကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ကော်မတီများဖွဲ့စည်း၍ တာဝန်ပေးအပ်ခြင်း၊

(ဃ) ပုဒ်မခွဲ(က) နှင့် (ခ) အရ ချမှတ်ထားသည့် အမျိုးသားမူဝါဒ၊ မဟာဗျူဟာများ အကောင်အထည်ဖော်ဆောင်မှုနှင့် ပုဒ်မခွဲ(ဂ) အရ အမျိုးသားအဆင့်အန္တရာယ်ကို အကဲဖြတ်ခြင်းဆောင်ရွက်မှုကိုလည်းကောင်း၊ သတင်းပို့အဖွဲ့အစည်းများ၊ အစိုးရဌာနများနှင့် အခြားဆက်စပ်အဖွဲ့အစည်းများ၏ သတင်းပို့ခြင်းဆိုင်ရာလိုအပ်ချက်တို့ကို လည်းကောင်း စောင့်ကြည့်စစ်ဆေးခြင်း၊

(င) သတင်းပို့အဖွဲ့အစည်းများလိုက်နာရန်အောက်ပါအချက်များကို သတ်မှတ်ပြဋ္ဌာန်းသည့် ညွှန်ကြားချက်များထုတ်ပြန်ခြင်း-

(၁) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် အန္တရာယ်အဆင့်မြင့်မားသည့်အခြေအနေမျိုးတွင် ဆက်သွယ်ဆောင်ရွက်သူအပေါ် တိုးမြှင့်အလေးထား စိစစ်ခြင်းလုပ်ငန်းစဉ်များ၊

(၂) စီးပွားဆက်ဆံဆောင်ရွက်မှု ထူထောင်ပြီးနောက် သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုတစ်ရပ်ဆောင်ရွက်ပြီးနောက် ဆက်သွယ်ဆောင်ရွက်သူအပေါ် အတည်ပြုစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ။

(စ) ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သောသတင်းအချက်အလက်များဖလှယ်ရေး၊ စုံစမ်းစစ်ဆေးရေး၊ အရေးယူရေးတို့နှင့်စပ်လျဉ်း၍ ကုလသမဂ္ဂ ကွန်ဗင်းရှင်းဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ငွေကြေးခဝါချ၍ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများဖွဲ့စည်းဆောင်ရွက်ခြင်းမပြုနိုင်စေရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအား လမ်းညွှန်ခြင်း၊

(ဇ) နိုင်ငံတော်၏ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင်ပါဝင်သည့် သတင်းပို့အဖွဲ့အစည်းများကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍနှင့် တားဆီးနှိမ်နင်းရေးကဏ္ဍတို့မှ ပြည်သူ့ဝန်ထမ်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအား ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းစဉ်မူဝါဒချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဈ) ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း။

၈။ ဗဟိုအဖွဲ့၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ်ဖော်ထုတ်အကဲဖြတ်ခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊ ဖော်ထုတ်အကဲဖြတ်မှု၏နောက်ဆုံးရလဒ်များကိုထိန်းသိမ်းခြင်း၊ ယင်းရလဒ်များအနက် သင့်လျော်သည့်သတင်းအချက်အလက်များကို သက်ဆိုင်ရာအာဏာပိုင်များ၊ သတင်းပို့အဖွဲ့အစည်းများအား အသိပေးဖြန့်ဝေခြင်းနှင့် ယင်းတို့ရရှိသည့်အချက်အလက်များကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့စေခြင်း၊

(ခ) သတင်းပို့ရမည့် ငွေကြေးနှင့်ပစ္စည်းများ၏တန်ဖိုးပမာဏကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဂ) ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများထံသို့ စိစစ်ရေးအဖွဲ့က ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများရှိ ငွေကြေးနှင့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် ရှာဖွေသိမ်းဆည်းခြင်း၊ ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများစစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်း၊ လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် ရှာဖွေသိမ်းဆည်းခြင်းများ ဆောင်ရွက်ခွင့်ပြုနိုင်ရန် အမိန့်ထုတ်ဆင့်ခြင်းနှင့် ရုပ်သိမ်းခြင်း၊

(ဃ) ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ငွေကြေးနှင့်ပစ္စည်းများကို ဤဥပဒေအရ စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်းမပြုရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပုဂ္ဂိုလ်များအား တားမြစ်မိန့်ထုတ်ဆင့်ခြင်း၊ ချိပ်ပိတ်ထားရန် ညွှန်ကြားခြင်းနှင့် ရုပ်သိမ်းခြင်း၊

(င) ငွေကြေးခဝါချမှုပြုလုပ်ရာမှရရှိသော ငွေကြေး သို့မဟုတ် ပစ္စည်းများနှင့်စပ်လျဉ်း၍စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့အား တာဝန်ပေးအပ်ခြင်း၊

(စ) စိစစ်ရေးအဖွဲ့က သက်သေခံအဖြစ် သိမ်းဆည်းထားသောပစ္စည်းကို ခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ရန် ခွင့်ပြုသည့်အမိန့်ချမှတ်ခြင်းနှင့် ယင်းခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်းတို့ကို ကြီးကြပ်ခြင်း၊

(ဆ) ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ငွေကြေးနှင့်ပစ္စည်းများ သို့မဟုတ် အသုံးပြုပစ္စည်းများနှင့်စပ်လျဉ်း၍ သတင်းပေးသူအား လိုအပ်သော အကာအကွယ်ပေးခြင်းနှင့် ထိုက်သင့်သည့် ဆုငွေချီးမြှင့်ခြင်း၊

(ဇ) ဗဟိုအဖွဲ့၏လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် ကျွမ်းကျင်သူများ ပါဝင်သောရုံးအဖွဲ့ကို ဖွဲ့စည်းခြင်း၊

(ဈ) ဤဥပဒေအရ တရားရုံးကပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကုမ္ပဏီအဖွဲ့အစည်း သို့မဟုတ် သတင်းပို့အဖွဲ့အစည်းများကို အောက်ပါအရေးယူမှုများအနက် သင့်လျော်သောအရေးယူမှုကိုဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာန သို့မဟုတ် ကော်မရှင် သို့မဟုတ် အဖွဲ့အစည်းထံသို့ ဆက်သွယ်ညှိနှိုင်းအကြောင်းကြားခြင်း-

(၁) စီးပွားရေးလုပ်ငန်းရပ်ဆိုင်းစေခြင်းနှင့် အဆိုပါကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်းလိုင်စင်ကို ရုပ်သိမ်းခြင်း၊

(၂) မည်သည့်လုပ်ငန်းဆောင်ရွက်မှုကိုမဆို နှစ်နှစ်ထက်မပိုသည့် ကာလအတွင်း ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ခြင်း၊

(၃) ကုမ္ပဏီအဖွဲ့အစည်း၏လုပ်ငန်းခွဲကို ငါးနှစ်ထက်မပိုသည့် ကာလ သတ်မှတ်၍ ပိတ်သိမ်းခြင်း၊

(၄) ဤဥပဒေပါပြစ်မှုများကို ကျူးလွန်ခြင်းနှင့် ဆက်နွှယ်သည့် အဆောက်အအုံကို ငါးနှစ်ထက်မပိုသည့်ကာလအထိ အသုံးမပြုရန် တားမြစ်ခြင်း၊

(၅) ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆိုင်းငံ့ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် လိုင်စင်ရုပ်သိမ်းစေခြင်းနှင့် ဆက်လက်လုပ်ဆောင်မှုကို တားမြစ်ခြင်း။

(ည) ဤဥပဒေအရ တရားရုံးကပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကုမ္ပဏီအဖွဲ့အစည်း သို့မဟုတ် သတင်းပို့အဖွဲ့အစည်းများကို တစ်နှစ်ထက်မပိုသည့်ကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်နှင့်အညီ ဗဟိုအဖွဲ့၏ကြီးကြပ်မှုအောက်တွင် ထားရှိနိုင်ခြင်း၊

(ဋ) ပုဒ်မခွဲ (ဈ) နှင့် ပုဒ်မခွဲ (ည) တို့ပါ အရေးယူဆောင်ရွက်ချက်များကို စာပေစာနယ်ဇင်းများ၊ ရေဒီယို၊ ရုပ်မြင်သံကြားများမှတစ်ဆင့် ဖြစ်စေ၊ အီလက်ထရောနစ်နည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းတစ်ခုခုဖြင့်ဖြစ်စေ အများပြည်သူသို့ ထုတ်ပြန်ကြေညာအသိပေးခြင်း။

အခန်း (၅)
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ ဗဟိုအဖွဲ့သည် သတင်းပို့ချက်များကိုလည်းကောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများနှင့်ဆက်နွှယ်သည့် အခြားသောသတင်းအချက်အလက်များကိုလည်းကောင်း လက်ခံခြင်း၊ တောင်းဆိုခြင်း၊ စိစစ်ခြင်းနှင့် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်သော်လည်းကောင်း၊ ဤဥပဒေနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်နှင့် သော်လည်းကောင်း ဆက်နွှယ်သည်ဟုသံသယရှိသည့်အခါ စိစစ်တွေ့ရှိချက်ရလဒ်နှင့် အခြားသက်ဆိုင်သည့်သတင်းအချက်အလက်များကို သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများထံသို့ ဆောလျင်စွာ ပေးအပ်ခြင်း၊ ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်းများ၏တောင်းဆိုချက်နှင့်အညီ ပေးအပ်ခြင်းများကို လွတ်လပ်စွာဆောင်ရွက်နိုင်သော ဗဟိုအဖွဲ့အစည်းတစ်ရပ်အဖြစ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၁၀။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် -

(က) သတင်းပို့အဖွဲ့အစည်းများက လိုက်နာအသုံးပြုဆောင်ရွက်ရမည့် သတင်းပို့ချက်သတ်မှတ်ပုံစံများ၊ သတင်းပို့ချက်တွင် ပါဝင်ရမည့် အချက်များ၊ သတင်းပေးပို့ပြီးနောက် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့် သတင်းပို့ခြင်းဆိုင်ရာ နည်းလမ်းများကို အခါအားလျော်စွာ ထုတ်ပြန်ရမည်။

(ခ) ငွေကြေးခဝါချမှု သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သည်ဟု သံသယရှိလျှင် စိစစ်ချက်ရလဒ် သို့မဟုတ် အခြားသော သက်ဆိုင်ရာရရှိသည့် သတင်းအချက်အလက်များကို သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများထံသို့ ဆောလျင်စွာပေးအပ်ခြင်း၊ ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်းများ၏ တောင်းဆိုချက်နှင့်အညီ ပေးအပ်ခြင်းပြုနိုင်သည်။

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု၏ အလားအလာများ၊ စောင့်ကြည့်အကဲဖြတ်မှုရလဒ်များနှင့် ယင်းပြစ်မှုနှင့်ဆက်စပ်သည့်ပုံစံများ၊ ဦးတည်ရာများ၊ အန္တရာယ်ရှိမှုများနှင့် စပ်လျဉ်း၍ လေ့လာရရှိသည့်သတင်းအချက်အလက်နှင့် ကိန်းဂဏန်းများကို စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် ဖြန့်ဝေခြင်းပြုရမည်။

(ဃ) ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်သည့် ပြည်တွင်းမှ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်းတို့ ပြုရမည်။

(င) ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် အစိုးရဌာန၊ အဖွဲ့အစည်းများအား အသိပညာပေးခြင်း၊ သင်တန်းပေးခြင်းနှင့် လိုအပ်သောအကူအညီ အထောက်အပံ့ပေးခြင်းတို့ ပြုရမည်။

(စ) အဖွဲ့၏လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော သတင်းအချက်အလက်အသစ်များကို သက်ဆိုင်ရာ သတင်းပို့အဖွဲ့အစည်းများက သတ်မှတ်သည့်ပုံစံဖြင့်ပေးပို့ရန် ကာလ သတ်မှတ်၍ တောင်းခံနိုင်သည်။

(ဆ) သတင်းပို့အဖွဲ့အစည်းများ၊ အကောင်အထည်ဖော်သည့် အဖွဲ့အစည်းများနှင့် အခြားအစိုးရဌာန၊ အဖွဲ့အစည်းများက ရရှိထိန်းသိမ်းထားသည့် မည်သည့် သတင်းပို့ချက် သို့မဟုတ် အချက်အလက်များကိုမဆို ရယူသုံးစွဲခွင့်ရှိသည်။

(ဇ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

(ဈ) ပြည်ပမိတ်ဖက်အဖွဲ့အစည်းနှင့် သဘောတူညီချက် သို့မဟုတ် စီစဉ်ဆောင်ရွက်မှု ပြုလုပ်ခွင့်ရှိသည်။ သဘောတူညီချက်မရှိသည့် အခြေအနေတွင် စည်းမျဉ်းသတ်မှတ်ချက်ကိုအခြေခံ၍ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုပြုနိုင်သည်။

(ည) တည်ဆဲဥပဒေတစ်ရပ်ရပ်က အပ်နှင်းသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၁။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ဗဟိုအဖွဲ့၏သဘောတူညီချက်ဖြင့်-

(က) မိမိအဖွဲ့အစည်းနှင့်အလားတူ လုပ်ငန်းတာဝန်ရှိပြီး လျှို့ဝှက်ချက်ထိန်းသိမ်းရန် တာဝန်ရှိသော ပြည်တွင်း၊ ပြည်ပအာဏာပိုင် အဖွဲ့အစည်းများနှင့် မိမိဆန္ဒအလျောက် ဖြစ်စေ၊ တောင်းဆိုချက်အရ ဖြစ်စေ သတင်းအချက်အလက်များဖလှယ်ခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဖလှယ်ခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်းပြုသည့် မည်သည့်သတင်းအချက်အလက်ကိုမဆို ပြည်ပမိတ်ဖက် အဖွဲ့အစည်းများအား အောက်ပါနည်းလမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် အကြောင်းကြားရမည်-

ဆက်လက်ဖော်ပြပါမည်

မဟာဓာတ်အားလိုင်းနှင့် နီးကပ်သောကျေးရွာများလျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်

ကလော မတ် ၁၆

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ မတ် ၁၃ ရက် နံနက် ၁၀ နာရီက မဟာဓာတ်အားလိုင်းနှင့် နီးသောကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေး ညှိနှိုင်းအစည်းအဝေးကျင်းပရာ အဆိုပါအစည်းအဝေးသို့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးသောင်းရွှေနှင့် ဦးမြတ်စိုး၊ ကလောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးသောင်းညွန့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ထက်သူ၊ မြို့နယ်/ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ ဓာတ်အားလိုင်းနှင့်နီးသော ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးသောင်းရွှေနှင့် ဦးမြတ်စိုး၊ ကလောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသောင်းညွန့်က ကျေးရွာများ လက်ရှိလျှပ်စစ်မီးသုံးစွဲနိုင်မှု အခြေအနေ၊ ဌာနအနေဖြင့် ဆောင်ရွက်ပေးလျှက်ရှိသည့် အခြေအနေများအား တင်ပြဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ထက်သူက မဟာဓာတ်အားလိုင်းနှင့် နီးသောကျေးရွာများ လျှပ်စစ်မီးသွယ်တန်းပါက ကုန်ကျနိုင်မည့် အခြေအနေ၊ လုပ်ငန်းအခြေအနေတို့အား ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက မဟာဓာတ်အားလိုင်းနှင့် နီးသောကျေးရွာများ လျှပ်စစ်မီးသွယ်တန်းခွင့်ရရှိရေး အထက်ဌာနသို့တင်ပြမည့် အခြေအနေ၊ ကျေးရွာလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် အခြေအနေတို့အား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

မြို့နယ်(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ကွင်းနောက်ရပ်ကွက် ဖြူးစုလမ်းမကြီးနှင့် မြို့တွင်းသို့ ဆက်သွယ်ထားသည့် (၄)လမ်းတွင် မတ် ၁၅ ရက်က မြေသားလမ်းဖို့ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ တာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းဆောင်ရွက်မှုဖြင့် လမ်းအရှည် ၈၀၀ ပေ အကျယ် ၁၄ ပေရှိ မြေသားလမ်းမြေဖို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၀ သိန်းဖြင့် တည်ဆောက်လျက်ရှိခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့တော့မည်ဖြစ်သည်။

ခင်ကို(ကျောက်တံခါး)

သတင်းမီဒီယာသင်တန်း ဟားခါး၌ဖွင့်လှစ်

ပြည်သူ့ဝန်ဆောင်မှုနှင့် အခြေခံသတင်းမီဒီယာ သင်တန်းကိုမတ် ၁၄ ရက်က ဟားခါးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ချင်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးခမ်လျန်ဆုမ်းက အဖွင့်အမှာစကားပြောကြားပြီး ဟားခါးခရိုင် ဦးစီးအရာရှိ ဦးဇော်ဌေးအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့ ချင်းပြည်နယ်အတွင်းရှိ ပြည်နယ်ရုံးဝန်ထမ်းများ၊ ဟားခါး၊ထန်တလန်မြို့နယ်ရုံးဝန်ထမ်းများ၊ မတူပီ၊ ရေဇွာ၊ တီးတိန်၊ တွန်းဇန်၊ ကျီခါး ၊ ရိခေါဒါရ်မြို့နယ်/ မြို့နယ်ခွဲ ဦးစီးမှူးများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်ကြာမြင့်မည်ဖြစ်သည်။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၊ သတင်းရေးသားနည်းအပါအဝင် Social Media အသုံးပြုမှုများ၊ ဓါတ်ပုံ ဗီဒီယိုရိုက်ကူးမှုများအား စာတွေ့ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်သည်။ **(ခရိုင်ပြန်/ဆက်)**

မြန်မာနိုင်ငံ၌ ခံတွင်းရောဂါများတွင် သွားပိုးစားခြင်း အများဆုံးဖြစ်ပွားလျက်ရှိ

မြန်မာနိုင်ငံအတွင်းရှိ လူဦးရေအများစုမှာ သွားနှင့်ပတ်သက်သည့် ရောဂါဝေဒနာများ ဖြစ်ပွားခံစားနေကြရသည်။ ကလေး၊ လူကြီးမရွေး အဓိကခံစားရသည့်အကြောင်း အရင်းမှာ သွားပိုးစားခြင်းကြောင့် ဖြစ်ကြောင်း သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးတစ်ဦးက ပြောကြားသည်။

သွားပိုးစားခြင်းမှာ အစားအစာများ စားသုံးရာတွင် ကျန်ရှိသော စားကြွင်းစားကျန်များ သွားများကြားတွင်ကပ်နေပြီး အစားအစာတွင် ပါဝင်သည့် အက်စစ်ဓာတ်သည် သွား၏အပေါ်ယံကြွေလွှာကို ပျက်စီးစေပြီးအပေါက်များ ဖြစ်ပေါ်တတ်သည် ယင်းအပေါက်အတွင်းသို့ ခံတွင်းထဲရှိ ဘက်တီးရီးယားပိုးမွှားများ ဝင်ရောက်ခြင်းဖြင့် သွားပိုးစားခြင်း ဖြစ်ပေါ်လာသည်။

သွားပိုးများမှာ ညအချိန်တွင် ပိုမိုဆိုးရွား၍ ဖြစ်ပေါ်တတ်သည့်အတွက် ညအိပ်ယာဝင်ချိန်တွင် သွားတိုက်သင့်သည်။ သွားတိုက်နည်းစနစ်မမှန်ပါက သွားပိုးစားခြင်းနှင့် ခံတွင်းရောဂါများ ဖြစ်ပွားတတ်သည်။ ထို့အပြင် ကလေးငယ်အများစုမှာ မိခင်နို့ကို အရွယ်ရောက်သည့်တိုင် သောက်သုံးကြသည့်အတွက် သွားပိုးစားခြင်းဖြစ်ပွားတတ်ကြောင်း ဆရာဝန်ကြီး ဒေါက်တာ အမောင်က ပြောကြားသည်။

ယခုလသည် မြန်မာ့သွားနှင့် ခံတွင်းကျန်းမာရေးလ ဖြစ်သည်နှင့်အညီ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့ကြီးများရှိ သွားဆေးခန်းအချို့တွင်လည်း Signal သွားတိုက်ဆေး၏ ပံ့ပိုးကူညီမှုဖြင့် မတ်လအတွင်းရှိ ပိတ်ရက်တိုင်း နံနက် ၉ နာရီမှ ညနေ ၆နာရီထိ အခမဲ့ သွားနုတ်၊ သွားစိုက်ခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ **သိမ့်သိမ့်မိုး**

ဖားကန့်ကျောက်စိမ်းမော်တွင် လောင်းကစားဝိုင်းများနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများအား အရေးယူ

ဖားကန့် မတ် ၁၆

ကချင်ပြည်နယ် ဖားကန့်မြို့နယ် နမ့်မော်ရွာအနီးရှိ အဲလ်ဗားမော်တွင် မတ် ၁၄ ရက်က နယ်မြေခံတပ်နှင့် ပြည်သူ့ရဲတို့ ပူးပေါင်း၍ တရားမဝင် ကျောက်စိမ်းတူးဖော်သူများနှင့် မူးယစ်ဆေးဝါးသုံးစွဲနေသူများကို ဝင်ရောက်ဖမ်းဆီးခဲ့သည်။

ဖားကန့်မြို့အနီးတစ်ဝိုက်ရှိ မော်များတွင် ရေမဆေးကျောက်ရှာသူ၊ ကျောက်တူးဖော်သူများကို ဇန်နဝါရီလမှစ၍ ဖမ်းဆီးလျက်ရှိရာ ကျောက် စျေးကွက်အေးလျက်ရှိပြီး မန္တလေးမှုဆယ်မှ အဝယ်နည်းသွားခဲ့သည်။ နမ့်မော်ရွာရှိ အဲလ် ဗားကျောက်စိမ်း လုပ်ကွက်တွင် ၁၅ ပေအကျယ် ကျင်းပေါင်း ၆၀၀ ကျော်၌ တစ်ကျင်းလျှင် ကျင်းသား ၁၀ ဦးမှ ၅၀ အထိရှိပြီး ခေါက်စားထမ်းသူများဖြင့် တစ်ကျင်းလျှင် လူ ၈၀ ထိ စည်ကားလျက်ရှိနေသည်။ အဆိုပါ အဲလ်ဗားမော်တွင် တစ်နေ့ ၈ နာရီ ခေါက်စားထမ်းပါက ကျပ်တစ်သောင်းနှစ်ထောင်ရရှိသည့်အတွက် ငွေပိုရသော ညပိုင်း ခေါက်စားထမ်းသော ကျင်းများလည်း ပေါ်များလာရာ လောင်းကစားဝိုင်းများနှင့် မော်အတွင်းတွင် မူးယစ်ဆေးဝါးသုံးစွဲနေကြသောကြောင့် မြို့နယ်တပ်နှင့်ရဲမှ ဖမ်းဆီးခြင်းဖြစ်ပြီး လူဦးရေ ၈၀ ကျော် ဖမ်းဆီးခဲ့ကြောင်း သိရသည်။ တရားမဝင်တူးဖော်လျက်ရှိသည့် ကျောက်စိမ်းထွက်ရှိရာ မော်များတွင် သံတိုင်၊ စို့၊ ကျောက်တူးသည့် ဂမ်းဖက်စက်များဖြင့် တူးကြသည့်အတွက် မကြာခဏမြေပြိုခြင်း၊ ကျောက်တုံးထိခိုက်မိခြင်း၊ ကမ်းပါးယံမှ ပြုတ်ကျခြင်းနှင့် ဖမ်းဆီးရေးအဖွဲ့မှ ဖမ်းဆီးသည့်အခါ ထွက်ပြေးသည့်အတွက် ထိခိုက်၊ သေဆုံးမှုများရှိတတ်ကြောင်း သိရသည်။ လူပေါင်းများစွာ အလုပ်လုပ်ကိုင်လျက်ရှိသော မော်အတွင်း ယနေ့တွင် ကျင်းမတူးရန် ရွာမှတာဝန်ရှိသူများ နံနက်ပိုင်းက အသိပေးထားသည့်အတွက် ရပ်နားထားချိန်တွင် ဆက်လက်လုပ်ကိုင်နေကြသူ မြေစာပစ်ခေါက်စားထမ်းသူအချို့ကိုမူ အရေးယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၁၆၄)**

Request for Expressions of Interest
Ministry of Livestock, Fisheries and Rural Development
Department of Rural Development (DRD)
National Community Driven Development Project
IDA Grant H 814-MM
Assignment Title: Short-Term Civil Engineers for Infrastructure
Reference No: C-13/2014

The Republic of the Union of Myanmar has received financing from the World Bank towards the cost of its NCDD Project, which is being implemented by the Department of Rural Development (DRD) of the Ministry of Livestock, Fisheries and Rural Development. The Government intends to apply part of the proceeds for the hiring of design engineers.

Under the general direction of Township Technical Assistance Team's Infrastructure Officer, DRD Engineer and Union level Infrastructure Specialist, these Short-Term Engineers are expected to work for the approved sub-projects implemented in project areas and, the services include:

- Prepare community infrastructure technical designs using Auto CAD and bills of quantities (BOQ), Engineering cost estimates, outline specification, monitoring and inspection formats.
- Supervise and monitor of works ensuring quality control, and contract management.
- Facilitate and provide training and technical assistance at Village, Village Tract and Township level in preparing and implementing development plans, and sub-projects.

The Department of Rural Development now invites expressions of interest (EOI) from qualified and experienced engineers for the above services. The applicants should provide information demonstrating that they have the required qualifications and relevant experience to perform the Services. The minimum specific requirements are as followed:

- At least B. Tech or higher degree in civil engineering or related study with experience in rural construction methods, environmental codes of practice and quality assurance.
- Able to prepare engineering details of rural infrastructures using Auto CAD.
- At least 3 years of working experience in the projects similar to CDD project or similar assignments.
- Regional or Predominant language speaker is preferable.

The Services are to be carried out during the first cycle operation of the project in one township each in Kanpetlet (Chin State), Namhsan (Nothern Shan State) and Kyunsu (Thanintharyi Region). The assignment will cover initially for a period of 3 months commencing from May 2014 and will be extended based on the performance of individual consultant, need for the services and the availability of funds.

In submitting Expression of Interest, candidates are kindly requested to indicate one specific township from above three project areas, where they are interested to provide their services. The candidates must provide their updated curriculum vitae, indicating personal and technical skills, qualifications and experience in similar assignments along with the names of at least one (1) referees with their contact information (e-mail address, telephone or fax numbers). Expressions of Interest must be submitted in a written form to the address below (in person, or by mail, or by e-mail) by April 11, 2014.

Further information and copy of the detailed Terms of Reference (TOR) may be downloaded from the NCDD webpage:http://www.cdd.drdmyanmar.org or obtained the address below during office hours from 0900 to 1600, Monday through Friday, except public holidays.

The successful candidate will be selected in accordance with the provisions, under the World Bank's "Guidelines:Selection and Employment of Consultants under IBRD Loans, IDA Credits and Grants by World Bank Borrowers dated January 2011"

Attn: U Myint Oo (Deputy Director General),
NCDD Project Secretariat Office,
Department of Rural Development,
Ministry of Livestock, Fisheries and Rural Development,
Office No. 14, Nay Pyi Taw, Myanmar.
Tel & Fax: 067-409413,
Email addresses: drdmyanmar@gmail.com

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ဟိန်းထက် ၉/အမဇ(နိုင်)၀၄၃၄၅၄ ပိုင်ဆိုင်သော ဖုန်း-၀၉-၄၀၂၅၈၂၀၇၂ နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၁၀၂၁၈၆**

မြေပုံများ လွှတ်လပ်စွာရောင်းချပေးလျက်ရှိခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ မြေတိုင်းဦးစီးဌာနမှ တိုင်းတာ၊ ရေးဆွဲ၊ ပုံနှိပ်ထုတ်ဝေသည့် အောက်ဖော်ပြပါမြေပုံများအား အများပြည်သူလူထုသို့ လွှတ်လပ်စွာ ရောင်းချပေးလျက်ရှိပါသဖြင့် နေပြည်တော်၊ ရန်ကုန်မြို့နှင့် ပြင်ဦးလွင်မြို့များရှိ မြေတိုင်းဦးစီးဌာနရုံးခွဲများတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

(၁)	ပြည်နယ်နှင့်တိုင်းဒေသကြီးမြေပုံစာအုပ်(မြန်မာ)	ကျပ် ၅၀၀၀
(၂)	နေပြည်တော်လမ်းညွှန်မြေပုံ(အင်္ဂလိပ်)	ကျပ် ၁၀၀၀
(၃)	ရန်ကုန်လမ်းညွှန်မြေပုံ(အင်္ဂလိပ်)	ကျပ် ၁၀၀၀
(၄)	၁"=၂၀ မိုင် မြန်မာပြည်မြေပုံ(မြန်မာ)	ကျပ် ၂၅၀၀
(၅)	၁"=၄၅ မိုင် မြန်မာပြည်မြေပုံ(မြန်မာ)	ကျပ် ၁၀၀၀
(၆)	၁"=၄၅ မိုင် မြန်မာပြည်မြေပုံ(အင်္ဂလိပ်)	ကျပ် ၁၀၀၀

ဆက်သွယ်ရန် ဖုန်း- (နေပြည်တော်) ဖုန်း-၀၆၇-၄၁၃၄၃၃
(ရန်ကုန်) ဖုန်း-၀၁-၆၆၂၉၃၃
(ပြင်ဦးလွင်) ဖုန်း-၀၈၅-၂၂၅၂၈

(မြေတိုင်းဦးစီးဌာန)

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ အင်တိုင်းသာမြောက်၊ မြေကွက်/ဦးပိုင်အမှတ် ၁၁၇၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဦးချစ်လှိုင်အမည်ဖြင့် ပိုင်ဆိုင်သော အစိုးရမြေကွက်အား ဦးချစ်လှိုင် ၉/လဝန(နိုင်)၀၃၆၅၀၂ (ဘ)ဦးအောင်မြင့်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကျောက်မဲ-ရန်ကုန် ခရီးစဉ်များကို အချိန် ၁၂ နာရီအတွင်း အရောက် ခရီးနှင်နိုင်ကြပြီ

ကျောက်မဲ မတ် ၁၆

ရှမ်းပြည်နယ် မြောက်ပိုင်း တောင်ပေါ်ဒေသမှ တိုင်းရင်းသားခရီးသွားများသည် ယခင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲခဲ့သော်လည်း ယခုအခါ အချိန်တိုအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ကူးသန်းသွားလာနိုင်ပြီဖြစ်သည်။

ယခင်က ကျောက်မဲ-မန္တလေး ခရီးလမ်းပိုင်းကို တစ်နေ့တာ အချိန်ပေးကာ သွားလာခဲ့ရသော်လည်း ယခုအခါ နေ့ချင်းပြန်ခရီး သွားလာနိုင်ပြီဖြစ်သည်။ ကားစိမ်း၊ ရွှေပြည်သာ၊ ရွှေစင်၊ ရတနာအမြန်ယာဉ်အသင်းများမှ မှန်လုံလေအိတ်ကားများဖြင့် နေ့စဉ်ပြေးဆွဲပေးလျက်ရှိပြီး ယခုလမှစတင်ကာ ရွှေကျောက်မဲအမြန်ယာဉ်အသင်းမှ ရန်ကုန်-ကျောက်မဲ ခရီးစဉ်သစ်ကို တိုက်ရိုက်ပြေးဆွဲပေးသဖြင့် ကျောက်မဲမြို့မှ ရန်ကုန်မြို့သို့ လေအိတ်မှန်လုံများဖြင့် စီးနင်းလိုက်ပါနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကျောက်မဲမြို့မှ နေ့စဉ် ညနေ ၆ နာရီတွင် စတင်ထွက်ခွာပြီး နောက်တစ်နေ့နံနက် ၆ နာရီတွင် အောင်မင်္ဂလာအဝေးပြေးကွင်း ရန်ကုန်မြို့သို့ ဆိုက်ရောက်သည့်အတွက် အချိန် ၁၂ နာရီအတွင်း ရောက်ရှိနိုင်သဖြင့် သွားလာရေးမှာ ပိုမိုလွယ်ကူလာပြီဖြစ်သည်။ **မောင်မောင်(ကျောက်မဲ)**

သတင်းတိုများ

စည်ပင်သာယာရေးအဖွဲ့ ကိုယ်စားလှယ်ရွေးချယ်

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း မြို့မိမြို့ဖများပါဝင်သည့် စည်ပင်သာယာရေးအဖွဲ့များ ပြင်ဆင်ဖွဲ့စည်းနိုင်ရေး ရပ်ကွက်ကိုယ်စားလှယ် ရွေးချယ်ပွဲများကို မတ် ၁၂ မှစတင် ကွင်းဆင်းရွေးချယ်လျက်ရှိသည်။ ပြည်သူဗဟိုပြု စည်ပင်သာယာလုပ်ငန်းအဖြစ် ပြောင်းလဲဖွဲ့စည်းသွားမည်ဖြစ်ပြီး အဖွဲ့ဝင် အနည်းဆုံး ၁၅ ဦးပါဝင်သည့် မြို့မိမြို့ဖများဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း သိရသည်။ ရပ်ကွက်ကိုယ်စားလှယ်များကို ပြည်သူများ၏ သဘောဆန္ဒနှင့်အညီ မဲပေးရွေးချယ်ခဲ့ကြမည်ဖြစ်သည်။ **(မြို့နယ်ပြန်/ဆက်)**

အရန်မီးသတ်တပ်ဖွဲ့သို့ မီးသတ်ယာဉ်လွှဲပြောင်းပေးအပ်

နမ့်ခမ်းမြို့နယ် မြို့မကိုယ့်အားကိုယ်ကိုးတပ်ဖွဲ့မှ မီးသတ်ယာဉ်တစ်စီးကို အမှတ် ၁၃ အောင်ချမ်းသာရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ နမ့်ခမ်းမြို့ရှိ ရပ်ကွက်များအတွင်း မီးသတ်ကားများ ကိုယ်စီရှိထားပြီးဖြစ်သော်လည်း အဆိုပါရပ်ကွက်၌ ကိုယ်ပိုင်မီးသတ်ကားမရှိခြင်းကြောင့် ယခုကဲ့သို့ အခမဲ့လွှဲပြောင်းပေးခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခမ်းစိုင်းကပြောကြားသည်။ မြို့နယ်ကိုယ့်အားကိုယ်ကိုး မီးသတ်တာဝန်ခံ ဦးစိုင်းစံညွန့်က မီးသတ်ယာဉ်နှင့်ပတ်သက်၍ ဆက်စပ်ပစ္စည်းများကို လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဉာဏ်မင်း(နမ့်ခမ်း)**

၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး မြေစိုက်ပိုစတာ စိုက်ထူပွဲကို မတ် ၁၄ ရက်က သန်လျင်မြို့ သန်လျင်တံတားထိပ်၌ ကျင်းပရာ မြို့နယ်တာဝန်ရှိသူများက စိုက်ထူပေးခဲ့ကြသည်။ သန်းဝင်း (သန်လျင်)

စစ်ကိုင်း၌ သန်းခေါင်စာရင်းကောက်ယူရေးတာဝန်များ ပေးအပ်

စစ်ကိုင်း မတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး၌ သန်းခေါင်စာရင်းကောက်ယူရေး တာဝန်များ အဆင့်ဆင့်ပေးအပ်ပွဲကို မတ် ၁၂ ရက်က မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး သန်းခေါင်စာရင်း ကောက်ယူရေး ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေးက တိုင်းဒေသကြီးနှင့် ခရိုင်သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီ ဥက္ကဋ္ဌများသို့ တာဝန်ပေးအပ်လွှာများ ခန့်ထားပေးအပ်ခဲ့သည်။

တိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားပြီး လူဦးရေ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်မှုကို တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရှိန်ဝင်းက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(တိုင်းဒေသကြီးပြန်/ဆက်)**

ဆောင်းမြေပဲစိုက်ပျိုးမှု အထွက်နှုန်းကောင်းသော်လည်း ဆွတ်ခစျေးမြင့်၍ တွက်ခြေမကိုက်

ညောင်ဦး မတ် ၁၆

ညောင်ဦးမြို့နယ် သူကောင်းတည် မြစ်ရေတင်နှင့် မြေနုကျွန်းများပေါ်တွင် ဆောင်းမြေပဲများ စိုက်ပျိုးထားလျက်ရှိပြီး တောင်သူတစ်ဦးလျှင် မြေပဲနှစ်တင်းမှ ၁၀တင်းအထိ စိုက်ပျိုးကြသည်။ တောင်သူများသည် မိမိတို့ရှိ မြေကေအလိုက် အနည်းနှင့်အများ ဆောင်းမြေပဲကို စိုက်ပျိုးကြသည်။ ဆောင်းမြေပဲမှာ စိုက်ပျိုးဖြစ်ထွန်းပါက အမြတ်အနည်းနှင့် အများရသည်ဟုတောင်သူတွေက ဆိုကြသည်။

ဆောင်းပဲစိုက်ရာတွင် တောင်သူများမှာ ဓာတ်မြေဩဇာ တော်တော်များများ သုံးစွဲကြသည်။ ဓာတ်မြေဩဇာသုံးစွဲမှုကြောင့် မြေပဲရသော်လည်း တွက်ချေမကိုက်ဖြစ်နေကြောင်း သိရသည်။

ပဲတစ်တင်းလျှင် ပခုက္ကူစျေးကွက်အတွင်း ငွေကျပ် ၆၀၀၀ ကျော်မှ ၇၀၀၀ အထိသာ ရောင်းရသည်။ မြေပဲအစိုတစ်ပိဿာလျှင် ငွေကျပ် ၇၅၀ မှ ၈၀၀ အထိရှိသည်။ မြေပဲတစ်တင်း ခုနစ်ပိဿာမှ ရှစ်ပိဿာရှိသည့်အတွက် ဆောင်းမြေပဲစိုက်တောင်သူများ ရောင်းချရာတွင် စျေးကောင်းမရရှိကြခြင်း ဖြစ်သည်။

ပဲဆွတ်ခူးခမှာ စျေးနှုန်းများ မြင့်တက်နေခြင်းကြောင့် ပဲတစ်တောင်းလျှင် ဆွတ်ခူးခ ငွေကျပ် ၅၀၀မှ ၈၀၀ အထိပေးကြရပြီး မြေပဲပင်၊ မြေပဲတင်းများမှာ တစ်တင်းကျလျှင် အတောင့်တင်း ၃၀ မှ ၄၀ အထိ ရကြသည်။ “ဒီနှစ် တောင်သူတွေ ဆောင်းမြေပဲက ဖြစ်ထွန်းပါတယ်။ ရောင်းချရာမှာလည်း မြေပဲရသလောက်ငွေကြေးမရဘူး။ တောင်သူတွေ ဒီနှစ်ဆောင်းပဲစိုက်တာ တွက်ချေမကိုက်ဖြစ်ရတယ်” ဟု ဆောင်းပဲစိုက်တောင်သူ တစ်ဦးကဆိုသည်။ **ကျော်ဌေး (ညောင်ဦး)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ဆေးဘက်ကျွမ်းကျင် (၄)(ဆေးစပ်) သင်တန်းဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ဗဟိုအဆင့် ဆေးရုံကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်/တိုက်နယ်ဆေးရုံများတွင် လစ်လပ်လျက်ရှိသော ဆေးဘက်ကျွမ်းကျင်(၄) (ဆေးစပ်) လစာနှုန်း (၆၇၀၀၀-၁၀၀၀-၇၂၀၀၀) ရာထူးနေရာများတွင် ခန့်ထားနိုင်ရေးအတွက် ဖော်ပြပါသတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးများ၊ တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့/လားရှိုးမြို့တို့တွင် လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

၁။ လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
၂။ အခြေခံပညာအထက်တန်းကို (က)အဆင့်ဖြင့် အောင်မြင်ထားသူဖြစ်ရမည်။
၃။ လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
၄။ လျှောက်ထားသူသည် အစိုးရဝန်ထမ်းဖြစ်ပါက လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။ သက်ဆိုင်ရာဌာနအကြီးအကဲထံမှ တစ်ဆင့် လျှောက်ထားရမည်ဖြစ်ပါသည်။
၅။ နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းတို့မှ (၆)လအတွင်း ထောက်ခံချက်မူရင်း ပူးတွဲတင်ပြရမည်။
၆။ လျှောက်လွှာနှင့်အတူ လွန်ခဲ့သည့်(၁)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံနှစ်ပုံ ပူးတွဲတင်ပြရပါမည်။
၇။ လျှောက်လွှာပိတ်ရက်မှာ ၃၁-၃-၂၀၁၄ ရက် (တနင်္လာနေ့)ဖြစ်ပါသည်။
၈။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၈-၄-၂၀၁၄ ရက် (တနင်္လာနေ့)တွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များ၌ တစ်ပြိုင်တည်းကျင်းပဆောင်ရွက်မည်ဖြစ်ပါသည်။
၉။ နှုတ်ဖြေစာမေးပွဲဖြေဆိုခွင့်ရရှိသူများစာရင်းကို ၅-၅-၂၀၁၄ ရက် (တနင်္လာနေ့)တွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနများတွင် ကြေညာမည်ဖြစ်ပြီး နှုတ်ဖြေစာမေးပွဲကို ၇-၅-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)တွင် စတင်၍ ကျင်းပမည်ဖြစ်ပါသည်။
၁၀။ ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲအောင်မြင်သူများသည် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနအစီအစဉ်ဖြင့်ပြုလုပ်သည့် ဆေးဘက်ကျွမ်းကျင်(၄)(ဆေးစပ်)သင်တန်း(၆)လကို တက်ရောက်ရမည်ဖြစ်ပါသည်။
၁၁။ သင်တန်းပြီးဆုံးအောင်မြင်ပါက ဆေးဘက်ကျွမ်းကျင်(၄) (ဆေးစပ်)အဖြစ် တာဝန်ချထားရာဒေသတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး (၃)နှစ်မပြည့်မီ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်လိုပါက လျော်ကြေးငွေကျပ် (၁)သိန်းပေးသွင်းပြီးမှ နုတ်ထွက်ခွင့်ပြုမည်ဖြစ်ပါသည်။
၁၂။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနများ တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ကျန်းမာရေးဦးစီးဌာန

ရေးတံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ ရေးမြို့နယ်အတွင်းရှိ လက်ရှိတံတားအသုံးပြုခ ကောက်ခံနေသော ရေးချောင်းတံတား(မြန်မာ့မီးရထား)၏ (၃-၄-၂၀၁၄ ရက်မှ ၂-၄-၂၀၁၇ ရက်အထိ) တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်တံတား
ရေးတံတား(မြန်မာ့မီးရထား)
(ခ) စျေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များဝယ်ယူနိုင်သောနေရာ
မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ အမှတ် (၈)တိုင်း၊ မော်လမြိုင်မြို့
(ဂ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်
၂၄-၃-၂၀၁၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂း၀၀နာရီ
(ဃ) အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ
မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ အမှတ် (၈)တိုင်း၊ မော်လမြိုင်မြို့
(င) အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်
၂၄-၃-၂၀၁၄ရက် (တနင်္လာနေ့) ၁၄း၀၀နာရီ
(စ) အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ
မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ အမှတ် (၈)တိုင်း၊ မော်လမြိုင်မြို့၊

မှတ်ချက်။ အိတ်ဖွင့်တင်ဒါဝယ်ယူခွင့်တောင်းခံလွှာနှင့်စည်းကမ်းချက်များအား တစ်စုံလျှင် ၅၀၀၀ကျပ်နှုန်းဖြင့် ၂၀-၃-၂၀၁၄ရက်မှစ၍ မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ အမှတ် (၈) တိုင်း၊ မော်လမြိုင်မြို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

ဥက္ကဋ္ဌ
တံတားအသုံးပြုခွင့်လိုင်စင်လေလံတင်ကြီးကြပ်ရေးအဖွဲ့
မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ဖုန်း-၀၅၇-၂၄၈၂၁

ပြည်ထဲရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရဲတပ်ဖွဲ့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော အမေရိကန်နိုင်ငံလုပ် စက်ဘီးအစီး ၁၀၀ ကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် စျေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်မှာ ၁၇-၃-၂၀၁၄ရက်မှ ၂၁-၃-၂၀၁၄ ရက်အထိ ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်မှာ ၂၄-၃-၂၀၁၄ ရက် ၁၀း၀၀ နာရီဖြစ်ပါသည်။
၄။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးတွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပစ္စည်းများစျေးပြိုင်ဝယ်ယူရေးအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ဖုန်း-၀၁-၂၁၇၅၁၀၊ ၀၁-၂၁၇၅၂၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စျေးပြိုင်ဝယ်ယူရေးအဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

တနင်္သာရီမြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း ဖွဲ့စည်း

တနင်္သာရီ မတ် ၁၆

ရော်ဘာစိုက်ပျိုး ထုတ်လုပ်ရေးအတွက် ပိုမိုကောင်းမွန်သော နည်းပညာများ ရယူဖြန့်ဖြူးလျက် နိုင်ငံတကာ အဆင့်မီ ထုတ်ကုန်များ ပေါ်ထွက်ရောင်းချနိုင်စေရန် တနင်္သာရီမြို့နယ် ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်း ဖွဲ့စည်းတည်ထောင်ခြင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မတ် ၁၄ ရက်က တနင်္လာရီခန်းမ၌ကျင်းပရာ မြိတ်ခရိုင် ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြိတ်၊ ကျွန်းစု၊ ပုလောမြို့နယ်တို့မှ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌနှင့် တနင်္သာရီမြို့နယ်အတွင်းမှ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများ တက်ရောက်ခဲ့ကြသည်။

တနင်္သာရီမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူးမှ အမှာစကားပြောကြားပြီး၊ မြိတ်ခရိုင် ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌက တနင်္သာရီမြို့နယ် အသင်း ဖွဲ့စည်းရခြင်းရည်ရွယ်ချက်များဖြစ်သော မြိတ်ခရိုင်အတွင်း ရော်ဘာထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်၍ ဒေသတွင်းတိုးတက်မှုအား အထောက်အကူပြုကြောင်း၊ မြိတ်ခရိုင်အတွင်းရှိ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများမှ အသင်းအဖွဲ့တစ်ခုအနေဖြင့် စည်းလုံးညီညွတ်စွာ ရပ်တည်၍ အသင်းသားများ၏ အကျိုးကိစ္စရပ်များကို ကာကွယ်မြှင့်တင်ပေးရန်အတွက် ကိုယ်စားပြုဆောင်ရွက်ခြင်းဖြစ်သည်။ ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးတွက် ပိုမိုကောင်းမွန်သော နည်းပညာများ ရယူဖြန့်ဖြူးလျက် နိုင်ငံတကာအဆင့်မီထုတ်လုပ်နိုင်စေရန် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

> ပိုမိုကောင်းမွန်သော နည်းပညာများ ရယူဖြန့်ဖြူး . . .

ယင်းနောက် တနင်္သာရီမြို့နယ် ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်း အလုပ်အမှုဆောင်အဖွဲ့အား အခမ်းအနားသို့ တက်ရောက်လာသူများ၏ အများဆန္ဒအရ ရွေးချယ်အတည်ပြုလိုက်ကြောင်း သိရသည်။

တနင်္သာရီမြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း ဖွဲ့စည်းအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် အခမ်းအနားသို့ တက်ရောက်လာကြသူများမှ မြို့နယ်အသင်းအတွက် မတည်ငွေကျပ် ၁၃ သိန်း ၇သောင်းကျော် စုပေါင်းထည့်ဝင်ကြကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း

သမိုင်းဝင် အညာသီဟတောဘုရား ဆွမ်းဆန်စိမ်းလောင်းလှူ

ခင်ဦး မတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် သီဟတောကျေးရွာတွင် တည်ထားကိုးကွယ်သော သမိုင်းဝင် အညာသီဟတောဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို မတ် ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် သံဃာတော်အပါး ၅၀ ကျော်တို့ကို ဆွမ်းဆန်စိမ်းလောင်းလှူကျင်းပခဲ့သည်။ ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးသာအေးနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ ဘုရားဖူးများနှင့် ဒေသခံပြည်သူများမှ လောင်းလှူပူဇော်ခဲ့ကြသည်။

ခင်ဦး-စိုးဝေ

ရေနံချောင်းမြို့နယ်၌ လူမှုဖူလုံရေးအသိပညာပေး

ရေနံချောင်း မတ် ၁၆

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေကျင့်သုံးနိုင်ရေးအတွက် ပြည်သူများအား အသိပညာပေးပွဲကို မတ် ၁၃ ရက်က ရေနံချောင်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး၊ မကွေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဦးစီးအရာရှိက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် ဆက်လက်ကျင့်သုံးသွားမည့် အစီအစဉ်များကို ဒေသခံများ နားလည်စေရန် ရှင်းလင်းတင်ပြခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

တောင်ခရမ်းရေလှောင်တမံ ဒေသတွင် နွေစပါးစိုက်ပျိုးရန်ပြင်ဆင်

ဂန့်ဂေါ မတ် ၁၆

ဂန့်ဂေါမြို့နယ် တောင်ခင်ရန်းကျေးရွာအနီး တောင်ခရမ်းရေလှောင်တမံဒေသရှိ တောင်ခင်ရန်း၊ မြောက်ခင်ရန်း၊ ရွှေဘို၊ သင်တော၊ သာလင်း စသည့်ကျေးရွာများတွင် နွေစပါး စိုက်ပျိုးရန် ထွန်ယက်ခြင်း၊ မြေပြင်ခြင်း၊ ပျိုးထောင်ခြင်းတို့ဆောင်ရွက်နေကြပြီဖြစ်သည်။

အဆိုပါဒေသတွင် ယမန်နှစ်က မိုးအရနည်းခဲ့သည်။ တောင်ခရမ်းရေလှောင်တမံသို့ ရေဝင်ရောက်မှုနည်းခဲ့သဖြင့် နွေစပါးစိုက်ပျိုးရာ၌ ၈၅ ဧကသာ စိုက်ပျိုးနိုင်ခဲ့သော်လည်း ယခုနှစ်တွင်မူ ယမန်နှစ်ကထက် ရေဝင်ရောက်မှုပိုသည့်အတွက် စိုက်ပျိုးမြေဧကကို တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးရန် ဧက ၇၀၀ လျာထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စိုက်ပျိုးမြေဧက ၇၀၀ ခန့်ကို တိုးချဲ့စိုက်ပျိုးရန် အကူအညီပေးမည့် ဂန့်ဂေါမြို့နယ်ရှိ တောင်ခရမ်းရေလှောင်တမံ၏ ဆည်ရေပြည့်မီမှုအနေအထားအား မြင်တွေ့ရစဉ်။

ထိုသို့စိုက်ပျိုးရာတွင် ရတနာတိုးစပါးမျိုး ၉၀ ဧက၊ ပုလဲသွယ်စပါးမျိုး ၁၈ ဧက၊ ရွှေပြည်ငွေးစပါးမျိုး ၅၉၂ ဧကတို့ စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။

ဂန့်ဂေါမြို့နယ်ရှိ ကျေးရွာအများစုမှာ မြေပြန့်ဒေသနှင့် တောင်စောင်းဒေသများဖြင့် ဖွဲ့စည်းထားခြင်းကြောင့် ဆည်ရေရရှိရန် အဓိကလိုအပ်သည်။

နွေစပါး စိုက်ပျိုးမှုစတင်ခြင်းကို မတ် ၁၅ ရက်တွင် စတင်စိုက်ပျိုးရန် လျာထားပြီး စိုက်ပျိုးမည့် ဆည်ရေသောက်ဧက တိုးမြှင့်လာသည့်အတွက် စိုက်ပျိုးရေးသမားများ စားဝတ်နေရေး အဆင်ပြေ လာကြတော့မည်ဖြစ်သည်။

စိန်ကျော်(ဝါးဘိုးချောင်)

လယ်ယာသုံးစက်ကိရိယာမောင်းနှင်မှု အခြေခံသင်တန်းဖွင့်လှစ်

ကလေး မတ် ၁၆

လယ်ယာလုပ်ငန်းခွင်တွင် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် တောင်သူလယ်သမားများသည် လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာ မောင်းနှင်ကိုင်တွယ် ထိန်းသိမ်းတတ်ရန် အရေးကြီးသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်နှင့်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှကြီးမှူးကျင်းပသော လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၄)ဖွင့်ပွဲအခမ်းအနားကို မတ် ၁၁ ရက်က အဆိုပါစက်မှုလယ်ယာဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက သင်တန်းဖွင့် အမှာစကားပြောကြားခဲ့သည်။ ခရိုင်စက်မှုလယ်ယာဦးစီးမှူး ဦးကျော်ကျော်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပတ်သက်၍ စက်မှုလယ်ယာကူးပြောင်းရေးအတွက် အထောက်အကူပြုစေရန် လယ်ယာသုံးစက်ကိရိယာများ သက်တမ်းကြာရှည်စွာ ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်အသုံးပြုနိုင်ရေးကို လည်းကောင်း၊ မြို့နယ်စက်မှုလယ်ယာ ဦးစီးမှူး ဦးကျော်နိုင်ဝင်းက တောင်သူအသုံးများသော လက်တွန်းထွန်စက် တစ်လုံးထိုး အင်ဂျင်အား အခြေခံအဆင့်ကျွမ်းကျင်အောင် လေ့ကျင့်မောင်းနှင်ပြင်ဆင်ခြင်းနှင့် ပတ်သက်၍ သင်တန်းပို့ချမည့် ဘာသာရပ်များကို လည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ချင်းတွင်းသား(iprd)

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
ဝင်းသူဇာအရောင်းဆိုင်(တောင်ဒဂုံနှင့် မကွေး)မှ လက်ကျန်ကုန်ပစ္စည်းများရောင်းချရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (မြန်မာကျပ်ငွေဖြင့်)

၁။ **ရောင်းချမည့်ပစ္စည်းအမည်** - ဝင်းသူဇာ(တောင်ဒဂုံ)၏ လက်ကျန်ပစ္စည်း(၅၉၂) မျိုးနှင့် ဝင်းသူဇာအရောင်းဆိုင် (မကွေး)၏ လက်ကျန်ပစ္စည်း (၂၇၉)မျိုး

၂။ **ဈေးနှုန်းအဆိုပြုလွှာများစတင်ရောင်းချမည့်ရက်** - ၂၄-၃-၂၀၁၄ ရက်

၃။ **အဆိုပြုလွှာနောက်ဆုံးပေးသွင်းရမည့်နေ့ရက်၊ အချိန်** - ၈-၄-၂၀၁၄ ရက် (အင်္ဂါနေ့) နံနက် ၉း၃၀ နာရီ

၄။ **တင်ဒါဖွင့်ဖောက်မှုဆောင်ရွက်မည့်နေ့ရက်၊ အချိန်** - ၈-၄-၂၀၁၄ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ

၅။ **အဆိုပြုလွှာတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်း အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

တယ်လီဖုန်းအမှတ်

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း (ရုံးချုပ်) - ၀၆၇-၄၀၈၃၇၇
ရောင်းချဖြန့်ဖြူးရေးဌာန - ၀၆၇-၄၀၈၃၈၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေတွင် တည်ထားကိုးကွယ်တော်မူသော ဝရဒါဌာ ဓါတုစေတီယစွယ်တော်မြတ်စေတီတော် (ရန်ကုန်)၏ ဝတ္တကမြေအတွင်း၌ အောက်ဖော်ပြပါလုပ်ငန်းများကို ၁-၄-၂၀၁၄ ရက်မှ ၃၁-၃-၂၀၁၅ ရက်အထိ လုပ်ငန်းရှင်များအား ဈေးပြိုင်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

လုပ်ငန်းများ

၁။ ယာဉ်ရပ်နားစခန်း
၂။ ဓာတ်ပုံရိုက်လုပ်ငန်း
၃။ ဖိနပ်အပ်လုပ်ငန်း
၄။ သန့်စင်ခန်းလုပ်ငန်း(အပြင်)
၅။ သန့်စင်ခန်းလုပ်ငန်းအတွင်း (သီးသန့်၊ သာမန်)
၆။ ပန်းရောင်းချခြင်းလုပ်ငန်း
၇။ ငါးစာတင်သွင်းခြင်းလုပ်ငန်းနှင့် ငါးစာရောင်းချခြင်းလုပ်ငန်း
၈။ ထီ(ကား)ဖြင့် ရောင်းချခြင်းလုပ်ငန်း
၉။ ခိုစာရောင်းချခြင်းလုပ်ငန်း

တင်ဒါပိတ်မည့်ရက် - ၂၀၁၄ ခုနှစ် မတ် ၂၅ရက် ညနေ ၁၅း၀၀ နာရီ

တင်ဒါပေးသွင်းရမည့်နေရာ - စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့ရုံး

မှတ်ချက် - တင်ဒါပုံစံတစ်စုံလျှင် ၁၅၀၀ိ/နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး၊ ရုံးအဖွဲ့မှူးထံတွင် အသေးစိတ်စုံစမ်းဝယ်ယူတင်သွင်းနိုင်ပါသည်။
- တင်ဒါပုံစံများကို ၂၀-၃-၂၀၁၄ရက်မှ စတင်ရောင်းချသွားပါမည်။

ဂေါပကအဖွဲ့
စွယ်တော်မြတ်စေတီတော် (ရန်ကုန်)
ဖုန်း-၆၆၄၄၉၈/၆၅၀၄၈၄

မိဘအမည်မှန်

လှိုင်းဘွဲ့မြို့နယ်၊ ကွမ်ဘီကျေးရွာအုပ်စု၊ ကွမ်ဘီ အထက(ခွဲ)တွင် ပညာသင်ကြားနေသော ပထမတန်းမှ နန်းသင်းသင်းမြင့်၊ စတုတ္ထတန်းမှ နန်းယုဇနမိုး၊ နဝမတန်းမှ နန်းစီစီမိုး၊ တက္ကသိုလ်ဝင်တန်းမှ စောဆန်းကျော်မိုးတို့၏ ဖခင်အမည်မှန်မှာ ဦးအေးသောင်း ၃/ဘအန(နိုင်)၂၉၁၆၄၁ နှင့် မိခင်အမည်မှန်မှာ ဒေါ်စန်းမြရီ ၃/ဘအန(နိုင်)၂၉၁၁၃၇ တို့ ဖြစ်ပါကြောင်း။

အလိုရှိသည်

သူနာပြုဆရာမ(အပြာဝတ်)
တစ်ဦး အလိုရှိသည်။
ညှိနှိုင်းလစာပေးမည်။
ဆက်သွယ်ရန်
ဖုန်း-၀၉-၈၅၇၅၁၁၃

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားခြင်း
အကြောင်းကြားစာ
(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
မကွေးခရိုင်တရားရုံး၊ ခရိုင်တရားမရုံး၌
၂၀၁၄ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၅
ကွယ်လွန်သူ ဦးအောင်မြင့်သိန်း၌ ကျန်ရှိသောပစ္စည်းအကြောင်း။

ဒေါ်ငွေးငွေးအောင် **လျှောက်ထားသူ**

ဈေးရပ်၊ နတ်မောက်မြို့နေ (ယခု ကျောက်ပန်းတောင်းမြို့နယ်စာရင်းစစ်ရုံး)နေ ဒေါ်ငွေးငွေးအောင်က ကွယ်လွန်သူ ဦးအောင်မြင့်သိန်း၏ဇနီးဖြစ်သည်ဟူ၍ ဈေးရပ်၊ နတ်မောက်မြို့နေ ၎င်းကွယ်လွန်သူ ဦးအောင်မြင့်သိန်းမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးအောင်မြင့်သိန်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် ဧပြီ ၄ရက် (၁၃၇၅ ခုနှစ် တန်ခူးလဆန်း ၅ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်ငွေးငွေးအောင်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် မတ် ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မြင့်ဆွေ)
ဒုတိယခရိုင်တရားသူကြီး (၂)၊ မကွေးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/တောင်၊ မြေကွက်အမှတ် ၉၁၆(က)၊ မြေကွက်တည်နေရာအမှတ် ၉၁၆(က)၊ မာန်ပြေ ၃လမ်းအရှေ့၊ (၂)ရပ်ကွက်၊ သာကေတမြို့နယ် ၁။ အမည်ပေါက် ဒေါ်နန်းခင်လေးစိန်၊ ၂။ ဒေါ်ကျင်နု ၃။ ဦးပြည်အေး အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်နန်းခင်လေးစိန်(အပျိုကြီး)ဘဝဖြင့် ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် ညီမဖြစ်သူ ဒေါ်ကြည်အေးမြိုင် ၁၂/သကတ(နိုင်)၀၁၂၁၇၅ မှလည်းကောင်း၊ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ကျင်နု (မိခင်)နှင့် ဦးသန်းတင်(ဖခင်)တို့ကွယ်လွန်သဖြင့် ၎င်းတို့၏အစုအတွက် သားသမီးများဖြစ်ကြသော ဒေါ်နန်းမြင့်မြင့်သန်း ၁၂/ပဇတ(နိုင်)၀၁၉၉၅၄၊ ဦးစနိုင်သန်း ၁၂/ပဇတ(နိုင်)၀၁၉၄၉၇၊ ဒေါ်နန်းစန္ဒာသန်း ၁၂/ပဇတ(နိုင်)၀၁၈၅၉၃တို့မှ ၎င်းတို့ကျန်အမည်ပေါက် ဦးပြည်အေး KTDA-၀၀၂၉၆၁ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅၂၆၂/၂၀၁၄၊ ၄၁၅၇/၂၀၁၄ရရှိသူ ဒေါ်နွယ်နွယ်ဝင်း ၁၂/သကတ(နိုင်)၀၈၃၂၀၂မှ သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြပြီး ပိုင်ဆိုင်စာချုပ် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၇၈၉၊ မြေကွက်တည်နေရာအမှတ် ၇၈၉၊ (၂၉)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ ဒေါ်ဝင်းကြည်စံ EE-၀၀၂၈၁၄ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ဝင်းကြည်စံ (အပျိုကြီးဘဝ)ဖြင့် ကွယ်လွန်သဖြင့် (၁) ဦးတင်ဝင်း ၉/လဝန(နိုင်)၀၃၄၀၅၆၊ (၂) ဦးဝင်းမြင့်နိုင် ၉/လဝန(နိုင်)၀၁၁၆၃၈၊ (၃)ဦးဝင်းတင့် ၁၂/ဗတထ(နိုင်)၀၁၃၇၁၁တို့က မောင်နှမတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၃၂/၁၃(၂၉-၈-၁၃)၊ ၁၁၃၃/၁၃(၂၉-၈-၁၃)၊ ၁၁၃၄/၁၃(၂၉-၈-၁၃)တို့ဖြင့် ကိုယ်စားလှယ်ရရှိသူ ဒေါ်ဆွေဇင်မြင့် ၁၂/လမန(နိုင်)၀၁၄၉၅၅ မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုရေးစီးပွားရေးကြော်ငြာ

ဘွဲ့ရဝန်ထမ်းအလိုရှိသည်

Angels Foods Trading Co., Ltd. တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိပါသည်။

(၁) **Marketing Executive** — ကျား/မ(၂)ဦး

(က) အသက်(၃၅)နှစ်အောက်ဖြစ်ရမည်။ ရုပ်ရည်သန့်ပြန့်ပြီး ဆက်ဆံရေးကောင်းမွန်ရမည်။

(ခ) Marketing လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိရမည်။

(ဂ) ကိုယ်တိုင်ဦးစီးဦးဆောင်လုပ်ကိုင်နိုင်ရမည်။ လုပ်ငန်းကိုအချိန်ပေးလုပ်ဆောင်နိုင်သူဖြစ်ရမည်။

(ဃ) ခရီးသွားနိုင်ရမည်။ အဆောင်နေနိုင်သူကို ဦးစားပေးမည်။

(၂) **Accountant** — ကျား/မ(၁)ဦး

(က) Peachtree-Software ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ အနိမ့်ဆုံးစာရင်းကိုင်လက်မှတ်ရရှိထားသူဖြစ်ရမည်။

(ခ) လုပ်ငန်းအတွေ့အကြုံ(၁)နှစ်ရှိရမည်။

အထက်ပါရာထူးများအတွက် လိုအပ်သည့်စာရွက်စာတမ်းပြည့်စုံစွာဖြင့် မိမိလျှောက်ထားလိုသောရာထူးကိုဖော်ပြ၍ ကြော်ငြာပါသည့်ရက်မှ (တစ်လ)အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။ ဖုန်းဖြင့်လည်း စုံစမ်းနိုင်ပါသည်။

Angles Foods Trading Co., Ltd.

အမှတ် ၄၁၊ အနော်ရထာလမ်း၊ နွယ်ခွေကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊

ဖုန်း-၀၉-၅၁၁၉၅၅၉၊ ၃၁၃၄၅၄၃၉၊ ၆၈၀၅၃၃၅

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

ကွန်ပျူတာကျွမ်းကျင် — -ကျား/မ (၁)ဦး

- ဘွဲ့တစ်ခုခုရရှိပြီး (Adobe Pagemaker, Microsoft Office-Word, Excel, Powerpoint, Adobe Photoshop, Internet & Email) ကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ နှစ်နှစ်ရှိရမည်။
- အသက် (၂၅-၃၅)နှစ်ကြားရှိရမည်။
- လျှောက်ထားလိုသူများသည်

ကိုယ်ရေးအချက်အလက် (CV Form)၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ တစ်လအတွင်းရိုက်ကူးထားသော ကာလာဓာတ်ပုံသုံးပုံ၊ သန်းခေါင်စာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာတို့ဖြင့် ၃၁-၃-၂၀၁၄ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်

အခန်းအမှတ် (၉၀၂)၊ အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊

လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၁၈၄၅၁၊ ၀၁-၂၃၀၀၁၅၉

ဝန်ထမ်းအလိုရှိသည်

(၁) **စတိုးဆိုင်အရောင်းဝန်ထမ်း** — မ(၅)ဦး

နယ်မှလာသူ ဦးစားပေးမည်။ နေ/စား စရိတ်ငြိမ်း စီစဉ်ပေးမည်။

မြို့ထဲမှ လုပ်ချင်သူများ လည်းလျှောက်ထားနိုင်သည်။

(၂) **အလှပြင်ဆိုင်အလုပ်သင်ဝန်ထမ်း** — မ(၅)ဦး

(အလှပြင်လုပ်ငန်းကို စိတ်ပါဝင်စားသူဖြစ်ရမည်။ နေ/စား စရိတ်ငြိမ်း စီစဉ်ပေးမည်။)

အလုပ်လျှောက်ထားသူများသည် ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ(မရှိက)ထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူ၊ ကိုယ်ရေးရာဇဝင်အပြည့်အစုံနှင့် အောက်ဖော်ပြပါ လိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

လျှောက်ထားရန်လိပ်စာ — **A-1၊ ကန်လမ်း၊ လှိုင်မြို့နယ်၊**

လမ်းညွှန်မေးရန်အတွက် ဖုန်း — ၀၁-၅၂၅၃၃၀

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းဌာန(ရန်ကုန်)တွင် ဖွင့်လှစ်သွားပါမည်။

စဉ်	သင်တန်းအမျိုးအစား	အနည်းဆုံးပညာအရည်အချင်း
၁။	**ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့်၁)**	တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ
၂။	**ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့် ၁)**	တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ
၃။	**အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း(အဆင့် ၁)**	တက္ကသိုလ်ဝင်တန်း
၄။	**အစားအစာနှင့်အဖျော်ယမကာဧည့်ခံကျွေးမွေးရေး သင်တန်း(အဆင့် ၁)**	တက္ကသိုလ်ဝင်တန်း
၅။	**အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ရေး သင်တန်း(အဆင့် ၁)**	တက္ကသိုလ်ဝင်တန်း
၆။	**အရှေ့တိုင်းအစားအစာထုတ်လုပ်ရေးသင်တန်း (အဆင့် ၁)**	ဤသင်တန်းဌာနမှအခြေခံ (အဆင့်၁) အစားအစာ ထုတ်လုပ်ရေးသင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။
၇။	**ဟိုတယ်ဆိုင်ရာ ကြီးကြပ်ရေးသင်တန်း(အဆင့် ၂) (စီမံ/ဘဏ္ဍာ)**	- စီးပွားရေးပညာဘွဲ့ရရှိပြီးသူ (သို့)ဘွဲ့ တစ်ခုခုရပြီး စာရင်းကိုင်ပညာအခြေခံ ကျွမ်းကျင်သူ။
	(အခန်းဌာန)	- တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခု အောင်မြင်ပြီးသူ(သို့) တစ်နှစ်လုပ်ငန်း အတွေ့အကြုံရှိသူဖြစ်ရပါမည်။
	အစားအစာနှင့်အဖျော်ယမကာဌာန	

သင်တန်းကာလ။ ။ ၂၈-၄-၂၀၁၄ရက်မှ ၂၀-၆-၂၀၁၄ရက်အထိ

သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံတစ်ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာပူးတွဲတင်ရမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန

ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၄၈၃၆

Htike Sin Co., Ltd

ဝန်ထမ်းအလိုရှိသည်။

အမှတ်(၃)၊ ရတနာမွန်(၄)လမ်း၊ အမှတ်(၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - [illegible]

(၁)	Marketing (မှုချုပ်) (Bored Pile, Engineer)	ကျား/မ (၃)ဦး
(၂)	Office Staff (မှုချုပ်)	ကျား/မ (၃)ဦး
	လှိုင်သာယာတွင်လုပ်ကိုင်ရန်	
(၃)	Engineer (Mechanical) (စက်ပြင်ကျွမ်းကျင်)	(၄)ဦး
(၄)	Welder ကျွမ်းကျင်	(၂)ဦး
(၅)	Office Staff	ကျား/မ (၃)ဦး
(၆)	Dump ကားမောင်းကျွမ်းကျင်	(၅)ဦး
(၇)	[illegible]	(၃)ဦး

(နိုင်ငံခြားတွင်လုပ်ကိုင်ဖူးသူ အသေးစိတ်အတွေ့အကြုံရှိသူ

Precast အတွေ့အကြုံရှိသူ လစာ US 2000 နှင့်အထက်)

[illegible]

Engineering Assistants, Field Technicians
နှင့် Operators များ အမြန်အလိုရှိသည်

- Mechanical Power, Electrical Power ရှိ B.E, B.Tech, A.G.T.I ဘွဲ့ရ [illegible] Industries [illegible]
- Diesel Engines, Large Gen-Sets, Gas Engines & Turbine [illegible]
- Work Instruction [illegible] English [illegible]
- Computer အခြေခံ E-mail နှင့် Word, Excel တို့ အသုံးပြုနိုင်ရမည်။
- [illegible] EHS [illegible]
- Interview [illegible]

(I)	Electrical Engineering Assistant/Field Technician	3 post
(II)	Mechanical Engineering Assistant/Field Technician	3 post
(III)	Mechanical/Electrical Operator	6 post

*** Attractive Remuneration Package for all positions ***

REGAL Myanmar Industrial & Systems Engineering

E-mail : regalmyanmarhr@gmail.com

Phone : 09 315 694 75

CV ပို့ရန်လိပ်စာ - [illegible]

- [illegible]
- [illegible]

အမည်ပြောင်းခြင်း

တောင်ကုတ်မြို့၊ အထက(၁)၊ သတ္တမတန်း(A)မှ မောင်ဇေယျာညီညီ(ဘ) ဦးတင်ကြည်အား ယနေ့မှစ၍ မောင်စစ်ဇေယျာထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်စစ်ဇေယျာထွန်း**

Naung Yoe Technologies Co.,Ltd.

(ပြည်တွင်း သာခန့်ထားရန်)

၁။ **Engineering Manager** — ကျား/မ(၁)ဦး

- BE(EP,EC,IT)နှင့် [illegible] IT နှင့် Engineering Knowledge [illegible] Teamwork [illegible]
- English နှင့် Computer [illegible]

၂။ **Technician** — ကျား/မ(၃၀)ဦး

- [illegible] Diploma [illegible]

၃။ **Networking Engineer** — ကျား/မ(၁)ဦး

- BE(IT),B.C.S.C [illegible] Networking Knowledge [illegible] Teamwork [illegible]

၄။ **Marketing Manager** — ကျား/မ(၁)ဦး

- [illegible] Marketing Diploma [illegible]
- [illegible]
- English နှင့် Computer [illegible]
- Marketing Plan [illegible]

၅။ **Marketing Staff** — ကျား/မ(၂၀)ဦး

- [illegible]
- Computer [illegible]

၆။ **Chief Accountant** — ကျား/မ(၁)ဦး

- CPA သို့မဟုတ် ACCA [illegible]
- [illegible]
- Accounting Software [illegible]

၇။ **Accountant** — ကျား/မ(၃)ဦး

- B.Com သို့မဟုတ် LCCI (Level 3) [illegible]
- [illegible]

၈။ **Admin Staff** — ကျား/မ(၁)ဦး

- [illegible]
- [illegible]
- [illegible] CV Form [illegible]

[illegible]

GREAT MASTER CONSTRUCTION CO.,LTD မှ

ကွန်ဒိုမီနီယံအဆောက်အအုံများဆောက်လုပ်ရန်အတွက် P.A.E ကန်ထရိုက်တာများ အလိုရှိသည်။

(က) သံချည်၊ သံကွေးလုပ်ငန်း

(ခ) လက်သမားလုပ်ငန်း

(ဂ) ပန်းရန်လုပ်ငန်း

လျှောက်လွှာများကို ၂၅-၃-၂၀၁၄ရက် နောက်ဆုံးလာရောက် လျှောက်ထားနိုင်ပါသည်။ အထက်ဖော်ပြပါလုပ်ငန်းများ လုပ်ကိုင်ရန်လျှောက်ထားလိုသူများသည် မိမိတို့လုပ်ငန်းနှင့်ပတ်သက်သည့် လုပ်ငန်းအတွေ့အကြုံများဖော်ပြရန်နှင့် မိမိတို့လုပ်ကိုင်လိုသည့် လုပ်ငန်းအမျိုးအစား P.A.E ဈေးနှုန်းဖြင့် ဖော်ပြ၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

(ဆက်သွယ်ရန်လိပ်စာ)

အမှတ် ၁၃၃၊ အခန်းအမှတ်(G-1)၊ မြေညီထပ်၊ လမင်းသာယာ ကွန်ဒို၊ ရှီးမဘဏ်ဘေးစက်ရုံလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၁-၉၀၀၀၀၃၃၊ ၀၉-၇၃၂၂၄၆၂၄

အမည်ပြောင်း

လှိုင်ကော်မြို့၊ အထက(၁)၊ သတ္တမတန်းမှ မောင်ဝေယံမန်းအောင် ၂/လကန(နိုင်)၁၀၇၈၇၁ အား ယနေ့မှစ၍ မောင်အောင်ကောင်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ကောင်းမြတ်**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စိုက်မွေး ၁၊ မြေကွက်အမှတ်(၄၅)၊ မြေကွက်တည်နေရာအမှတ် ၄၅၊ စိုက်မွေး(၁)၊ ဆင်ဖြူရှင်လမ်း၊ ဒဂုံတောင်၊ ဦးအောင်ကြီး ၁၂/လကန(နိုင်)၀၅၅၉၇၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်ကြီးကွယ်လွန်၍ ဒေါ်မြကြည် ၁၂/လကန(နိုင်)၀၅၉၃၈၄ မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာတင်ပြပြီး ၎င်းထံမှ GP No. ၆၀၀/၇-၁-၂၀၁၄ ဖြင့် ရရှိသူ ဦးမင်းဇော်နိုင်ထွန်း ၁၂/သဃက(နိုင်)၀၂၅၅၇၈ မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄(ဘီ)၊ မြေကွက်အမှတ်(၂၀)၊ မြေကွက်တည်နေရာအမှတ် ၂၀၊ ချွန်း၂လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးသိန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဖခင်ဦးသိန်း၊ မိခင်ဒေါ်စန်းတင် သားတစ်ဦးဖြစ်သူ ဦးကျော်ဝင်း (လူပျိုကြီးဘဝဖြင့်) ကွယ်လွန်သဖြင့် ဒေါ်သိန်းဉ ၁၂/သဃက(နိုင်)၁၃၃၁၂၁၊ ဒေါ်မြမြအေး ၁၂/မရက(နိုင်)၀၁၂၂၄၉၊ ဦးမြင့်အောင် ၁၂/မဂတ(နိုင်)၀၅၃၄၂၈၊ ဒေါ်ယဉ်ယဉ်နွယ်၁၂/မဂတ(နိုင်) ၀၅၃၂၁၆၊ ဦးသန်းဦး ၁၂/မဂတ(နိုင်) ၀၉၉၀၃၄ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စီးပွားရေးနှင့် လူမှုရေးကြော်ငြာ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
တောင်ကြီးခရိုင်တရားမရုံး၌
၂၀၁၃ ခုနှစ် တရားမကြီးအမှုအမှတ် ၁၆၆

ဦးခင်မောင်လတ် ပါ-၅ **နှင့်** ဒေါ်မိမိလေး ပါ-၈
တရားလိုများ **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၄၃ လမ်း၊ မြေညီထပ်၊ အမှတ် ၇၆ နေ ဒေါ်မာရီသန်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက အောင်ပန်းမြို့၊ အကွက်အမှတ်(၂၃)၊ အကွက်အမည် ရပ်ကွက်(၄)၊ မြေကွက်အမှတ်(၁၂)၊ ဦးပိုင်အမှတ်(၈)မြေကွက်ကို မြွက်ဟ ကြေညာပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် မတ် ၂၈ ရက် (၁၃၇၅ ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် မတ် ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဟန်သိန်း)
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစောဘသောင်း

အသက်(၈၄)နှစ်

ဒေါ်မေဖဲ-(ဦးယောဟန်)၊ ဦးသိန်းတန်-နော်လေးဒီယာတို့၏ ညီ/မောင်၊ (ဦးစောမဲရှု)-ဒေါ်ခင်တိုး၊ (ဦးစောမြတ်နိုး)-ဒေါ်ဂျူလီ၊ (ဦးစောတာကပေါ)-ဒေါ်နော်ကသွီး၊ ဦးစောလိုင်းနယ်-(ဒေါ်တင်ရွှေ)၊ ဦးစောကျော်မင်း၊ နော်ဒီးဖောစိုး တို့၏အစ်ကို၊ (ဦးစောကလယ်အယ်)-နော်စေးလယ်၊ ဦးစောစေးစေး-နော်အဲအယ်၊ ဒေါက်တာဦးစောကလယ်ခူ-ဒေါက်တာနော်မေရီဖော၊ (စောသောတူတူး)၊ နော်အယ်သီဖော၊ နော်ဆာယူဖော-ဦးစောဒါဝိ၊ စောလားကပေါ-နော်နှင်းဝေဝေချစ်၊ စောကပေါထူး-ဒေါ်သီရိထွန်းဝင်းတို့၏ဖခင်၊မြေး ၁၂ယောက်၊ မြစ်လေးယောက် တို့၏အဘိုး၊ (ဒေါ်နော်အုန်းကြည်) ၏ခင်ပွန်းသည် ၁၅-၃-၂၀၁၄ ရက်(စနေနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၇-၃-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ဆပ်သွားတောကရင်နှစ်ခြင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ဆပ်သွားတော စမ်းချောင်း ကရင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်၍ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ရီ(ဒေါ်လော်ဂျင်းရီ)

အသက်(၉၉)နှစ်

မန္တလေးမြို့နေ ဦးရစ်ချက်(စ်) (ခ) ဦးစိန်ကြည်(Stage Line- မန်နေဂျင်းဒါရိုက်တာ)-ဒေါ်နန်းမေကြည်တို့၏ ချစ်လှစွာသောမွေးမိခင်ကြီးသည် ၁၁-၃-၂၀၁၄ ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။ **Stage Line နှင့် ES4E မှ ဆရာမများ၊ ဝန်ထမ်းများ**

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ရှုကီ(ကျောက်တံခါးမြို့)

အသက်(၈၈)နှစ်

ရန်ကုန်မြို့နေ ဦးဉာဏ်ဝင်း-သုဓမ္မသိင်္ဂီဒေါ်အေးအေးမာ (သူရိယစန္ဒာဝင်း ကုမ္ပဏီလီမိတက်)တို့၏မိခင် ဒေါ်ရှုကီသည် ၁၄-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးသန်းမြင့်၊ ဦးကြင်စော၊ ဦးအေးကို၊ ဦးလှမြင့်၊ ဦးဖိုးချို၊ ဒေါက်တာထင်ပေါ်၊ ဒေါက်တာစန်းနိုင်၊ စိုင်းစံတစ်၊ စိုင်းမြင့်သိန်း၊ စိုင်းကျော်လင်းလတ်၊ ဦးရဲစိန်၊ ဦးဇော်ဝင်းချမ်း၊ ဦးသန့်ဇင်၊ ဦးတင်လှ၊ ကိုပေါက်၊ ကိုသန်းမြင့်လေး၊ ကိုသန့်ကျော်မြ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
စစ်တွေခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၂

ဦးဇော်ဝင်း **နှင့်** ဦးအောင်ကျော်လှ(ခ)ဦးလှရွှေ
တရားလို **တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဦးအောင်ကျော်လှ(ခ)ဦးလှရွှေ၊ အမှတ် (၆၄)၊ မြေညီထပ်၊ အင်းဝလမ်း၊ ကျောက်မြောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဇော်ဝင်းက ပုစွန်ရောင်းကြေးငွေကျပ် -၁၄၉၉၈၃၆၅/- ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဧပြီ ၄ရက် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် မတ် ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်ထူး)
ဒုတိယခရိုင်တရားသူကြီး
